The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (7-9-2014) (၇၉၅၆)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စစ် ဒဲလ်မား ဗာနာ ရိုးဆပ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတတို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

# ဆွစ်ဇာလန်နိုင်ငံက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကန်ဒေါ်လာ ၁၆၄ သန်း ကူညီမည်

**ဆွစ်ဇာလန်နိုင်ငံတွင် ပုဂံနှင့် ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာပြပွဲ ကျင်းပနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး။**

**ဘန်း စက်တင်ဘာ ၆**

ဆွစ်ဇာလန်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ သမ္မတအိမ်တော် Lohn Manor ဧည့်ဂေဟာ၌ ကျင်းပသည့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Didier Burkhalter က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်သည်။


နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဆွစ်ဇာလန်နိုင်ငံသမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတတို့သည် သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကို Grand Salon တွင် ဆက်လက်ကျင်းပသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးကြစဉ် သက်မွေးပညာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှု၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် လွတ်လပ်ပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**



ကြေးမုံ စာတည်းရှုထောင့် ၇-၉-၂၀၁၄၊ တနင်္ဂနွေနေ့

# လူတိုင်းကိုယ်စီ စာတတ်မည်

လူမှုဘဝနယ်ပယ်၌ အောင်မြင်မှုရရှိစေရန်မှာ စာပေဗဟုသုတကြွယ်ဝခြင်းသည် ပဓာနကျသောအချက် ဖြစ်ပါသည်။ စာပေဗဟုသုတကြွယ်ဝရန်အတွက် စာဖတ်ဖို့လိုသလို စာတတ်မြောက်ဖို့လည်းလိုပါသည်။ ထို့အတူ စာတတ်မြောက်သူ၊ စာဖတ်သူများသော နိုင်ငံတစ်နိုင်ငံသည်လည်း တိုးတက်ခေတ်မီသောနိုင်ငံဖြစ်လာမည်မှာ မလွဲဧကန်အမှန် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် စာတတ်သူနှင့် စာဖတ်သူများ တိုးပွားလာစေရေးကြိုးပမ်းလုပ်ဆောင်နေသည်ကို မြင်တွေ့နေရသည်။ မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ လေ့လာလိုက်စားဖွယ်ရာ အသိပညာ၊ အတတ်ပညာများလည်း တိုးပွားလာသည်ကို တွေ့ရပါသည်။ ထိုပညာရပ်များကို လိုက်စားနိုင်ရန်အတွက် စာတတ်မြောက်ရန် လိုအပ်လာသည်ဖြစ်ရာ နိုင်ငံတော်က မူလတန်းပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရရှိစေရန် ဖန်တီးဖော်ဆောင်ပေးနေပါသည်။

အထူးသဖြင့် ကျေးလက်ဒေသနှင့် ရပ်ရွာများတွင် အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် စာမတတ်သူများရှိခဲ့ရာ ခေတ်အဆက်ဆက်အုပ်ချုပ်သူများက စာတတ်မြောက်စေရန် ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအခါ ကျေးလက်တောရွာများပါမကျန် စာမတတ်သူများ မရှိသလောက်နည်းပါးသွားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မကြာမီရောက်ရှိတော့မည့် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်ပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကုလသမဂ္ဂယူနက်စကိုအဖွဲ့က ၁၉၆၅ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ယနေ့ထက်တိုင် စာတတ်မြောက်ခြင်းအထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးနေပါသည်။

အခြေခံစာတတ်မြောက်ရေးနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံသည် အခြားမဖွံ့ဖြိုးသေးသော နိုင်ငံများနှင့်နှိုင်းစာပါက စာတတ်မြောက်မှုနှုန်းမြင့်မားသော နိုင်ငံဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာမင်းများလက်ထက်ကတည်းက ဘုန်းတော်ကြီးသင်စာပေသင်ကြားမှု အကျိုးကျေးဇူးများကြောင့် စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိပင် ရှိခဲ့ပါသည်။ နယ်ချဲ့လက်အောက်ကျရောက်သောအချိန်တွင် စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရပါသည်။

ထို့နောက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိလာသောအခါ အဆိုပါကျဆင်းသွားသော မြန်မာတို့၏ စာမတတ်မြောက်မှုများ ပပျောက်စေရန်အတွက် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ပြန်လည်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများသည် ရှေးဦးကာလကတည်းက မြန်မာတို့၏ နိုးကြားတက်ကြွသောစိတ်ဓာတ်ဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုအချိန်မှစ၍ လူထုပညာရေးသင်တန်းများ၊ 'အ'သုံးလုံးသင်တန်းများ၊ ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို စတင်ဖော်ဆောင်လှုပ်ရှားဆောင်ရွက်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်မားတိုးတက်လာသည်ဟုသိရှိရပါသည်။ ၁၉၆၄ ခုနှစ်မှစတင်၍ စာတတ်မြောက်ရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စေတနာရှင်လုပ်အားပေးလူငယ်များ၏ အင်အားနှင့် ဖြန့်ကြက်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုအတွက် ယူနက်စကိုအဖွဲ့က ၁၉၇၁ ခုနှစ်တွင် 'မိုဟာမက်ရီဇာပါလာဗီ' ဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် 'နိုမာ'ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သည်။

ယခုအခါ သက်ကြီးစာတတ်မြောက်မှုနှုန်း ပြည့်စုံလုံလောက်ရုံသာမက သက်ငယ်စာတတ်မြောက်မှုနှုန်းမြင့်မားစေရန်အတွက် မသင်မနေရ အခမဲ့မူလတန်းပညာရေးကိုပါ ဆောင်ရွက်ပေးနေသောကြောင့် မြန်မာနိုင်ငံသည် မကြာမီကာလတွင် လူတိုင်းစာတတ်မြောက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးလုပ်ငန်းစဉ်တွင် တက်ညီလက်ညီဖြင့် ပါဝင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ဒုတိယဝန်ကြီး ဦးပိုက်ထွေး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့မှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အောက်ဝဲပုံ)**



ယင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာသပ်ရပ်မှု အခြေအနေ၊ သီးပင်စားပင်၊ ပန်းအလှပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ နေအိမ်ခန်းများ သန့်ရှင်းမှုအခြေအနေ၊ ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှုရှိ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲများ၊ နေရာထိုင်ခင်း အဆင်ပြေချောမွေ့မှု ရှိ၊ မရှိအခြေအနေများကို မေးမြန်း၍ စည်းစနစ်တကျ နေထိုင်သွားရေးကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လူးဝစ်ဇ် အယ်လ်ဘာတို ဖီဂိုရေဒိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**




# အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဆင်း

**ဟားခါး စက်တင်ဘာ ၆** - ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းဆင်းပွဲကို ဟားခါးမြို့ ပြည်နယ်ဦးစီးဌာနမှူးရုံး၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးရှိန်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး စစ်ရေးပြထူးချွန်ဆုနှင့် ဘာသာရပ်(ပထမ၊ ဒုတိယ၊ တတိယ)ဆုများ ချီးမြှင့်ကာ ဟားခါးမြို့အခြေချစစ်ဗျူဟာအဖွဲ့မှ စစ်ရေးပြဆရာများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဒုတိယပြည်နယ်ဦးစီးမှူး၊ ဟားခါးခရိုင်မှူးနှင့် ဟားခါးမြို့နယ်မှူးတို့က သင်တန်းသားတစ်ဦးချင်းစီအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကောင်းနန္ဒကျော်(တမူး)**






ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဓိကကဏ္ဍ (၁၂)ရပ်တို့တွင်လည်း အောင်မြင်မှုများ မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ရာသီဥတု ပထဝီဝင်အနေအထားများ နီးစပ်မှုရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်သော အလားအလာကောင်းများရှိပါကြောင်း၊ အခြေခံအဆောက်အအုံများ၊ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဘဏ်နှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ဦးစွာလိုအပ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးအား အချိန်မီပြင်စွာဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Nguyen Sinh Hung နှင့်အတူ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗီယက်နမ်-မြန်မာ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ Mr. Cao Duc Phat၊ ဗီယက်နမ်-မြန်မာလွှတ်တော်ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Nguyen Manh Tien နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Nguyen Sinh Hung တို့ တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Nguyen Sinh Hung ၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော် ကာကွယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့မှ စက်တင်ဘာ ၅ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင်ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယအကြီးအကဲ၊ ဗီယက်နမ်-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr.Nguyen Manh Tien နှင့် ဗီယက်နမ် အမျိုးသားလွှတ်တော်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs.Pham Thi Bich Ngoc နှင့်တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ်ညွှန့်ဆွေနှင့်ဇနီး၊ သံရုံးဝန်ထမ်းမိသားစုများက Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခေတ္တတည်းခိုမည့် Sofitel Plaza Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# မုံရွာမြို့ ကိုယ်ပွားသတင်းစာတိုက် မြေသန့်နှင့် ပန္နက်တင်မင်္ဂလာကျင်းပ

**မုံရွာ စက်တင်ဘာ ၆**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေသော နေ့စဉ်ထုတ်ရောင်စုံသတင်းစာများကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာဖတ်ရှုနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)တည်ဆောက်မည့် မြေနေရာတွင် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက်နံနက်ပိုင်းက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ သတင်းစာတိုက်မြေနေရာ၌ ကျင်းပသည်။ မြေသန့်မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားတော်မူခြင်းကို မုံရွာမြို့ ဥက္ကံတောရစာသင်တိုက်ဆရာတော် ဦးမာနိတ အရှင်သူမြတ် အမှူးပြုသော ဆရာတော်သံဃာတော်များက ရွတ်ပွားတော်မူကြပြီး မင်္ဂလာအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်ထွန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာတည်းမှူး ဦးညွန့်ဇော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးခိုင်မင်းကျော်နှင့် ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)တာဝန်ခံအရာရှိ ဦးသိန်းစိုးတို့က သတ်မှတ်မြေနေရာအသီးသီးတွင် ပန္နက်စိုက်ထူကာ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း၍ ပန္နက်တင်မင်္ဂလာကို အောင်မြင်စွာ ကျင်းပခဲ့သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေသော နေ့စဉ်ထုတ်ရောင်စုံသတင်းစာများကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ဒေသခံများ အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ဖတ်ရှုနိုင်ရန်ရည်ရွယ်၍ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သတင်းစာကိုယ်စားလှယ်များ၊ ဒေသခံသတင်းစာဖတ်ပြည်သူများနှင့် တွေ့ဆုံပွဲ၌ တင်ပြတောင်းဆိုချက်အရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး သတင်းစာတိုက် စက်ရုံအဆောက်အအုံကို အင်ကြင်းသွေးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

သင့်စီးပွားရေးအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့






# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ်ရောက်ရှိ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် တွေ့ဆုံဆွေးနွေး



စက်တင်ဘာ ၆ ရက်က ဒါကာရှိ နိုင်ငံတကာလေဆိပ်၌ ဝန်ကြီးချုပ် အာဘေးအား ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ကြိုဆိုနှုတ်ဆက်စဉ်။

ဒါကာ စက်တင်ဘာ ၆

**ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာသို့ စက်တင်ဘာ ၆ရက်တွင် ရောက်ရှိလာသည်။ ဂျပန်ဝန်ကြီးချုပ် တစ်ဦးအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ခြင်းသည် ဆယ်စုနှစ်တစ်စုကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။**

ဝန်ကြီးချုပ် အာဘေးလိုက်ပါလာသော အထူးလေယာဉ်သည် မြို့တော်ဒါကာရှိ ဟာဇရတ်ရှားဂျလား နိုင်ငံတကာလေဆိပ်သို့ မွန်းလွဲ ၁နာရီတွင် ဆိုက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ကြိုဆို နှုတ်ဆက်ခဲ့သည်။ အာဘေးနှင့်အတူ အဖွဲ့ဝင် ၁၅၀ ကျော်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာခဲ့သည်။

ဝန်ကြီးချုပ် အာဘေးသည် သီရိလင်္ကာ နိုင်ငံသို့ ဆက်လက်မသွားရောက်မီ မြို့တော် ဒါကာ၌ ၂၂နာရီခန့် နေထိုင်မည် ဖြစ်သည်။ ၎င်းသည် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ နှင့် စက်တင်ဘာ ၆ရက်တွင် တွေ့ဆုံဆွေးနွေး မည်ဖြစ်ပြီး မြို့တော်ကိုလံဘို၌ သီရိလင်္ကာ သမ္မတ မဟိန္ဒြာရာဇာပက်ဆေးနှင့် စက်တင်ဘာ ၇ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကူအညီအများဆုံး ပေးနေသည့် နိုင်ငံဖြစ်သည်။ ဝန်ကြီးချုပ်အာဘေးသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံလွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသော စစ်သူရဲကောင်းများအား ဂုဏ်ပြုသည့် အနေဖြင့် တည်ဆောက်ထားသည့် အာဇာနည် ဗိမာန်သို့လည်းကောင်း၊ဘန်ဂါဘန်ဒူး ရှိတ်မူဂျီ ဘာရာမန်၏ ဂူဗိမာန်သို့လည်းကောင်း သွား ရောက်ခဲ့ပြီး ဂျပန်-ဘင်္ဂလားဒေ့ရှ် စီးပွားရေး ဖိုရမ်တွင် မိန့်ခွန်းပြောကြားခဲ့သည်။

**ပီတီအိုင်။**

# ယူကရိန်းအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲမှု ကုလနှင့် ဥရောပသမဂ္ဂ ကြိုဆို

**နယူးယောက် စက်တင်ဘာ ၆**

ကမ္ဘာ့ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂအဖွဲ့ တို့ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများ သည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အပစ် အခတ်ရပ်စဲမှု ပြုလုပ်ရန် သဘောတူညီမှု ရရှိခြင်းကို ကြိုဆိုခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၆ရက် တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရေး အတွက် ပဏာမခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း၊ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံများက သတိရှိရှိဖြင့် ကြိုဆိုကြ ကြောင်း ယူကရိန်းအရေး ခွဲခြမ်းစိတ်ဖြာ လေ့လာသူများက ပြောကြားကြသည်။

ယူကရိန်းအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲ ရန် သဘောတူညီချက်ပေါ်လာခြင်းသည် စက်တင်ဘာ ၄ ရက်က ဘယ်လာရုစ်နိုင်ငံ မြို့တော် မင့်စ်မြို့၌ ကျင်းပခဲ့သော ယူကရိန်း သံတမန်များ၊ ခွဲထွက်ရေးလှုပ်ရှားမှု ခေါင်း ဆောင်များ၊ ရုရှားကိုယ်စားလှယ်များ၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး) ကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲရလဒ်နှင့် ဆက်နွှယ်နေသည်ဟု ဆိုသည်။ ယခုနှစ်မတ်လအတွင်းက ယူကရိန်း အရှေ့ပိုင်းဒေသ၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု များကြောင့် လူပေါင်း ၂၀၀၀ ထက်မနည်း သေဆုံးခဲ့ရပြီး သွေးထွက်သံယိုမှုများ အဆုံး သတ်တော့မည့် မျှော်လင့်ချက်ကို စတင် တွေ့မြင်လာရကြောင်း သတင်းတွင် ဖော်ပြ သည်။

**ဆင်ဟွာ။**



ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲ လိုက်ပြီးနောက် အစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# အယ်လ်ရှာဘတ်အဖွဲ့ခေါင်းဆောင် သေဆုံးမှု အမေရိကန် ပင်တဂွန် အတည်ပြုပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၆**

စက်တင်ဘာ ၅ရက်က မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ဆိုမာလီ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ ခေါင်း ဆောင် အာမက်အဗ္ဗဒီဂိုဒိန်း သေဆုံးသွား ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဌာနက စက်တင်ဘာ ၅ရက်တွင် အတည်ပြု ပြောကြားသည်။

အယ်လ်ရှာဘတ်အဖွဲ့ ခေါင်းဆောင်အား ချေမှုန်းသုတ်သင်နိုင်ရေးအတွက် ဆိုမာလီယာ နိုင်ငံတွင်းရှိ ပစ်မှတ်များကို အမေရိကန် မောင်းသူမဲ့လေယာဉ်များက ယခုရက်သတ္တပတ် အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ် ခဲ့သည်။

အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ခေါင်း ဆောင် သေဆုံးခြင်းသည် ယင်းအဖွဲ့၏ အရေးကြီးဆုံးပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးရခြင်း၏ ပြယုဂ်ဖြစ်ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်နေသည့် စစ်သွေးကြွအဖွဲ့များက ပြောကြားသည်။

မိမိတို့အနေဖြင့် ဆိုမာလီ အယ်လ်ရှာ ဘတ်အဖွဲ့ ခေါင်းဆောင် အာမက်ဂိုဒိန်း သေဆုံးပြီဟု အတည်ပြုကြောင်း အမေရိကန် နိုင်ငံ ပင်တဂွန်စစ်ဌာနချုပ်မှ သတင်းထုတ်ပြန် ရေး အတွင်းဝန် ရေတပ်ဗိုလ်ချုပ် ဂျွန်ကာဘီက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အမေရိကန် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် သေဆုံးသွားသူ ဂိုဒိန်း သည် ၂၀၀၈ခုနှစ် ကတည်းကပင် ဆိုမာလီ နိုင်ငံတွင်းနှင့် အခြားဒေသများ၌ ဗုံးဖောက် ခွဲတိုက်ခိုက်မှုများနှင့် အသေခံ တိုက်ခိုက်မှု များအတွက် စီစဉ်ညွှန်ကြားခဲ့သူဖြစ်သည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိ သော စစ်သွေးကြွခေါင်းဆောင်တစ်ဦးအဖြစ် သတ်မှတ်ခံရပြီး ယမန်နှစ် စက်တင်ဘာ ၂၁ ရက်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်ရှိ ဗက်စ်ဂိတ်ကုန်တိုက် တိုက်ခိုက်ခံရမှုတွင် စီစဉ် ညွှန်ကြားခဲ့သူဖြစ်ကြောင်း သတင်းတွင်ဖော်ပြ သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၆၇ ဦး သေဆုံးခဲ့ရသည်။

**ရိုက်တာ။**



ဆိုမာလီနိုင်ငံ၌ လုံခြုံရေးဆောင်ရွက်နေသော အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# သြစတြေးလျနှင့် အိန္ဒိယ ယူရေနီယံရောင်းချရေး စာချုပ် လက်မှတ်ရေးထိုးပြီးပြီဟုဆို

**နယူးဒေလီ စက်တင်ဘာ ၆**

အရပ်ဘက် နျူကလီးယား အစီအစဉ်များ တွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံသို့ ယူရေနီယံရောင်းချရေး သဘောတူစာချုပ်ကို သြစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဟိန္ဒူ စတန်တိုင်း(မ်)သတင်းစာက ယနေ့ဖော်ပြ သည်။

အိန္ဒိယနိုင်ငံ၏ ကာလရှည်ကြာကပင် စွမ်းအင်မလုံလောက်မှုကို ကူညီသည့်အနေဖြင့် သမားရိုးကျလောင်စာများ တိုးမြှင့်ထောက်ပံ့ ပေးရန်လည်း ၎င်းက ကမ်းလှမ်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် နျူကလီးယားမပြန့်ပွားရေး စာချုပ်ကို လက်မှတ်ရေးထိုးခြင်းမပြုသော် လည်း ၎င်း၏နျူကလီးယားအစီအစဉ်ကို နိုင်ငံ တကာက လက်ခံမှုရရှိရေးအတွက် ဤယူရေ နီယံစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းက နောက်ထပ် ခြေတစ်လှမ်း လှမ်းနိုင်ခြင်း ဖြစ်သည်။

အလားတူ သဘောတူစာချုပ်များကို အမေရိကန်ပြည်ထောင်စုနှင့် လည်းကောင်း၊ ပြင်သစ်နိုင်ငံနှင့်လည်းကောင်း အိန္ဒိယက ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ယူရေ နီယံရောင်းချရေးစာချုပ်ကို လက်မှတ်ရေးထိုး ပြီးနောက် သြစတြေးလျဝန်ကြီးချုပ်က ၎င်းတို့ သည် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကိုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံသည် အခြားနယ်ပယ်များ၌ ဆောင်ရွက်နေသကဲ့သို့ နျူကလီးယားနယ်ပယ်၌လည်းမှန်ကန်တည့်မတ် စွာ ဆောင်ရွက်မည်ဟု ယုံကြည်၍ဖြစ်ကြောင်း သတင်းထောက်များအား သောကြာနေ့တွင် ပြောခဲ့သည်။ သြစတြေးလျနိုင်ငံက အိန္ဒိယ နိုင်ငံသို့ ယူရေနီယံရောင်းချခြင်းကို တားမြစ် ပိတ်ပင်ထားမှုအား ရုပ်သိမ်းပြီးနောက် အရပ် ဘက် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု ရရှိရန် လွန်ခဲ့သည့် နှစ်နှစ် ခန့်မှစ၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယသည် နျူကလီးယားမပြန့်ပွားရေး စာချုပ်ကို လက်မှတ်ရေးထိုးခြင်းမပြုပါဘဲလျက် နှင့် သြစတြေးလျထံမှ ယူရေနီယံဝယ်ယူသော ပထမဆုံးဖောက်သည်နိုင်ငံဖြစ်သည်။

အဆိုပါစာချုပ်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများနှင့် နျူကလီးယားလှုပ်ရှားသူ များက ဝေဖန်ကြသော်လည်း သြစတြေးလျ ယူရေနီယံတူးဖော်ရေးကုမ္ပဏီ “တိုရိုအင်နာရီ” က ကြိုဆိုလိုက်သည်။ **ဟိန္ဒူစတန်တိုင်း(မ်)။**

# အမ်အိပ်ချ်-၃၇၀ လေယာဉ်ပျက် ရှာဖွေရေး သြစတြေးလျနှင့် မလေးရှား ငွေကြေးထည့်ဝင်မည်

**ကွာလာလမ်ပူ စက်တင်ဘာ ၆**

မလေးရှားလေကြောင်းဌာနမှ ပျောက်ဆုံးနေသော ခရီးသည်တင်လေယာဉ်အား ပင်လယ် ရေအောက်၌ ရှာဖွေမည့်လုပ်ငန်းကို ရက်သတ္တနှစ်ပတ်အတွင်း စတင်မည်ဖြစ်ကြောင်း၊ လေယာဉ် ပျက်ရှာဖွေရေးလုပ်ငန်းအတွက် မလေးရှားနှင့် သြစတြေးလျနိုင်ငံတို့က သြစတြေးလျဒေါ်လာ သန်း ၆၀ ထည့်ဝင်မည်ဟု ကတိပြုထားကြကြောင်း နိုင်ငံပိုင် ဘနားမားသတင်းအေဂျင်စီက စက်တင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကွာလာလမ်ပူသို့ ရောက်ရှိနေသော သြစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့နှင့် မလေးရှား ဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်တို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်းထုတ်ပြန် ကြေညာခြင်းဖြစ်သည်။ မလေးရှားလေကြောင်းမှ ခရီးစဉ် အမ်အိပ်ချ်-၃၇၀ ခရီးသည်တင် လေယာဉ်တစ်စင်းသည် မတ် ၈ ရက်က ကွာလာလမ်ပူမှ ပေကျင်းသို့ ခရီးစဉ်ပျံသန်းနေချိန်အတွင်း ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့သည်။ လူပေါင်း ၂၃၉ ဦး လိုက်ပါလာသော ယင်းလေယာဉ် သည် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ပျက်ကျခဲ့သည်ဟု ယူဆရသည်။ **ရိုက်တာ။**

# အိန္ဒိယ၊ ပါကစ္စတန် ရေကြီး၍ လူ ၂၀၀ ကျော်သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၆**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အဆက်မပြတ်မိုးသည်းထန်စွာ ရွာသဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ကာ လူ ၂၀၀ ကျော်သေဆုံးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသနှင့် ပန်ဂျပ်ပြည်နယ်၌ ရေကြီးမှု ကြောင့် အနည်းဆုံး လူ ၁၁၀ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယနိုင်ငံ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌လည်း ရေလျှံမှုကြောင့် နေအိမ်များ ရေစီးဖြင့် မျောပါသွား၍လည်းကောင်း၊ မြေပြို၍လည်းကောင်း လူ ၁၀၀ ခန့် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ယင်းဒေသသည် ရေလွှမ်းမိုးမှုဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရ သည်မှာ နှစ်ပေါင်း ၂၀ မျှ ရှိနေပြီဖြစ်သည်။ **ဘီဘီစီ။**


# အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ သိကောင်းစရာများ

ပါမောက္ခ ဒေါက်တာဌေးဌေးတင်
(ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)

အာဖရိကနိုင်ငံအနောက်ဘက်ရှိ တချို့သော တိုင်းပြည်များ(Sierra Leone,Guinea,Liberia,Nigeria)တွင် အီဘိုလာဗိုင်းရပ်စ်ရောဂါသည် လွန်စွာပြင်းထန်ပြီး သေပျောက်မှု ၉၀ ရာခိုင်နှုန်းရှိနိုင်ပါသည်။ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် လူနှင့်အခြားလူမဟုတ်သည့် မျောက်၊ လူဝံနှင့် Chimpanzee များတွင် ဖြစ်လေ့ရှိပါသည်။ အီဘိုလာ ဗိုင်းရပ်စ်ရောဂါကို ပထမဦးဆုံး ၁၉၇၆ ခုနှစ်တွင် Democratic Republic of Congo ရှိ အီဘိုလာမြစ်အနီးရှိ ရွာတွင် Outbreak စတင်တွေ့ရှိခဲ့ပါသည်။

အီဘိုလာဗိုင်းရပ်စ်၏ဇာစ်မြစ်ကို သေချာစွာမသိရသော်လည်း တွေ့ရှိသည့် သက်သေ သာဓကများအရ သစ်သီးစား လင်းနို့(Fruit bats) များမှ စသည်ဟု ယူဆပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါကို လူများတွင် စတင်တွေ့ရှိရမှုသည် ရောဂါရှိသည့် တိရစ္ဆာန်များ၏သွေး၊ အရည်၊ ကိုယ်အင်္ဂါများနှင့် နီးစပ်စွာတွေ့ထိမှုမှ လူကိုကူးစက်ခြင်းဖြစ်သည်။



အီဘိုလာဗိုင်းရပ်စ်ရောဂါရသည့်လူမှတစ်ဆင့် လူလူချင်းကူးစက်မှုသည် ရောဂါရှိသူ၏ သွေး၊ သလိပ်၊ ချွဲ၊ တံတွေး၊ ဆီး၊ ဝမ်း၊ သုတ်ရည်တို့နှင့်ပွန်းပဲ့နေသည့် အရေပြား၊ အမြေးပါးများတိုက်ရိုက်ထိတွေ့ခြင်းဖြင့် ကူးစက်တတ်ပါသည်။ ထို့အပြင် ရောဂါရှိသူ၏ ခန္ဓာကိုယ်မှထွက်သည့် အထက်ပါ အရည်များဖြင့်စွန်းပေနေသော အိပ်ရာခင်း၊ အဝတ်အစား၊ ဆေးထိုးအပ်စသည့် အရာဝတ္ထုများမှ တစ်ဆင့်လည်း ကူးစက်နိုင်ပါသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါရှိလူနာများကို ပြုစုစောင့်ရှောက်ရာတွင် သတိရှိစွာဖြင့် ရောဂါမကူးစက်နိုင်ရန်အတွက် ကာကွယ်သည့်ပစ္စည်းများ(PPE-Personal Protection Equipment) ဖြစ်သည့် ဝတ်ရုံ(Gowns),N-95 နှာခေါင်းစည်း၊ ဓာတ်ခွဲခန်းသုံး လက်အိတ်နှစ်ထပ်၊ ဓာတ်ခွဲခန်းသုံးမျက်မှန်နှင့် ဖိနပ်တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။ ကျန်းမာရေးဝန်ထမ်းများဖြစ်သော ဆရာဝန်၊ သူနာပြုနှင့်ဓာတ်ခွဲဝန်ထမ်းများလည်း အီဘိုလာဗိုင်းရပ်စ်ရောဂါ မည်ကဲ့သို့ကူးစက်နိုင်သည်ကိုလည်း သိရှိထားပြီး Infection Control Procedures (ရောဂါကာကွယ်နိုင်ရန် လုပ်ဆောင်မှုများ)ကို သေချာစွာလိုက်နာရပါမည်။

**ယခုလက်ရှိ အာဖရိကအနောက်နိုင်ငံများတွင်ဖြစ်ပေါ်နေသော အီဘိုလာဗိုင်းရပ်စ်ရောဂါအတွက် ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသရှိ နိုင်ငံများအတွင်း အီဘိုလာဗိုင်းရပ်စ်ရောဂါ သံသယရှိသူများထံမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည့် နမူနာများကို WHO/IATA rules/Guidelines အရ ဇီဝထိန်းသိမ်းထုပ်ပိုးမှု သုံးထပ်ပုံစံ (Triple biosafety packs)ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့် ပူးတွဲလုပ်ကိုင်နေသောဌာနဖြစ်သည့် အိန္ဒိယနိုင်ငံရှိ WHO Collaborating Center on Emerging Infectious Diseases,Pune မြို့သို့ ပို့ဆောင်၍ စမ်းသပ်စစ်ဆေးရပါမည်။**

ဓာတ်ခွဲနမူနာများကိုယူရာတွင် ဓာတ်ခွဲနမူနာယူမည့်ဝန်ထမ်းကို ရောဂါမကူးစက်နိုင်ရန်အတွက် ကာကွယ်သည့်ပစ္စည်းများ (PPE-Presonal Protection Equipment) ဖြစ်သည့် ဝတ်ရုံ(Gowns), N-95 နှာခေါင်းစည်း၊ ဓာတ်ခွဲခန်းသုံး လက်အိတ်နှစ်ထပ်၊ ဓာတ်ခွဲခန်းသုံးမျက်မှန်နှင့် ဖိနပ်တို့ကို စနစ်တကျဝတ်ဆင်ရပါမည်။

ယူရမည့် ဓာတ်ခွဲနမူနာများမှာ အသက်ရှင်သည့် လူနာများထံမှ သွေးရည်ကြည်နှင့် သေဆုံးသူများထံမှ အသားစ(အရေပြား သို့မဟုတ် အသည်း) နမူနာဖြစ်၍ ၎င်းကို Cold Chain နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့ရပါမည်။ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှနေ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)၏ ညွှန်ကြားချက်အတိုင်း အိန္ဒိယနိုင်ငံရှိ WHO Collaborating Center on Emerging Infectious Diseases, Pune မြို့သို့ ဆက်လက်ပေးပို့၍ ဓာတ်ခွဲစစ်ဆေးစေရမည်ဖြစ်ပါသည်။

ဓာတ်ခွဲနမူနာပစ္စည်းများမှတစ်ဆင့်လည်း ရောဂါကူးစက်နိုင်ပါသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယရှိသူများထံမှ ယူထားသော ဓာတ်ခွဲနမူနာများကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရာတွင် WHO/IATA rules/Guidelines အရ ဇီဝထိန်းသိမ်းထုပ်ပိုးမှု သုံးထပ်ပုံစံ (Triple biosafety packs)ဖြင့် ဖော်ပြပါပုံအတိုင်း ထုပ်ပိုး၍ Cold chain ဖြင့် ပေးပို့ရပါမည်။

**ဇီဝထိန်းသိမ်းထုပ်ပိုးမှု သုံးထပ်ပုံစံ(Basic triple packaging system)**

- ဓာတ်ခွဲနမူနာကို ရှေးဦးစွာ ရေလုံ၊ လေလုံသော ပထမ Container နှင့် ထည့်ရမည်။ ၎င်းကို Container ကွဲအက်ခြင်း၊ ဖိတ်စင်ခြင်းကိုကာကွယ်ရန် (ဂွမ်း၊ တစ်သျှူးစက္ကူ)ဖြင့် ထုပ်ပိုးထားရမည်။
- ပထမ container ကို ဖိတ်စင်မှုမရှိနိုင်သော ဒုတိယ container ဘူးထဲသို့ ထည့်ရမည်။ ဒုတိယ container ကိုမှ၍ ပိပြားမှုဒဏ်ခံနိုင်သော တတိယ container (Cold box/Vaccine Carrier) ထဲတွင် ထည့်ရမည်။
- လူနာ၏ ရာဇဝင်အသေးစိတ်ကို ရေးမှတ်ထားသော Form (Lab request form)ကို ပလတ်စတစ်အိတ် တွင်ထည့်၍ ဒုတိယ container နှင့် တတိယ container ကြားတွင် ထည့်ပေးရမည်။

ထပ်မံသိရှိလိုသော အချက်အလက်များကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၉၅၇၊၀၁-၃၇၁၀၅၉၊ ၀၁-၃၇၁၉၂၅ နှင့် ၀၉-၅၀၂၁၅၇၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။



# ဘားအံမြို့တွင် ပြန်/ဆက်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၆**

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွားသင်တန်းကို ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးခန်းမ၌ ဩဂုတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီဂီက(Third Wave) လုပ်ငန်းစဉ်မှ ပြုပြင်ပြောင်းလဲရေး အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)**

ထို့နောက် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာနက ပြန်ကြားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပေးအပ်သောကင်မရာများကို သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်နှင့် မြို့နယ်၊ မြို့နယ်ခွဲများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၇-၉-၂၀၁၄ (တနင်္ဂနွေနေ့)**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၄၀ ဖြူမည်းရုပ်ရှင် "ကြည်ပြာ" (ထွန်းထွန်းဝင်း၊ မေဝင်းမောင်) (ဒါရိုက်တာ-ကြီးမြင့်)
၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၈း၀၀ ပြည်တွင်းသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
၉း၃၀ တစ်မျက်နှာ၊ တစ်ကွက်စာ "မုဆိုးလား သားကောင်းလား" (မင်းသူ၊ အေးသီတာ၊ အေးအေးအောင်) (ဒါရိုက်တာ-မေတင်(MMG)) -"မျိုးစေ့"(အပိုင်း-၁) (မိုးယံဇွန်၊ နေရဲလင်း၊ စူးရှလင်းဇာနည်ဇော်၊ မျိုးစန္ဒီကျော်၊ ဖူးစုံ) [ဒါရိုက်တာ-မောင်ပြည့်ဝ(ပန်းဝေသီ)]









# လျှော်တက်သံမြိုင်မြိုင်နှင့် လှေပြိုင်ကျင်းသည့် တော်သလင်း

**ဝိသုဇ္ဇာက(ပဲခူး)**

တော်သလင်းလသည် မိုးဥတုဖြစ်သော်လည်း မိုးသားမိုးတိမ်တို့ ကြည်လင်တတ်သောလဖြစ်သည်။ တော်သလင်းလ၏ ဇာစ်မြစ်ကို သက္ကတ၊ ပါဠိစသော အခြားသောစကားထဲ၌ လိုက်လံရှာဖွေရန် မလိုဘဲ မြန်မာစကား သက်သက်နှင့်ပင် အဓိပ္ပာယ်ထွက်သည်။ "တော်"ဆိုသည်မှာ မြင့်မြတ်သည်၊ အထွတ်အထိပ်ဖြစ်သည်၊ အထက်ကောင်းကင်ဖြစ်သည်။ "သလင်း"ဆိုသည်မှာ "သာလင်း"မှလာ၍ သာယာထွန်းလင်းခြင်းဟူသော အဓိပ္ပာယ်ရှိသည်။ ကောင်းကင်သာယာထွန်းလင်းခြင်း အမည်နှင့်လိုက်ဖက်၏။ မိုးကောင်းကင် သာယာကြည်လင်သကဲ့သို့ မြစ်ရေတွင် လှိုင်းလေကင်းစင်၏။ "တော်သလင်း မြစ်တွင်း၊ သင်ဖြူခင်း"စာဆိုနှင့် ကိုက်ညီသည်။

တော်သလင်းလသည် ကန်ရာသီနှင့်တိုက်ဆိုင်သည်။ ကန်ရာသီ၏ ရာသီရုပ်မှာ လက်တစ်ဖက်က ကောက်ဆုပ်၊ လက်တစ်ဖက်က ဆီမီးတိုင် ကိုကိုင်လျက် လှေစီးသော မိန်းမပျိုရုပ်သဏ္ဌာန်ရှိသည်ဟု ဇောတိတတ္ထ ကျမ်းတွင် ဆိုပေသည်။

မိုးတိမ်ကင်းစင်သည့် ကောင်းကင်ဝယ် နေမင်းက "တော်သလင်းနေ ပုစွန်သေ"ဟူသော စကားဖြစ်လောက်အောင် ပြင်းပြစွာ ပူလောင်လျက် ရှိတတ်သည်။ တစ်ခါတစ်ရံ ရာသီဥတုက ဖောက်ပြန်လျှင် မိုးရွာသည်။ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် သည်းတတ်သည်။ ရှေးစားဖိုသည် ထမင်းချက်သမားတို့သည် မစဲသော မိုးရေရွှဲရွှဲတွင် ဆင်းရဲဒုက္ခကြုံရပြန်သည်။ ထိုအချက်ကို ရှေးတောင်သူတို့က "တော်သလင်းတိမ်ညို၊ စားဖိုသည် ဆင်းရဲ၊ မိုးမစဲ"ဟု မိုးလက္ခဏာဖြင့် အဓိပ္ပာယ်ဖော်ခဲ့သည်။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့တွင် "လျှံဝင်ဖြိုးဖြိုး ကန်ဆင်းမိုး"ဟု စပ်ဆိုထား၏။

ကန်ဆင်းမိုးဆိုသည်မှာ မြန်မာနှစ်ဆန်းတစ်ရက်မှ ရေတွက်ပါက ရက်ပေါင်း ၁၄၆ ရက်ကို ဗဟိုထား၍ ရှေ့ (၇)ရက်၊ နောက်(၇)ရက်တွင် ရွာသောမိုးကို ဆိုခြင်းဖြစ်သည်။ ထို့ပြင် တနင်္ဂနွေဂြိုဟ် နေမင်းသည် သိဟ်ရာသီမှ ကန်ရာသီသို့ဆင်းသည်ကို အကြောင်းပြု၍ ထိုအခါတွင် ရွာသော မိုးကို ကန်ဆင်းမိုးဟု ဝေဒပညာဖြင့် အယူအဆရှိသည်။

တော်သလင်းလနှင့်ပတ်သက်၍ ယောမင်းကြီးက ဥတုဘောဇနကျမ်းတွင် ပြဆိုထားသည်မှာ တော်သလင်း၊ သီတင်းကျွတ် နှစ်လသည်သာရဒဥတု မည်၏။ လောကသည် ပူ၏။ ကောင်းကင်၌ အညစ်အကြေးကင်း၏။ ဖြူစင်၏။ အင်းအိုင်မြစ်ကမ်းတို့သည် ပေါ်ကုန်၏။ ခွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့် အမြင့် အညီအညွတ်တို့သည် ထင်ရှားကုန်၏။

*ရှေးမြန်မာဘုရင်များက နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ဖွဲ့စည်းရာတွင် "ခြေဆယ်ပွဲရမှ မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည်၊ ဆင်ဆယ်ပွဲရမှ လှေတင်ရာသည်"ဟုပင် သတ်မှတ်ခဲ့ပြီး လှေတော်သားတို့၏စွမ်းအင်ကို မြှင့်တင်ခဲ့ကြ*

ရွှံ့ညွန်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြည့်ကုန်၏။ ပဒုမ္မာကြာခေါင်ရန်း၊ ပိတောက်၊ ရင်းမာ စသော ပန်းတို့သည် ပွင့်ကုန်၏။ အသီးအပွင့် အရွက်အမြစ်ဆေးတို့သည် ဩဇာရှိကုန်၏။

ဤလတွင် ဧရာဝတီမြစ်ထဲတွင် လှိုင်းလေကင်းစင်၍ ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသော ရေပြင်၌ လှေပြိုင်ပွဲများ ကျင်းပရန် အကောင်းဆုံး အချိန်အခါဖြစ်သည်။ ထို့ကြောင့် ဤလတွင် ရှေးအခါက မြန်မာဘုရင်တို့သည် လှေသဘင်ပွဲဆင်နွှဲသည်ကို မြစ်သံပွဲဟုလည်းကောင်း၊ အောင်ပန်းကို ရအောင်လုရသည့်အတွက် "ပန်းလုသဘင်ပွဲ"ဟုလည်းကောင်း ခေါ်ဆိုကြသည့် လှေသဘင်ပွဲဆင်နွှဲပုံကို ဦးပုံးချို၏ ဆယ့်နှစ်လရာသီ တော်သလင်းလလေးဆစ်သဖြန့်တွင် " သစ်ဆင်းရယ်တဲ့ လမာသာ၊ မြစ်လုံးငယ် ဆူညံလို့၊ လျှော်တက်သံ လှေပြိုင်ပွဲငယ်၊ နွှဲပျော်ကြရှာ"ဟုလည်းကောင်း၊ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီ တော်သလင်းလဘွဲ့တွင် "ရေယာဉ်စန်းငယ်နှင့် သောင်ကမ်းငယ်လျှံ၊ မြစ်လုံးငယ် ညီသည်၊ လျှော်တက်သံမြိုင်မြိုင်နှင့် လှေပြိုင်ကျင်းတဲ့လကိုလေး" ဟုလည်းကောင်း ရေးဖွဲ့ထားခြင်းဖြင့် လှေပြိုင်ပွဲဆင်နွှဲကြပုံကို သိရှိနိုင်သည်။

လှေချင်း(ဝါ)လှေလျှော်သံတေးသီချင်းများဖြစ်သော တက်ရေးသီချင်းကို သီဆို၍ ရေစုန် ရေဆန် လျှော်ခတ်နေသော လှေတပ်ဖွဲ့ကြီးသည် မြစ်ယံ၌ လှည့်လည်ကြသည်။ ဤကဲ့သို့ မြစ်ယံတွင် လှည့်လည်သော အကြောင်းကြောင့်လည်း ထိုလှေပွဲကို မြစ်ယံပွဲဟု ခေါ်ဆိုကြသည်။ တက်ရေး(၃၇)ပါးထဲတွင် ဘုရားရှိခိုး၊ ရွှေလောင်းထွက်၊ တက်ကောက် တက်တန်း၊ တက်ထောင်၊ တက်ဝှက်၊ တက်လှ၊ စင်ရော်သုတ်၊ ဝမ်းဘဲတောင်ပြန့်မှအစ စံပယ်ငုံ၊ ကိန္နရာတောင်ပံယှက်၊ ရွှေငှက်တောင်ခတ်ဟူသော သီချင်းများပါသည်။ ယင်းသီချင်းတို့၏ အမည်ကို လေ့လာကြည့်လျှင် လှေပွဲသဘင်ဆင်ယင်ပုံနှင့် လှေလျှော်ဟန်အမျိုးမျိုးတို့ကို တွေ့မြင်နိုင်သည်။

လှေပြိုင်ပွဲများပြုလုပ်ခြင်းဖြင့် ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ ဖွဲ့လုံ့လဝီရိယရှိမှု၊ သက်လုံကောင်းမှုတို့ကို ဖော်ကျူးလျက်ရှိပါသည်။ ရှေးမြန်မာဘုရင်များက နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော် ဖွဲ့စည်းရာတွင် "ခြေဆယ်ပွဲရမှ မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည်၊ ဆင်ဆယ်ပွဲရမှ လှေတင်ရာသည်"ဟုပင် သတ်မှတ်ခဲ့ပြီး လှေတော်သားတို့၏ စွမ်းအင်ကို မြှင့်တင်ခဲ့ကြ၏။

ဤလတွင် လှေသဘင်ကျင်းပသည့်အပြင် သစ်ဆင်းပွဲကိုလည်း ကျင်းပလေ့ရှိသည်။ ထို့ကြောင့်လည်း တော်သလင်း သစ်ဆင်းလဟုဆိုကြသည်။ တော်သလင်းလကို ရှေးအခါက သစ်ဆင်းလဟူ၍ ဆိုခဲ့သော်လည်း ပုဂံခေတ်၊ ပထမအင်းဝခေတ်ကျောက်စာတို့တွင် သစ်ဆင်းလဟုခေါ်ဆိုရေးသားကြသည်ကို မတွေ့ရချေ။ သက္ကရာဇ် ၉၅၂ ခုနှစ် ကျောက်ဆည်မြို့ ရွှေသာလျောင်း ကျောက်စာတွင် "သက္ကရာဇ်သချာ၊ ကိုယ်ရာငါးဆယ်စွန်းသွယ်နှစ်ခု၊ ဥတုဝဿလက်ာသစ်ဆင်း၊ တော်သလင်းဆန်တက်၊ ယှစ်ရက်ပိတဟူနိယ်"ဟူ၍ သစ်ဆင်းအသုံးကို ရှေးဦးစွာတွေ့ရသည်။ ထိုခေတ်က သစ်ဆင်းပွဲကျင်းပသည်ကိုအကြောင်းပြု၍ သစ်ဆင်းလဟု အမည်တစ်မျိုးခေါ်ဆိုကြဟန်ရှိသည်။

သစ်ဆင်းဟူသောဝေါဟာရကို အနက်ဖော်ရာ၌ ဧရာဝတီမြစ်တွင်း၌ သစ်ဖောင်များမျှောသည်ကိုအစွဲပြု၍ အနက်ဖော်ခြင်းဖြစ်သည်။ သစ်ဆင်းနှင့် စပ်လျဉ်း၍ ဆရာကြီးဒဂုန်နတ်ရှင်က သူသည်လည်း ငယ်စဉ်က ဤကဲ့သို့ မှတ်သားခဲ့ဖူးသည်။ သို့သော် သမန္တစက္ခုကျမ်းအရ သစ်ဆင်းသဘင်သည် လှေပွဲသဘင်ကိုပင်ဆိုလိုကြောင်း၊ နှောင်းအခါ၌ အမှန်ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။ မြစ်ထဲ၌သစ်မျှောခြင်းသည် ပွဲသဘင်မဟုတ်ပါဟူ၍လည်း အတိအလင်း ထပ်မံပြောဆိုသည်။ သစ်ဆင်းသဘင်ဆင်ယင်ကျင်းပပုံကိုလည်း ထင်ရှားစွာဖြင့် အောက်ပါအတိုင်းရေးထားသည်ကို တွေ့ရှိရသည်။

မနိမ့်လွန်း မမြင့်လွန်းသော ဝါးလုံးတိုင်လေးတိုင်ကို လှေနှစ်စင်း၌ ပူးကပ်ချည်နှောင်ပြီး ပုဆိုးအဝတ်အနီကို အမိုးပြုလုပ်လျက် ရေအောက်တွင် ပိုက်ချထားသည်။ ထိုတိုင်စင်မြင့်သို့ ကူးတက်၍ မြစ်တွင်းသို့ခုန်ချသောအခါ ထိုသူ ရေစီးထဲမျှောပါမသွားစေရန် ရေတွင်ပိုက်ချ၍ဆယ်ယူရန် အသင့်ထားသည်။

တောင်သူလယ်သမားကြီးများသည် ဆန်စပါးစိုက်ပျိုးရာတွင် အဓိကဖြစ်သော မိုးကို လွန်စွာစိုးရိမ်တတ်ကြသဖြင့် နှစ်စဉ်နှစ်တိုင်း မိုးကောင်းစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြံဖန်ဆုတောင်းလေ့ရှိကြပါသည်။ ဤကိစ္စ၌လည်း မိုးကောင်းစေရန် အဓိကပြုကြလျက် နတ်ပွဲများကို ငါးကြော်၊ မုန့်ဖြူ မုန့်နီစသည်ဖြင့် ပူဇော်ပသပြီးလျှင် နတ်ဆိုင်းများတီးလျက် ဤသစ်ဆင်းသဘင်ကို ကျင်းပကြပါသည်။ လေးတိုင်စင်မြင့်မှ မြစ်လယ်ရေထဲသို့ ခုန်ချလိုက်သူသည် အကယ်၍ ပက်လက်ကျသွားသည်ကို မြင်ပါက ထိုနှစ်တွင် မိုးခေါင်မည်ဟု ယူဆကြသည်။ ထိုသူ မှောက်လျက်ကျသွားသည်ကို မြင်ကြပါမူ မိုးကောင်းမည်ဟု ယူဆကြပါသည်။

ထို့ပြင် ဆရာကြီး ဒဂုန်နတ်ရှင်က ဤသစ်ဆင်းပွဲတော်အယူသည် ဒုတိယအင်းဝခေတ်တွင်ပေါ်ပေါက်၍ ကုန်းဘောင်ခေတ်လောက်တွင် တိမ်ကောသည်ဟု ယူဆသည်။ ထိုသို့တိမ်ကောခြင်းမှ ထိုအယူကို အကျိုးမရှိ ပယ်လိုက်ခြင်းကြောင့် ဖြစ်သည်ဟုလည်းဆိုသည်။

ဤကား တော်သလင်း လရာသီ၏ အကျဉ်းချုပ်ပင်ဖြစ်၏။

ဤလအရေးကြီးသောအမြုတေမှာ ဂရုဓမ္မအခါတော်အထိမ်းအမှတ်ဖြစ်၏။ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ထားသည်။ ဂရုဓမ္မသီလသည် "ငါးပါးသီလ" ဖြစ်သည်။ သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ ကာမဂုဏ်မမှားခြင်း၊ လိမ်လည်မုသားမပြောခြင်း၊ သေရည်မသောက်ခြင်းတို့ဖြစ်သည်။ ဂရုဓမ္မသီလသည် သူတော်သူကောင်းတို့ ဂရုထား၍ ကျင့်သုံးအပ်သောတရားဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ပေါ်ပေါက်သော တရားဖြစ်၍ ပဝေဏီဓမ္မဟုခေါ်၏။

သို့ဖြစ်၍ တော်သလင်းလအခါသမယတွင် မြတ်ဘုရားရှင်ဟောကြားတော်မူအပ်သော ဂရုဓမ္မသီလဟုခေါ်ဆိုသည့် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းကြရပေမည်။ ။

# ABC မှ မိခင်နှင့်ကလေးကျန်းမာရေးပညာပေးအစီအစဉ်များ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း (Australia Broadcasting Corporation-ABC)တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ထုတ်လုပ်ခဲ့သည့် မိခင်နှင့်ကလေးကျန်းမာရေးပညာပေးအစီအစဉ် ရှစ်ခုနှင့် အစီအစဉ်ထုတ်လုပ်ရာတွင်အသုံးပြုခဲ့သည့် Laptop များ၊ Recorder များနှင့် ရေဒီယိုများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ညွှန်ကြားရေးမှူးများ၊ ABC အသံလွှင့်ဌာနမှ ကိုယ်စားလှယ် ဒေါ်ခင်မာဝင်းနှင့် တာဝန်ရှိသူများ၊ အစီအစဉ်များ ပူးပေါင်းထုတ်လုပ်ခဲ့သည့် သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း (ABC) မှ ကိုယ်စားလှယ် ဒေါ်ခင်မာဝင်းက သင်တန်းများပို့ချပေးခဲ့မှုနှင့် အစီအစဉ်များပူးပေါင်း ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် MRTV နှင့် ABC တို့ပူးပေါင်းစီစဉ်ထုတ်လုပ်သည့် မိခင်နှင့် ကလေးကျန်းမာရေးပညာပေးအစီအစဉ် ရှစ်ခုနှင့် အဆိုပါအစီအစဉ်များ ထုတ်လုပ်ရာတွင်အသုံးပြုခဲ့သည့် Laptop ခုနစ်လုံး၊ Recorder ခုနစ်ခု၊ နံရံကပ်ပိုစတာများနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေဒီယိုအလုံး ၁၀၀ တို့ကို ABC မှ ဒေါ်ခင်မာဝင်းက လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက လက်ခံသည်။

ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း (ABC) အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသံလွှင့်ဌာနခွဲမှ ဝန်ထမ်းများအား သတင်းနှင့် အင်တာဗျူးအစီအစဉ်များ ရေးသားထုတ်လုပ်တင်ဆက်ခြင်းဆိုင်ရာသင်တန်းများပို့ချသင်ကြားပေးခဲ့ပြီး မိခင်နှင့်ကလေးပညာပေးအစီအစဉ်များဖြစ်သည့် သားဆက်ခြားခြင်း၊ သားအိမ်ခေါင်းကင်ဆာ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုစသည့် အစီအစဉ် ရှစ်ခုကို ပူးပေါင်းစီစဉ်ထုတ်လုပ်ခဲ့ကာ အဆိုပါအစီအစဉ်များထဲမှ "မမဦး" ရေဒီယိုအသံလွှင့်အစီအစဉ်ကို စက်တင်ဘာ ၈ ရက်တွင် မြန်မာ့အသံ ရေဒီယိုက စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

မုံရွာ စက်တင်ဘာ ၆

**အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်တို့ရှိ ပြည်သူ့အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဝန်ထမ်းများက ပြည်ထောင်စုဝန်ကြီးအား တစ်ဦးချင်း မိတ်ဆက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစား အောင်မြင်မှုရရှိရေး၊ တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားစွာဖြင့် ဆောင်ရွက်နိုင်ရေးသည်မြို့နယ်အသီးသီးရှိ အားကစားဝန်ကြီးဌာန ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်ကြောင်း။

မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာပြိုင်ပွဲများ အောင်မြင်စွာ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး၊ မိမိတို့မြို့နယ်အတွင်း အားကစားကွင်း/ရုံများအား မပျက်စီးစေရေး ဂရုစိုက်ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံရှိ မြို့နယ်အသီးသီးအား Grade (1, 2, 3) သတ်မှတ်၍ အားကစားကွင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပြီး မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Sports Development Project) များအား အကောင်အထည်ဖော်၍ မြို့နယ် တစ်မြို့နယ်တွင် အားကစားနည်း ခုနစ်မျိုးမှ ကိုးမျိုးအထိ တစ်ပြိုင်တည်းကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အားကစားဝန်ကြီးဌာန အနေဖြင့် အဆိုပါ လုပ်ငန်းစဉ်များနှင့်အညီ အားကစား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မြန်မာ့ရိုးရာခြင်းလုံးအားကစားရုံကို ထပ်မံ၍ အဆင့်မြှင့်တင်နိုင်ရန် ပံ့ပိုးပေးနိုင်ရေးအတွက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွန်းတည့်ခွင်-ကျည်တောင်-ခါမ- နေပြည်တော် ပတ်လမ်း ကတ္တရာခင်းပြီးမှု အခြေအနေ၊ ကျောက်ခင်းခြင်းနှင့် အမာခံလမ်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်မောင်ညွှန့်က တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကမ်းကပ်ခုံနှစ်ဖက် (A1) နှင့် (A2) ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် (P4) Pile Cap ပြီးစီးမှုနှင့် (P3) Bored Pile လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းတည့်ခွင်-ကျည်တောင်- ခါမ- နေပြည်တော် ပတ်လမ်း မိုင်တိုင်အမှတ် (၈/၂)နှင့် (၁၀/၄)ကြားတွင် ဒက္ခိဏခရိုင်မှ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထုရရှိရေး၊ လမ်းပခုံးတစ်ပါတည်း ဆောင်ရွက်ရန်နှင့် ရေမြောင်းများ ဖောက်လုပ်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကလေးများဉာဏ်ရည်ဖွံ့ဖြိုးရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၆**

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများတွင် တက်ရောက်နေသော ကလေးများ၏ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ကိုယ်လက်ကြံ့ခိုင်ကျန်းမာရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိသားစုစကားဝိုင်းပုံစံဖြင့် မိဘရပ်ရွာအသိပညာပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ချမ်းမြေ့အိမ် မူလတန်းကြိုကျောင်း၌ တက်ရောက်လာသော မိဘအုပ်ထိန်းသူများအား အုပ်စုသုံးအုပ်စုခွဲ၍ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဆွေက ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးစေရန် နည်းမျိုးစုံသင်ကြားပေးနိုင်ရေး မိဘများဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။**(ဓါတ်ပုံ)** **(အောင်သန်း-မင်္ဂလာတောင်ညွန့်)**

# ကလေးမြို့ နွေရာသီလျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရန် ဒီဇယ်ဓာတ်အားပေးစက်ကြီးနှစ်လုံး ရောက်ရှိ

**ကလေး စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် နွေရာသီ ဇီးချောင်းရေအားလျှပ်စစ်မှ ရေအားနည်းမှုကြောင့် လျှပ်စစ်မီးအပြည့်အဝ ထုတ်ပေးနိုင်မှုမရှိသဖြင့် ဓာတ်အားအပြည့်အဝ ပေးနိုင်ရေး ဂျပန်နိုင်ငံလုပ် ဒီဇယ်ဓာတ်အားပေးစက်ကြီးနှစ်လုံး မန္တလေးမြို့မှတစ်ဆင့် ကလေးမြို့သို့ ဩဂုတ် ၂၆ ရက်တွင် ရောက်ရှိလာပြီ ဖြစ်ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်က ပြောသည်။

"ကလေးမြို့ကို ဩဂုတ် ၃ ရက်က လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လာရောက်တုန်းက မြို့ခံလူထုက တင်ပြတာတွေ၊ ကျွန်တော်တို့ကလည်း နွေရာသီဆို လျှပ်စစ်မီးကို အုပ်စုတွေ ခွဲပြီးပေးနေရတာတွေကို တင်ပြလိုက်တော့ ဝန်ကြီးက ကလေးမြို့ လျှပ်စစ်မီး အခက်အခဲကို သိသွားတယ်၊ ဒါကြောင့် နွေရာသီမှာ လျှပ်စစ်မီးတိုးပေးနိုင်ဖို့ တစ်မဂ္ဂါဝပ်ကျော်ကျော်ထွက်ရှိတဲ့ ၁၂၅၀ ကေဗွီအေ စက်တစ်လုံးနဲ့ ၅၀၀ ကေဗွီအေ စက်တစ်လုံးကို နိုင်ငံတော်အစီအစဉ်နဲ့ ချထားပေးလိုက်တာပါ"ဟု ၎င်းက ပြောသည်။

"တမူးကလည်း နှစ်လအတွင်း အိန္ဒိယကနေဝယ်ပြီး ၂၄ နာရီ လျှပ်စစ်မီးပေးတော့မယ်၊ တောင်ဘက် ဂန့်ဂေါမြို့ကလည်း မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်မီးအပြည့်ရနေပြီ၊ ချင်းတောင် ဟားခါးမြို့မှာလည်း ရနေပြီ၊ မရတာက ကျွန်တော်တို့မြို့ပဲ ကျန်နေတာ"ဟု ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိကလေးမြို့ကို ဇီးချောင်းရေအားလျှပ်စစ်မှ ၆၅၀ ကေဗွီအေ စက်နှစ်လုံး၊ ဒီဇယ်အင်ဂျင် ၅၀၀ ကေဗွီအေနှင့် ၃၀၀ ကေဗွီအေစက်များဖြင့် လျှပ်စစ်ဓာတ်အားပေးနေကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

## ❖ သဘာဝဘေးအန္တရာယ်မှ

ပြည်သူလူထုအား ရေသန့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးများ အချိန်မီပြုလုပ်နိုင်ရေး နည်းလမ်းများကို လူအများစုအား ပြန်လည်မျှဝေနိုင်ရန် သင်တန်းပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေဘေး၊ လေဘေး၊ မီးဘေးစတဲ့ ဘေးအန္တရာယ်ကျရောက်နေတဲ့ ဒေသတွေမှာ ထောင်သောင်းချီတဲ့လူတွေကို ရေသန့်ဖြန့်ဝေနိုင်ရန် မီတာ ၅၀ ကျယ်ပြီး ဂါလန် ၁၂၀၀ ဆံ့ ကန်ကြီးတွေ ပြုလုပ်ကာ ရေသန့်စင်နည်း၊ ပတ်ဝန်းကျင် သန့်ရှင်းနိုင်ရေးအတွက် အရေးပေါ်ယင်လုံအိမ်သာ ဆောက်လုပ်နည်းတွေကို အဓိကလက်တွေ့သင်တန်းပို့ချပေးပါတယ်။ ဒါမျိုးသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးမှာ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်မှာ သုံးရက်သင်တန်းပို့ချပြီး နေပြည်တော် (half quarter) အဆင့်မှာ လေးရက်သင်တန်း ပြုလုပ်မှာပါ"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့သည်။ **ပိုင်ဇေ(မကွေး)**

## ✪ မြန်မာဘောလုံးမှ

အနိုင်ဂိုးဖြင့် အောင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ဆီမီးဖိုင်နယ်တွင် ပါလက်စတိုင်းအသင်းကို အနိုင်ရရှိခဲ့သည့် လူစာရင်းအတိုင်း သီဟစည်သူ(ဂိုး)၊ နေမျိုးအောင်၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ဒေးဗစ်ဒန်း၊ နန္ဒလင်းကျော်ချစ်၊ ကျော်ဇေယျာဝင်း၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲစကတည်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခပ်မာမာတုံ့ပြန်ကစားခဲ့ပြီး ၇ မိနစ်တွင် ကျော်ကိုကို၏ အဝေးကန်ချက်ဖြင့် ဂိုးစတင်ရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ မြန်မာအသင်းကခံစစ်ပိုင်းခက်ခက်ခဲခဲဖြင့် ထိန်းချုပ်ခဲ့ရသည်။

ဒုတိယပိုင်းအစ ၄ မိနစ်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ဆာတိုကအဝေးမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ဖိလစ်ပိုင်အသင်းကသာ တောက်လျှောက်ဖိကစားခဲ့ပြီး ၆၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် နာမည်ကြီးတိုက်စစ်မှူး ဖိလစ်ယန်းဟက်စဘန်းက သွင်းယူပေးခဲ့သည်။ မိနစ် ၈၀ ကျော်တွင် နန္ဒလင်းကျော်ချစ်အစား စိုးမင်းဦး၊ ကျော်ဇေယျာဝင်းအစား မင်းမင်းသူတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် မြန်မာအသင်း ချေပဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် မင်းမင်းသူက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် အဖိုးတန်ချေပဂိုးရရှိခဲ့သည့် မြန်မာအသင်းမှာ အချိန်ပိုတွင် စိတ်ဓာတ်အသာဖြင့်ကစားနိုင်ခဲ့ပြီး ချန်ပီယံဖြစ်စေမည့် အနိုင်ဂိုးကို ၉၉ မိနစ်တွင် စိုးမင်းဦးက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာ အိမ်ရှင်ဖိလစ်ပိုင်အသင်း၏ သုံးနှစ်ဆက်ချန်ပီယံဖြစ်မည့် အိပ်မက်ကို အဆုံးသတ်ကာ ပထမဆုံး ယှဉ်ပြိုင်သည့် ပြိုင်ပွဲမှာပင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဖိလစ်ပိုင်အသင်းကို ၂၀၁၀ ခုနှစ်နောက်ပိုင်း အနိုင်မရရှိခဲ့မှုကိုလည်း အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ကျရှုံးခဲ့သည့် မြန်မာ့ဘောလုံးလောကကို မြန်မာယူ-၁၉ အသင်းက ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီး အောင်မြင်မှုစတင်နိုင်ခဲ့သလို မြန်မာ့လက်ရွေးစင်အသင်းကပါ ထပ်ဆင့်အောင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **(စိုးညွန့်)**



ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)



ဆွစ်ဇာလန်နိုင်ငံသမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်နှင့် Nestle စက်ရုံတို့ကို ကြည့်ရှုလေ့လာ

**ဘန်း စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်းသို့ သွားရောက်၍ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်အား ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်စီမံကိန်း တည်ရှိရာ ပိုင်ယန်းလေတပ်စခန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းခန်းမတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် တီထွင်ထုတ်လုပ်၍ စတင်ပျံသန်းခဲ့မှုများနှင့် စပ်လျဉ်း၍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ပြသထားမှုကို ကြည့်ရှုလေ့လာရာ စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရှင်းလင်းပြောကြား ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့် ပတ်သက်သည့် စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်ပြီး နိုင်ငံတော်သမ္မတကလည်း အမှတ်တရလက်ဆောင် ပစ္စည်းများ ပြန်လည်ပေးအပ်၍ စီမံကိန်းတာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် စမ်းသပ်ပျံသန်းမှု ပြုလုပ်မည်ဖြစ်ပြီး ထိုခရီးစဉ်အတွင်း ၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးမြို့သို့ ခရီးတစ်ထောက် ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ပိုင်ယန်းလေတပ်စခန်းသည် Vaud ပြည်နယ် Payerne ခရိုင် Payerne မြို့၏ မြောက်ဘက်တွင် တည်ရှိသည့် စခန်းတစ်ခုဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ မြို့တော်ဘန်းမြို့နှင့် Vaud ပြည်နယ် မြို့တော် Lausanne တို့ကို ချိတ်ဆက်ထားသည့် မော်တော်ကားလမ်း၏ လမ်းခုလတ် အပိုင်းတွင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၄၆၀ အထက်တွင် တည်ရှိသည်။

ပိုင်ယန်း လေတပ်စခန်းသည် လေကြောင်းစစ်ပညာသင်ကြားသည့် ဌာနအဖြစ်လည်းကောင်း၊ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများစမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်းများ ပြုလုပ်သည့်နေရာအဖြစ် လည်းကောင်း၊လေယာဉ်အမျိုးအစား၊ အမျိုးမျိုးစမ်းသပ်ပျံသန်းရာ နေရာအဖြစ်လည်းကောင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် Konolfingen ရှိ Nestle စက်ရုံသို့ ရောက်ရှိကြရာ Executive Vice President and Zone Director for Asia, Oceania, Africa and Middle East Mr. Nandu Nandkishore က ကြိုဆိုပြီး စက်ရုံမှ တာဝန်ရှိသူများအား မိတ်ဆက်ပေးသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ Konolfingen ရှိ Nestle စက်ရုံတွင် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ Mr.Nandu Nandkishore က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရှင်းလင်းခန်းမတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား NHW journey and the Micro-nuutrient impact studies နှင့် ပတ်သက်၍လည်းကောင်း၊ Fresh Milk Sourcing နှင့်ပတ်သက်၍ လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံမှ တာဝန်ရှိသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်းတွင် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်အား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့ နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

**●ရှေ့ဖုံးမှ**

တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးရေး၊ ဘာသာရေးဆိုင်ရာပဋိပက္ခများ ကာကွယ်တားဆီးရေး၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ ဆက်ဆံရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးမှု Foreign Office Consultations(FOC)ယန္တရားထူထောင်ရေး၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၇ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ ၁၆၄ သန်း အကူအညီပေးရေးကိစ္စများကို သဘောတူညီခဲ့ကြသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံတွင် ပုဂံနှင့် ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာပြပွဲကျင်းပနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊ ဆွစ်ဇာလန်သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွစ်ဇာလန်နိုင်ငံ သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ လှိုင်မြို့နယ်၌ နိုဝင်ဘာ ၃ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံးဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို Salon Churchill ရှိ ပထမထပ်တွင် ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ညပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံသမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

## သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုများဖြစ်

**အောင်လံ စက်တင်ဘာ ၆**

သရက်ခရိုင် အောင်လံမြို့နယ် အောင်လံ-ပြည်ကားလမ်းအနောက်ဘက် နှစ်မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းအရှေ့ဘက် အင်းပေါက်ကျေးရွာနေ ဒေါ်သန်းရွှေ၏ ပဲတီစိမ်းယာခင်းအတွင်း စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တီတွက်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပေါ်သည့် အပေါက်ခြောက်ပေါက်အနက် ငါးပေါက်အား SAE ဦးမောင်မောင်ဆွေနှင့် အဖွဲ့ဝင်များ၊ အခြားတာဝန်ရှိပညာရှင်များ ပူးပေါင်း၍ ရှာဖွေဖာထေးမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ကျန်အပေါက်တစ်ပေါက်အား စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီမှ စတင်၍ နေ့ဆိုင်းညဆိုင်းခွဲကာ ဘက်ဟိုးစက်၊ ရေစုပ်စက်၊ မော်တာတို့ဖြင့် တူးဖော်ရှာဖွေသော်လည်း တွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

## လင်းယုန်သစ်လွင်အမှတ်တရ မူလတန်းကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်

**ရန်ကုန် စက်တင်ဘာ ၆**

အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင်၏ ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျွန်းထိပ်ပိုင်းကျေးရွာ၌ လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီမှ မူလတန်းတိုးချဲ့စာသင်ကျောင်းဆောင် ဆောက်လုပ်လျက်ရှိကြောင်း လင်းယုန်သစ်လွင်(၂၁)နှစ်ပြည့် အခမ်းအနားမှ သိရသည်။

လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးကြည်ဝင်းက "ဆရာကြီးလင်းယုန်သစ်လွင်ရဲ့ဆန္ဒကို ဖြည့်ဆည်းတဲ့အနေနဲ့ လုပ်တာပါ၊ နောက်ပြီး ဒီနေရာမှာ တကယ်လည်းလိုအပ်နေလို့ပါ၊ စာရေးဆရာတွေကလည်း ဝိုင်းဝန်းလှူဒါန်းကြပါတယ်၊ စာရေးဆရာတွေဆိုတော့ ငွေကြေးမတတ်နိုင်ကြဘူး။ ဒီတော့ ချွေးနဲ့စာလေးထဲကနေ လှူကြတာ၊ ဆရာကြီး လင်းယုန်သစ်လွင်ရဲ့ စာပေနဲ့ပတ်သက်လို့ရတဲ့ငွေကြေးတွေရယ် အားလုံးပေါင်းပြီး ဆောက်တာပါ၊ ဒါ့ကြောင့် အပြင်က အလှူရှင်တွေပါဝင်လာရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

အဆိုပါ မူလတန်းတိုးချဲ့ကျောင်းဆောင်သစ်မှာ (၃၀×၃၅)ပေ ရှိပြီး ယခုလက်ရှိ မူလတန်းကျောင်းနှင့် ဘေးချင်းကပ်လျက်တွင်ရှိကာ အကျယ်အားဖြင့် ပေ ၅၀ ပတ်လည်မြေနေရာတွင် တိုးချဲ့ဆောက်လုပ်နေခြင်း ဖြစ်သည်။ ယခုလက်ရှိ မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၇ ဦး ပညာသင်ကြားနေပြီး နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း နှစ်ချိန်ခွဲသင်ကြားနေရသည့်အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**




ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်းမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# လမ်းပေါ်နှင့် အိမ်များအတွင်း ရေမဝင်ရန် ကိုယ့်အားကိုယ်ကိုး ရေထုတ်မြောင်းဖောက်လုပ်

**ရန်ကုန် စက်တင်ဘာ ၆**

မိုးရွာတိုင်း လမ်းပေါ်နှင့် အိမ်များအတွင်း ရေဝင်ရောက်ခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ကျန်းမာရေးထိခိုက်မှု မရှိစေရန် ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများ ဦးဆောင်ပြီး လမ်းသူလမ်းသားများ စုပေါင်း ထည့်ဝင်လှူဒါန်းငွေဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြောက်ဥက္ကလာ(၅)ရပ်ကွက် နှင်းဆီလမ်းမနှင့် ခေမာ(၁) လမ်းထိပ်တွင် အရှည် ၂၄ ပေ၊ အကျယ် ငါးပေနှင့် အနက် ငါးပေရှိ ရေထုတ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၄ ရက်က တွေ့ရသည်။ **(ယာပုံ)**

ထိုရေထုတ်မြောင်းအား ပွင့်လင်းရာသီတွင် အမြန်ပြီးစီးအောင် ဆောင်ရွက်နေကြောင်း၊ ကလေး၊ လူကြီးများ ရေထဲမှသွားလာရခြင်းမှ လွတ်ကင်းတော့မည်ဖြစ်သလို လမ်းသူလမ်းသားများ၏ စေတနာအကျိုးကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **(ထွန်းဝင်း)**



# အီလက်ထရွန်နစ်ငွေပေးကတ်စနစ် အောင်မြင်စေရန် ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၆**

ခရီးသည်တင်ယာဉ်လိုင်းများကြားတွင် ယာဉ်စီးခကို အီလက်ထရွန်နစ်ငွေပေးကတ်စနစ်ဖြင့် အကောင်အထည်ဖော်မှုကို အောင်မြင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဗဟို)မှ သိရသည်။

"ပြည်သူကပေးလိုက်တဲ့ ယာဉ်စီးခငွေနဲ့ ယာဉ်ပိုင်ရှင်ဆီကို ရောက်သွားတဲ့ ငွေပမာဏက ကွာခြားတယ်။ ဒါကြောင့်လည်း ယာဉ်လုပ်သားတွေ လက်ထဲ များများစားစားရောက်ပြီး မဖြစ်သင့်တာတွေလည်းဖြစ်ရပါတယ်" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ထို i-Pay ကတ်လုပ်ငန်းစနစ်ကို ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်များတွင် ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်က စတင်ခဲ့ပြီး အဓိပတိ(အပြာရောင်) ယာဉ်လိုင်းရှိ ယာဉ် ၁၀ စီးတွင် စတင်တပ်ဆင်၍ ဆောင်ရွက်ခဲ့သည်။ ထိုမှ ယာဉ်လိုင်းများအသီးသီးတွင် တိုးချဲ့ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတွင် သင်္ဘောစီးနင်းခပေးချေမှုအတွက် ဆောင်ရွက်ခြင်း၊ ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ စားသောက်ဆိုင်အချို့တွင် စီစဉ်ခြင်းစသည်ဖြင့် တိုးချဲ့ဆောင်ရွက်ခဲ့သလို လက်ရှိတွင် ယာဉ်လိုင်း ၁၀ လိုင်းမှ ယာဉ်စီးရေ ၃၃၀ ကျော်တွင် တပ်ဆင်ထားလျက်ရှိကြောင်း သိရသည်။

"စက္ကူစနစ်နဲ့ သွားမလား၊ ဒီလို i-Pay ကတ်စနစ်ကို အဆင့်မြှင့်မလားဆိုတာ တစ်ခုခုကို စဉ်းစားပြီးတော့ လုပ်သွားရမှာပါ။ မထသအနေနဲ့က ကိုယ်လုပ်နိုင်တာဆိုရင် လုပ်တယ်။ ကိုယ်မလုပ်နိုင်တဲ့ဟာကိုတော့ အစိုးရအဖွဲ့ကိုတင်ပြပြီး ဆောင်ရွက်သွားတာဖြစ်ပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ရှင်းပြခဲ့သည်။

ယခုအခါ ယာဉ်ပေါ်ရှိ ယာဉ်လုပ်သားများ၏ မမှန်မကန်လုပ်ဆောင်နေမှုကို စောင့်ကြပ်ကြည့်ရှုနိုင်မည့် စနစ်မျိုး ယာဉ်ပေါ်တွင် တပ်ဆင်ရန် စီစဉ်ထားသော်လည်း လတ်တလော ယာဉ်ပိုင်ရှင်များနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ "ဒီလိုလုပ်ဖို့ကတော့ ယာဉ်ပိုင်ရှင်ရဲ့ ဆန္ဒလည်း အရေးကြီးပါတယ်။ လောလောဆယ်တော့ ယာဉ်ပိုင်ရှင်တွေနဲ့ ဆွေးနွေးတာတွေရှိတယ်။ တချို့ယာဉ်ပိုင်ရှင်တွေအနေနဲ့လည်း ကိုယ့်ယာဉ်မှာ တပ်ဆင်ချင်ကြတာတွေ ရှိပါတယ်။ ကုန်ကျမှုအပိုင်းကတော့ အနည်းအကျဉ်းရှိနိုင်မယ်ဆိုပေမယ့် ယာဉ်ပိုင်ရှင်က ကိုယ့်ယာဉ်မှာ ကိုယ့်ဟာနဲ့ကိုယ် လုပ်မှာဖြစ်တော့ ဒီကိစ္စအတွက် ယာဉ်ပိုင်ရှင်တွေရဲ့ ပူးပေါင်းပါဝင်မှုတွေလည်း လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**





# မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ ဒလဟောကျဆင်းမှုကြောင့် အဆိုးရွားဆုံးရေလွှမ်း

**တာချီလိတ် စက်တင်ဘာ ၇**

မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ ဒလဟောကျဆင်းမှုကြောင့် တာချီလိတ်မြို့သမိုင်းတွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာမှ နံနက် ၈ နာရီကျော်ခန့်တွင် မယ်ဆိုင်ချောင်းနှင့် နမ့်ယွန်းချောင်းများမှ တောင်ကျရေများ ဒလဟောကျဆင်းလာမှုကြောင့် တာချီလိတ်မြို့ပေါ်ရပ်ကွက်များနှင့် ဆင်ခြေဖုံးဒေသများအားလုံး ဆိုးရွားစွာရေလွှမ်းမိုးခဲ့သည်။

"မိုးက နံနက်အစောပိုင်းမှာ တစိမ့်စိမ့်ရွာသွန်းနေရာကနေ နံနက် ၈ နာရီကျော်လောက်မှာ တောင်ကျရေတွေ တစ်ရှိန်ထိုးစီးဆင်းလာလို့ ရုတ်တရက် လူနေအိမ်ခြေတွေ၊ ကားလမ်းတွေပေါ် ရေကျော်သွားပြီး လူနဲ့ယာဉ် တွေပါ ဖြတ်သန်းသွားလာလို့မရအောင် ရေစီးအရှိန်က ပြင်းထန်လှပါတယ်၊ ရေစီးအားပြင်းလွန်းတာကြောင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်က နမ့်ယွန်းချောင်းကူးတံတား လက်ရန်း ရေထဲမျောပါသွားခဲ့ပါတယ်၊ ခါတိုင်းလည်း ဩဂုတ်-စက်တင်ဘာလတွေမှာ ရေကြီးလေ့ရှိပေမယ့် အနိမ့်ပိုင်းရပ်ကွက်တွေနဲ့ မိုင်းကိုးတို့၊ မိုင်းဖုန်းတို့ဘက်မှာပဲ ကြီးလေ့ရှိတာပါ၊ အခုကတော့ တစ်မြို့လုံး နေရာလွတ်မရှိအောင်ကို ဖြစ်သွားတာပါ၊ ကျွန်တော်တို့တစ်သက်မှာတော့ အဆိုးရွားဆုံးရေကြီးမှုပါပဲ" ဟု ဝမ်ကောင်းရပ်ကွက်မှ စားသောက်ဆိုင်ပိုင်ရှင် ဦးဟန်ဝင်းက ပြောပြသည်။

"နံနက် ၈ နာရီကျော်ကျော်မှာ နမ့်ယွန်းချောင်းနဲ့ မယ်ဆိုင်ချောင်းရေမြင့်တက်လာမှုကြောင့် လူနေအိမ်ခြေတွေ၊ မော်တော်ယာဉ်တွေ ရေနစ်မြုပ်ခဲ့ပါတယ်၊ ပုန်းထွန်ရပ်ကွက်နဲ့ ဝမ်ကောင်းရပ်ကွက်သစ်ဘက်မှာ အဆိုးဆုံးလို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့တာဝန်ရှိသူတွေအနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေကို ရေဘေးလွတ်ရာကို တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နဲ့ လူမှုရေးအသင်းအဖွဲ့တွေပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေနဲ့ အစားအသောက်တွေကိုလည်း ဖြန့်ဖြူးပေးခဲ့ပါတယ်။ နံနက် ၁၀ နာရီကျော်လောက်မှာ နမ့်ယွန်းချောင်း ရေစတင်ကျဆင်းလာခဲ့ပြီး မယ်ဆိုင်ချောင်းရေကတော့ ၁၁ နာရီကျော်လောက်မှာ ကျဆင်းခဲ့ပါတယ်၊ ဒါပေမယ့် မွန်းလွဲပိုင်းမှာ မယ်ဆိုင်ချောင်းရေက တစ်ဖန်တက်လာပါတယ်၊ ရေတက်မှုနှုန်းက အနိမ့်ဆုံးလေးပေကနေ အချို့နေရာတွေမှာ ခြောက်ပေကျော်ထိ တက်ခဲ့ပါတယ်"ဟု တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ရှင်းလင်းပြောပြသည်။

ရေကြီးနစ်မြုပ်မှုဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်။

ရေစီးအားပြင်းထန်ပြီး တောင်ကျရေများနှင့်အတူ မျောပါလာသည့် သစ်လုံးများ၊ အမှိုက်သရိုက်များ ရိုက်ခတ်မှုဒဏ်ကြောင့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အား ဆက်သွယ်ထားသည့် အမှတ်(၁)ချစ်ကြည်ရေးတံတားတိုင်များ ထိခိုက်ပျက်စီးနိုင်သည့်အခြေအနေကြောင့် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ မျောပါလာသည့်သစ်လုံးများ၊ သစ်ပင်များနှင့် အမှိုက်သရိုက်များကို နံနက် ၁၁ နာရီခွဲခန့်မှ မွန်းလွဲ ၂ နာရီခွဲခန့်အထိ ချစ်ကြည်ရေးတံတားပေါ်မှ လူနှင့် ယာဉ်သွားလာမှုအား ခေတ္တရပ်ဆိုင်းထားပြီး စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့သည်။

တောင်ကျရေပြင်းထန်မှုကြောင့် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်-မိုင်းဆတ်သွားလမ်းပေါ်မှ ပေ ၃၀ ခန့်ရှိ တံတားတစ်စင်း၊ တာချီလိတ်မြို့ဝင်ဆိုင်းဘုတ်အနီးမှ ပေ ၂၀ ခန့်ရှိ တံတားတစ်စင်းနှင့် အာဒီး-ပါခမ်းလမ်းပေါ်ရှိ ရေပြွန်တံတားတစ်စင်းတို့ ပျက်စီးသွားခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်စဉ်ကြောင့် မော်တော်ယာဉ်ရှစ်စီးခန့်၊ မော်တော်ဆိုင်ကယ် ၂၅ စီးခန့်၊ သဲစုပ်စက် သုံးလုံးပျက်စီးပြီး ချောက်ကမ်းပါးအနီးရှိ လူနေအိမ်အချို့ ရေထဲမျောပါပျက်စီးခဲ့ကာ အိမ်ခြေ ၉၀၀ ကျော် ရေနစ်မြုပ်ပြီး အိမ်ထောင်စု ၁၀၇၉ စု၊ လူဦးရေ ၄၁၀၉ ဦး ရေဘေးဒဏ်သင့်ခဲ့ကြောင်း၊ ကနဦးခန့်မှန်းချက်အရ ငွေကျပ်သိန်းတစ်ထောင်ကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်းနှင့် ရေဘေးသင့်သူများအား မြို့နယ်မွှာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဝမ်ကောင်းမွှာရုံတို့အပါအဝင် ကယ်ဆယ်ရေးစခန်း ကိုးခုဖွင့်လှစ်ကာ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများအား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(မောင်ယဉ်ကျေး)**

## နိဗ္ဗာန်ရောက်ကြောင်းတရား ချီးမြှင့်မည်

**ကလေး စက်တင်ဘာ ၆**။ ။သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ညစဉ် ၇ နာရီမှစ၍ ကလေးမြို့ သီတဂူစက္ခုဒါန ဆေးရုံတော်၌ နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(လရိပ်ပြာ၊ ကိုယ်ပွား၊ ကလေး)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

**လမိုင်း စက်တင်ဘာ ၆**။ ။ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲထွန်းနှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် လမိုင်းမြို့နယ်ခွဲ တောင်ဘုံကျေးရွာ၌ စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(လမိုင်း ပြန်/ဆက်)**

## စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**မိုးညှင်း စက်တင်ဘာ ၆**။ ။ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေးနှင့်သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မိုးညှင်းခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု အလယ်တောကျေးရွာရှိ လယ်မြေ ဧက ၅၀ ၌ ပြုလုပ်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

## နာရေးကူညီမှုအသင်းသို့ ငွေကျပ်သိန်း ၈၀ လှူဒါန်း

**မြစ်ကြီးနား စက်တင်ဘာ ၆**။ ။မြစ်ကြီးနားမြို့ အခမဲ့နာရေးကူညီမှုအသင်းပိုင် LightTruck မော်တော်ယာဉ်ဝယ်ယူရန် ရှမ်းစုမြောက်ရပ်ကွက် နေ ဦးသိန်းဝင်းဦး (စူပါလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း) မိသားစုက အလှူငွေကျပ်သိန်း ၈၀ ကို စက်တင်ဘာ ၁ ရက်က အသင်းနာယက ဒေါက်တာ အရှင်ဉာဏဇေနှင့် အသင်းဥက္ကဋ္ဌ ဦးချစ်လွင်တို့ထံ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝင်းအောင်)**

## လုပ်ငန်းစဉ်များနှင့် ပို့ချချက်များ ထပ်ဆင့်ရှင်းလင်း

**လွယ်ဂျယ် စက်တင်ဘာ ၆**။ ။နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်သင်တန်းပို့ချချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက လွယ်ဂျယ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ရုံးခန်းမ၌ ကျင်းပသည်။ **(မြို့နယ်ပြန်/ဆက်)**

## နောင်ချိုမြို့၌ အစေ့ထုတ်ပြောင်းမျိုးယှဉ်ပြိုင်

**နောင်ချို စက်တင်ဘာ ၆**။ ။ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့တွင် အစေ့ထုတ်ပြောင်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် (Field Day) ဖိတ်ခေါ်ပြသပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကုန်သည်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြ သည်။

**(သန်းသန်းထွေး)**

## ဆစ်ပိုးကျရောက်မှုမရှိစေရန် ကွင်းသရုပ်ပြ

**ပေါင် စက်တင်ဘာ ၆**။ ။မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးစပါးများ ဆစ်ပိုးကျရောက်မှုမရှိစေရန် ကာကွယ်ခြင်းနှင့် မျိုးကွဲပယ်ခြင်း၊ ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၄ ရက် နံနက် က ပေါင်မြို့နယ် ကျွဲခြံ-ကော့ကရင်လမ်းရှိတောင်သူ ဦးစောငွေး၏ မျိုးပြစိုက်ကွက်၌ ပြုလုပ်ခဲ့သည်။ **ချို့မြတ်မြတ်ထွေး (iprd)**

## မြေယာလျော်ကြေးသီးနှံ နစ်နာကြေးပေးအပ်

**မြိုင် စက်တင်ဘာ ၆**။ ။မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံမြေစခန်းဧရိယာအတွင်း ဒေသခံတောင်သူများအား မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေး ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။ **စိန်မြိုင်(မြိုင်)**

## ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**။ ။အလှူရှင် ဦးမင်းဝေ- ဒေါ်သန်းသန်းဝေတို့က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက် နွယ်နီ(၁)လမ်းအား အရှည် ပေ ၄၅၀၊ အကျယ် ကိုးပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းဖွင့်လှစ်ပွဲနှင့် အလက (၁၃)လှိုင်သာယာ ကျောင်းဝင်းအတွင်း (၂၀×၆၀)ပေ မုန့်စားဆောင် ဆောက်လုပ်လှူဒါန်းပေးအပ်ပွဲကို ဩဂုတ် ၃၁ ရက်နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(၃၂၉)**

## ဝန်းသိုမြို့၌ ပိုင်ရှင်မဲ့နွားများ သိမ်းဆည်းရမိ

**ဝန်းသို စက်တင်ဘာ ၆**။ ။ဝန်းသိုမြို့၌ စက်တင်ဘာ ၃ ရက်က ကျောက်မဆင်ကျေးရွာအုပ်စု၊ ကျောက်မဆင်ရွာ အနောက်ဘက်ကိုက် ၂၀၀ ခန့်အကွာရှိကျောက်မဆင်-အင်္ဂါးသွားလမ်းမပေါ်တွင် ပိုင်ရှင်မဲ့နွားထီး ၁၀ ကောင်အား ဘုရားတောင် ကျေးရွာနေ ကျောက်မဆင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦး ဦးစီးသောအဖွဲ့က ထိန်းသိမ်းထားကြောင်း သတင်းအရ ဝန်းသိုမြို့မရဲစခန်းက ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **လှမျိုးထွန်း(ပြန်/ဆက်)**

# ဆိုင်ကယ် ၁၄ စီး ခိုးယူသူ ပဲခူး၌ ဖမ်းမိ

**ပဲခူး စက်တင်ဘာ ၆**

ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းအပိုင်တွင် ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ မှုခင်းကျဆင်းရေး ညွှန်ကြားချက်ဖြင့် အမှတ်(၃) စခန်းမှူး ရဲအုပ်ဇော်လင်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လင်းအောင်နှင့် တပ်ဖွဲ့ဝင်ကိုးဦးတို့သည် နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေစဉ် ဩဂုတ် ၂၆ ရက်က ကျိုက်စက္ကောရဲဘက်စခန်းမှ ထွက်ပြေးလာသူ ကြက်ကြီး(ခ)ရဲထွဋ်အား အမှတ်(၂) ရပ်ကွက် နယ်မြေ(၉) ဦးပုညလမ်းတွင် JLM-110 (အနီရောင်)ဆိုင်ကယ်နှင့်အတူ တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းမှာ တစ်စုံတစ်ရာပြောဆိုနိုင်ခြင်း မရှိသဖြင့် သက်သေများနှင့်အတူ ခေါ်ယူစစ်ဆေးခဲ့ရာမှ ယိုးဒယားနိုင်ငံလုပ် ဆိုင်ကယ်ငါးစီးနှင့် တရုတ်နိုင်ငံလုပ် ဆိုင်ကယ်ကိုးစီး စုစုပေါင်း ၁၄ စီးကို ခိုးယူပြီး**(ယာပုံ)** ပဲခူးမြို့ပေါ်တွင် လိုက်လံရောင်းချခဲ့ကြောင်း စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီး သက်သေခံဆိုင်ကယ်များကို သိမ်းဆည်း၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ပဲခူးသား)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုလုပ်အားပေး

**မော်လမြိုင် စက်တင်ဘာ ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့ ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးကြီး အောင်ကျော်ဦး၊ ပြည်နယ်ရဲတပ်ဖွဲ့ ဦးစီးပထမတန်း ဒုတိယရဲမှူးကြီး ခင်မောင်ထွေး၊ ပြည်နယ်အကူရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးကြည်တို့ ဦးစီးသော ပြည်နယ်/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၉) မှ တပ်ဖွဲ့ဝင်များ၊ အမှတ် (၉) ယာဉ်ထိန်း ဒု-တပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၇၀ တို့က ယနေ့နံနက် ၆ နာရီမှ ၉ နာရီအထိ မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်း အတွင်းရှိ ချုံနွယ်၊ မြက်ပင်များကို လေးနေရာ အုပ်စုခွဲ၍ ခုတ်ထွင်ရှင်းလင်းကာ ဆေးရုံကြီး ပရဝဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။ **(ယာပုံ)**

**သိန်းလှိုင်(မော်လမြိုင်)**



# လက်နက်ဖြင့် ပြန်လည်ခုခံသည့် မူးယစ်တရားခံပြေးနှစ်ဦးအား လက်နက်ခဲယမ်းများနှင့် အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက်က မြဝတီမြို့မရဲစခန်း မယ(ပ) ၅၀/ ၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၆ (ဂ)/၂၁ အမှုမှ တိမ်းရှောင်နေသည့် ကွင်းဆက်တရားခံ ကျော်မင်းသူနှင့် မြဝတီမြို့မရဲစခန်း မယ(ပ) ၁၈/၂၀၁၃၊ မူး/စိတ် ပုဒ်မ ၁၅/၁၆(ဂ)/၂၁ အမှုမှ တိမ်းရှောင်နေသည့် ကွင်းဆက်တရားခံ မဖာတမာတို့သည် မြဝတီမြို့ ရပ်ကွက် (၄) ပြည်တော်သာ(၄)လမ်း သရက်ခြံတွင်ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မင်းသူက အဖမ်းမခံဘဲ ကိုးလုံးကျည်ပြောင်းချော သေနတ်တစ်လက်(ကျည်သုံးတောင့်ပါ)ဖြင့် ပြန်လည်ခုခံရန်ပြု၍ ပူးပေါင်းအဖွဲ့က ကာဘိုင်သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ကာကွယ်ခဲ့ရာ ကျော်မင်းသူ၏ဝဲဘက်တင်ပါးအောက် ရှပ်မှန်ဒဏ်ရာတစ်ချက်ထိမှန်ပြီး မဖာတမာကလည်း ဖမ်းဆီးရေးအဖွဲ့အား အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းဖြင့် ရန်ပြုခဲ့၍ ၎င်းတို့နှစ်ဦးအပေါ် လက်နက်ဥပဒေ ပုဒ်မ ၁၉(စ)ဖြင့် လည်းကောင်း၊ ၁၉(င) ဖြင့်လည်းကောင်း၊ မူးယစ်တရားခံပြေးအမှုတို့ဖြင့် လည်းကောင်း အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# လောက်ကိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စိတ်ကြွဆေးအကြေမှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက်က လောက်ကိုင်မြို့ ရပ်ကွက်(၃) လောက်ကိုင်-ရန်လုံကျိုင်းသွား ကားလမ်းမဘေးရှိ ကျုံးစီကော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျုံးကွယ်ရှင်းအား တွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ စိတ်ကြွဆေးအကြေမှုန့် ၈၀ ဂရမ်နှင့် WY စာတန်းပါ လက်ရိုက်မိုတစ်စုံတို့အား သိမ်းဆည်းရမိသဖြင့် ကျုံးစီကော်(၅၁) နှစ်နှင့်ကျုံးကွယ်ရှင်း(၅၀)နှစ်တို့နှစ်ဦးအား**(ဝဲပုံ)** မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## အလုပ်သင်ဒုတိယအကောက်ခွန်မှူး ရေးဖြေစာမေးပွဲ
## အောင်မြင်သူစာရင်းထုတ်ပြန်ခြင်း

ရန်ကုန်မြို့၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
၂၀၁၄ ခုနှစ် စက်တင်ဘာလ ၇ ရက်

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် ၂၃-၈-၂၀၁၄ရက်တွင် ကျင်းပပြုလုပ်ခဲ့သော လစာနှုန်း (၉၃၀၀၀ိ-၁၀၀၀ိ- ၉၈၀၀၀ိ)ခံစားခွင့်ရှိသော အလုပ်သင် ဒုတိယအကောက်ခွန်မှူးရေးဖြေစာမေးပွဲတွင် အောင်မြင်သူ (၂၄၀)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

ခုံအမှတ်များ

၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊၁၆၊၁၇၊၁၈၊ ၁၉၊ ၂၂၊ ၂၇၊ ၂၈၊ ၃၁၊ ၃၃၊ ၃၄၊ ၃၈၊ ၄၂၊ ၄၄၊ ၄၆၊ ၄၇၊ ၅၀၊ ၅၈၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၉၊ ၇၀၊ ၇၆၊ ၇၉၊ ၈၀၊ ၈၄၊ ၉၈၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၇၊ ၁၀၈၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၆၊ ၁၁၉၊ ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၂၊ ၁၃၄၊ ၁၃၇၊ ၁၃၈၊ ၁၄၀၊ ၁၄၂၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၅၊ ၁၅၇၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၆၊ ၁၆၈၊ ၁၇၀၊ ၁၇၂၊၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၈၁၊ ၁၈၄၊ ၁၈၅၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၉၁၊ ၁၉၂၊ ၂၀၀၊ ၂၀၃၊၂၀၄၊၂၀၈၊၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၇၊ ၂၂၁၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊၂၃၁၊ ၂၃၂၊ ၂ ၃၄၊ ၂၃၆၊ ၂၃၉၊ ၂၄၅၊ ၂၄၇၊ ၂၄၈၊၂ ၄၉၊ ၂၅၂၊ ၂၆၁၊ ၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၆၊ ၂၇၉၊ ၂၈၂၊ ၂၈၄၊ ၂၉၀၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၃၀၃၊ ၃၀၇၊ ၃၀၈၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆၊ ၃၁၇၊ ၃၂၀၊ ၃၂၃၊ ၃၂၈၊ ၃၂၉၊ ၃၃၄၊ ၃၃၅၊ ၃၃၆၊ ၃၄၃၊ ၃၄၅၊ ၃၄၇၊ ၃၄၉၊ ၃၅၀၊ ၃၅၃၊ ၃၅၅၊ ၃၅၇၊ ၃၆၂၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၇၀၊ ၃၇၂၊ ၃၇၃၊ ၃၇၅၊ ၃၈၁၊ ၃၈၄၊ ၃၈၅၊ ၃၉၀၊ ၃၉၃၊ ၃၉၆၊ ၄၀၀၊ ၄၀၁၊ ၄၀၄၊ ၄၁၂၊ ၄၁၃၊ ၄၁၅၊ ၄၂၁၊ ၄၂၃၊၄၂ ၄၊ ၄၃၁၊ ၄၄၀၊၄၄၂၊ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆၊ ၄၅၂၊ ၄၅၃၊ ၄၅၅၊ ၄၆၅၊ ၄၆၇၊ ၄၆၉၊ ၄၇၀၊ ၄၇၄၊ ၄၈၃၊ ၄၈၅၊ ၄၈၈၊ ၄၈၉၊ ၄၉၀၊ ၄၉၆၊ ၄၉၇၊ ၅၀၀၊ ၅၀၅၊ ၅၀၇၊ ၅၁၄၊ ၅၂၁၊ ၅၂၉၊ ၅၃၀၊၅ ၃၇၊ ၅၅၄၊ ၅၆၂၊ ၅၆၃၊ ၅၇၁၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၇၊ ၅၇၈၊ ၅၈၄၊ ၅၈၅၊ ၅၈၆၊ ၅၉၀၊ ၅၉၂၊ ၅၉၄၊ ၆၀၀၊ ၆၀၁၊ ၆၀၃ ၊၆၀၈၊ ၆၀၉၊ ၆၁၅၊ ၆၂၄၊ ၆၃၂၊ ၆၃၄၊ ၆၃၆၊ ၆၃၈။

၂။ ရေးဖြေအောင်မြင်သူများအား ရေကူးစစ်ဆေးခြင်းကို အောက်ပါအတိုင်း စစ်ဆေးသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၉-၉-၂၀၁၄ရက်(အင်္ဂါနေ့) |
| အချိန် | - နံနက် ၉ နာရီ |
| နေရာ | - အမျိုးသားရေကူးကန်၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ် |
| စစ်ဆေးမည့် | - အမျိုးသမီးများ(နံနက် ၈နာရီ) |
| အစီအစဉ် | - အမျိုးသားများ(မွန်းလွဲ ၁၃နာရီ) |
| ဆက်သွယ်ရမည့် ဖုန်းနံပါတ် | - ၀၁-၃၈၀၇၂၉၊ ၀၁-၃၈၄၈၄၅ |

၃။ ရေကူးအောင်မြင်သူများအား ၁၇-၉-၂၀၁၄ နှင့် ၁၈-၉-၂၀၁၄ရက်တွင် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးသွားမည်ဖြစ်ရာ ရေကူးအောင်မြင်သူစာရင်းအား အကောက်ခွန်ဦးစီးဌာန၊ ရုံးချုပ်ရှေ့ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန






## လေလံကြော်ငြာ

ထီးလင်းမြို့နယ် သစ်တောဦးစီးဌာနရှိ ကျွန်းပင်ကြပ်/တိုင်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက် နံနက် ၁၀ နာရီတွင် ဦးစီးအရာရှိရုံး သစ်တောဦးစီး ဌာန ထီးလင်းမြို့တွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

လေလံစည်းကမ်းတစ်စုံလျှင် ၃၀၀၀ကျပ်နှုန်းဖြင့် သစ်တောဦးစီးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်မှ လေလံတင်ရောင်းချမည့် ကျွန်းပင်ကြပ်/တိုင်များမှာ (၂၅၂၉)လုံး၊ ကျွန်းပင်/ကြပ်တိုင်(၁)ပေမှ (၁)ပေ (၁၁)လက်မထိ (၁၂၂)လုံး၊ ကျွန်းပင်ကြပ်/တိုင် (၂)ပေမှ (၂)ပေ (၁၁) လက်မထိ (၆)လုံး စုစုပေါင်း ၁ ဒသမ ၄၂၆၄ တန်ဖြစ်ပါသည်။

ထီးလင်းမြို့နယ်၊ သစ်တောဦးစီးဌာန



## ရိုက်ကူးရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လုပ်ဆောင်နေသည့် ဂျက်ကီချန်း



ဟောင်ကောင်ရုပ်ရှင်ကြယ်ပွင့် ဂျက်ကီချန်းအနေဖြင့် သားဖြစ်သူ ဂျေစီချန်း မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့် ထိန်းသိမ်းခံရမှုများနှင့်ပတ်သက်ပြီး စိတ်မချမ်းမြေ့မှုများနှင့်ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ ၎င်း၏ရိုက်ကူးရေး လုပ်ငန်းများကို ပုံမှန်အတိုင်းပြန်လည်လုပ်ဆောင်နေပြီဖြစ်သည်။

ဒေသတွင်းမီဒီယာများ၏သတင်းဖော်ပြချက်အရ ဂျက်ကီချန်းသည် ၎င်း၏ ဇာတ်ကားသစ် Skiptrace ၏ ရိုက်ကူးရေးလုပ်ငန်းများအတွက် ပုံမှန်ဆောင်ရွက်မှု များကို စက်တင်ဘာ ၂ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Skiptrace ဇာတ်ကားသည် ဟောင်ကောင်-အမေရိကန် အက်ရှင်ဟာသဇာတ်မြူးကားတစ်ကားဖြစ်ကာ ယင်းဇာတ်ကားတွင် မင်းသမီး ဖန်ပင်းပင်း၊ အမေရိကန်စတန့်မင်းသား Johnny Knoxville တို့နှင့်အတူ ဂျက်ကီချန်းက စုံထောက်တစ်ဦးအဖြစ် ခေါင်းဆောင်ပါဝင်ထားသည်။

*မျိုး စ န္ဒာ မောင် - စု စည်း သည်*

## အယ်လ်ဘမ်သုံးခုဖြင့် ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့သည့် One Direction

လူငယ်ဂီတအဖွဲ့ One Direction က ၎င်းတို့၏ အယ်လ်ဘမ်သုံးခုဖြင့် ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းအဖွဲ့သည် Up All Night၊ Take Me Home နှင့် Midnight Memories အယ်လ်ဘမ်တို့ဖြင့် အမေရိကန်ဂီတလောက၌ ထိပ်တန်းတွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ယင်းကဲ့သို့ မှတ်တမ်းဝင်နိုင်ခဲ့ခြင်းလည်းဖြစ်ပြီး "ကျွန်တော်တို့ ပထမဆုံးလုပ်နိုင်ခဲ့ပါပြီ၊ ဒါဟာ ကျွန်တော်တို့အဖွဲ့ရဲ့ ဂုဏ်ယူစရာအကောင်းဆုံးအချိန်ပါပဲ"ဟု One Direction မှ အဖွဲ့ဝင် Niall Horan က ဆိုသည်။



ယခုလက်ရှိတွင် အဆိုပါအဖွဲ့သည် ယမန်နှစ် နှစ်ကုန်ပိုင်းက ထွက်ရှိခဲ့သည့် Midnight Memories အယ်လ်ဘမ်၏ပရိုမိုးရှင်းဖျော်ဖြေပွဲခရီးစဉ်အဖြစ် ဂီတဖျော်ဖြေပွဲခရီးစဉ်ကို အောက်တိုဘာ ၅ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

□□

## သင်ပုန်းကြီး မိုဘိုင်းစာကြည့်တိုက် မိတ်ဆက်၊ စာပေဟောပြောပွဲနှင့် ပန်းချီပြပွဲဝင်ကြေးအခမဲ့ပြသ

**ရန်ကုန် စက်တင်ဘာ ၆**


စာမတတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူမှုဘဝမြင့်မားနိုင်စေရန် တစ်ထောင့်တစ်နေရာမှ မြှင့်တင်ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအသင်းမှ ကြီးမှူး၍ သရပါစာကြည့်တိုက်မှ စီစဉ်သော သင်ပုန်းကြီးမိုဘိုင်းစာကြည့်တိုက် မိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲနှင့် ပန်းချီပြပွဲဝင်ကြေးအခမဲ့ပြသခြင်းကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ စာပေစိတ်ဝင်စားသူနှင့် လာရောက်လေ့လာသူများ များပြားလျက်ရှိကြောင်း သိရသည်။



အဆိုပါသင်ပုန်းကြီးမိုဘိုင်းစာကြည့်တိုက် မိတ်ဆက်ခြင်းတွင် စာပေလေ့လာသူများအတွက် ချိုသာသောဈေးနှုန်းဖြင့် Platinum၊ Gold၊ Silver စသည့် ရွေးချယ်မှုဆိုင်ရာ Member Card အမျိုးမျိုးအား ပြုလုပ်နိုင်ပြီး လူငယ်များအတွက် သုတ၊ ရသစုံလင်သောစာအုပ်များအား ဝယ်ယူရရှိနိုင်သည်။ ပြပွဲတွင် နာမည်ကြီး ပန်းချီပညာရှင်များ၏ ပန်းချီပြကွက်များ၊ သုတ၊ ရသ စာအုပ်အမျိုးမျိုး၊ မျက်လှည့်ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်စရာရယ်စရာ ရုပ်ပြောင်ကာတွန်းအစီအစဉ်များ၊ ရသစာပေအမျိုးမျိုးတို့ကို မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။**(အပေါ်ပုံ)**

ထို့ပြင် နာမည်ကြီး စာရေးဆရာများ၏ စာပေဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ စာရေးဆရာ အကြည်တော်က လည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် နံနက် ၁၀ နာရီမှညနေ ၃ နာရီအထိ စာရေးဆရာ အော်ပီကျယ်နှင့် ဆရာဟိန်းလတ်တို့က လည်းကောင်း၊ ဟောပြောခဲ့ပြီး စက်တင်ဘာ ၇ ရက်တွင် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ စာရေးဆရာမ နုနုရည် (အင်းဝ)က ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲလာ ဧည့်ပရိသတ်များအား စာဖတ်ရှိန်မြှင့်တင်နိုင်ရေး၊ စာမဖတ်သူပပျောက်ရေးနှင့် အခြားဗဟုသုတအသိပညာများကို ကဏ္ဍအလိုက် ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။ ထိုပြပွဲကို စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(အောင်မင်း-ဒလ)**

### စိတ်ကြွရူးသွပ်ဆေးသည် သင့်ဦးနှောက်ကို ပျက်စီးစေသည်သာမက သင့်မိသားစုဘဝကိုပါ ပျက်စီးစေသည်ကို သတိပြုပါ














SHARP
ဂျပန်နိုင်ငံထုတ် အရည်အသွေးကို နှစ်ခြိုက်ပျော်မွေ့ကြပါ
AQUOS
Quattron Pro
JAPAN TECHNOLOGY
Moe Yu San, Actress,
SHARP Ambassador
SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591
www.sharp.com.sg

# တန်ဆောင်တိုင်တွင် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး စိန်ရတုသဘင် ကျင်းပသွားမည်



**မုံရွာ၊စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိမိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး၏ (၇၅) နှစ်မြောက် စိန်ရတုသဘင်ကို လာမည့်တန်ဆောင်တိုင်တွင် ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းတိုက်၏ နာယကဆရာတော် အရှင်သုမနက မိန့်ကြားသည်။

"မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်ကို လာမယ့် တန်ဆောင်မုန်းလမှာ ကျင်းပမှာပါ။ ဘုရားကြီးကို ဆီမီးရောင်ဝါ ပန်းနံ့သာတို့ဖြင့် မြိုင်ဆိုင်စွာ လှူဒါန်းပြီး လဆန်း ၁၃ ရက်မှာ ဘုရားကြီးကို အနေကဇာတင်အစီအစဉ် ပြုလုပ်မှာဖြစ်ပါတယ်။ ပင့်သံဃာတွေကို လှူဖွယ်ပစ္စည်းမျိုးစုံ ကပ်လှူမယ့်အပြင် အခြားတရားပွဲနဲ့ အထိမ်းအမှတ်အခမ်းအနားတွေ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။

"မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားကြီးမှာရှိတဲ့ မိမိတို့ရဲ့ ဘိုးဘွားတွေရဲ့ ကုသိုလ်တွေကို ပါဝင်ကုသိုလ်ပြု ကြည်ညိုနိုင်ကြသလို အနယ်နယ်အရပ်ရပ်က ပြည်သူတွေအနေနဲ့လည်း ဘုရားကြီးကို လာရောက်ဖူးမြော်စေချင်ပါတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

ထို့ပြင် စိန်ရတုအထိမ်းအမှတ်စာစောင်နှင့် ပြက္ခဒိန်များ ထုတ်ဝေရန် စီစဉ်ထားကြောင်း သိရသည်။ မိုးညှင်းသမ္ဗုဒ္ဓေ စိန်ရတုပွဲတော်တွင် စတုဒီသာကျွေးမွေးခြင်းအပြင် ဈေးပွဲ၊ ဇာတ်ပွဲများလည်း ပါဝင်မည်ဖြစ်ရာ တစ်ဆက်တည်းဖြစ်သော ယခုနှစ်ဘုရားပွဲတော်သည် အခြားနှစ်များနှင့်မတူ ပိုမိုစည်ကားမည်ဖြစ်သည်။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးကို ဒုတိယကမ္ဘာစစ်အတွင်း မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ ယခု ၁၃၇၆ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်ပြီ ဖြစ်သည်။ ဘုရားကြီးကို ဒုတိကမ္ဘာစစ်အတွင်း ပထမဆရာတော်ကြီးကိုယ်တိုင် ပုံစံပြ ဦးဆောင်တည်ထားခဲ့ပြီး ဆရာတော်အဆက်ဆက်မှ ဦးဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး တည်ဆောက်ချိန်မှာ အနှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီး ထုထည်ကြီးမားခြင်းနှင့် ထင်ရှားသည့် မြန်မာ့ဗိသုကာလက်ရာကြောင့် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားသော ဘုရားကြီးဖြစ်သည်။

ဘုရားကြီးကို ပတ်ဝန်းကျင်ကျေးရွာများမှ လုပ်အား၊ ငွေအားအလှူအပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၏လှူဒါန်းမှုဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး ထိုခေတ်က ကျပ်ငွေသိန်းနှစ်ဆယ်ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ ဘုရားကြီးတွင် ရုပ်ပွားစေတီပေါင်း ၅၈၂၅၆၃ ဆူ ကိန်းဝပ်တည်ရှိပြီး နေ့စဉ်နှင့်အမျှ ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်လျက်ရှိသည်။

စိန်ရတုသဘင်ပွဲတော်အတွက် ယခုအခါ စေတီများအား ပြန်လည်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ အနေဖြင့် ကြုံတောင့်ကြုံခဲ စိန်ရတုပွဲတော်တွင် ပါဝင်ကုသိုလ်ပြုလိုပါက မိုးညှင်းသမ္ဗုဒ္ဓေ နာယကဆရာတော် ဖုန်း ၀၉ ၂၁၃၀၆၁၀၊ ၀၉ -၃၃၃၆၉ ၆၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုထွန်း(အိုင်တီ)**

# လဲချားမြို့နယ်ဒေသခံများနှင့် လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး တွေ့ဆုံ

**လဲချား၊ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအဖွဲ့များသည် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

၎င်းတွေ့ဆုံပွဲတွင် လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအဖွဲ့များသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

လဲချားမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ရေရရှိမှု၊ လျှပ်စစ်မီး၊ စေတီပုထိုးများဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဒေသအခက်အခဲ၊ နယ်မြေအခက်အခဲများ ရှိကောင်းရှိနိုင်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများနှင့် ဒေသခံပြည်သူများ၏စိတ်တွင် ဘဝင်မကျမှုများ၊ သိရှိလိုသောအချက်များကို မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည်ဟု ယုံကြည်၍ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါတွေ့ဆုံပွဲတွင် ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာစေရန်အတွက် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေကြောင်း၊ ၎င်းလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် ပြည်သူ၊ ဌာနဆိုင်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များ လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လဲချားမြို့နယ်၌ ဆောင်ရွက်မည့် ရေပေးဝေရေး၊ မီးလင်းရေး၊ လမ်းနှင့်တံတား စသည့်လုပ်ငန်းများအားလည်းကောင်း၊ ခရိုင်မြေစာရင်းမှူးက မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများအားလည်းကောင်း၊ ခရိုင်ပညာရေးမှူးက ပညာရေးဌာနနှင့်ပတ်သက်၍လည်းကောင်း ယင်းနေ့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ တောင်သူများ၊ မြို့မိမြို့ဖများ၏ အခက်အခဲများနှင့် သိရှိလိုသောမေးမြန်းချက်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နန်းမေစုအောင်**

# ရပ်ရွာလူထုအခြေပြု မီးဘေးလုံခြုံရေးအတွက် မြောက်ဦးခရိုင် မင်းပြားတွင် မီးဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြော


**မင်းပြား၊ စက်တင်ဘာ ၆**


ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်နိုင်ရေး၊ ရပ်ရွာလူထုအခြေပြု မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြောက်ဦးခရိုင် မင်းပြားမြို့၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က မီးကို မဆင်မခြင်သုံးစွဲခြင်းမှ ကြိုတင်ကာကွယ်ရေးနှင့် လူတိုင်းကိုယ်စီ အသိရှိပြီး မီးကိုအသုံးပြုတတ်ရန် အရေးကြီးကြောင်းဖြင့် အမှာစကား ပြောကြားခဲ့သည်။


ထို့နောက် မင်းပြားမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးစံထွန်းက မီးလောင်မှုဖြစ်စဉ်အား ရှင်းလင်းပြသပြီး ပြည်သူများအားလုံး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရန် ပြောကြားသည်။


အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကျန်းမာရေးဆောင်းပါး

# ခြေသလုံးကြွက်တက်ရခြင်းအကြောင်း သိကောင်းစရာများ

**à ayjufyjuf**

ကြွက်တက်ခြင်းဆိုတာ လူ့ခန္ဓာကိုယ်မှာ ထိန်းချုပ်နိုင်သော ကြွက်သားနှင့် မထိန်းချုပ်နိုင်သောကြွက်သားဟူ၍ ကြွက်သားနှစ်မျိုး ရှိပါတယ်။ ဥပမာ-ခြေနှင့် လက်တို့ မတင်ခြင်း၊ လှုပ်ရှားခြင်း၊ ကွေးခြင်း၊ ခေါက်ခြင်း စသည်တို့ ပြုလုပ်ချိန်မှာ သုံးနိုင်သည့်ကြွက်သားကို ထိန်းချုပ်နိုင်သောကြွက်သားဟု ခေါ်ဆိုပြီး၊ အကြောဆွဲခြင်းနှင့် ကြွက်တက်ခြင်းတို့ ဖြစ်စေနိုင်သော ကြွက်သားကိုတော့ မထိန်းချုပ်နိုင်သောကြွက်သားလို့ ခေါ်ပါတယ်။

ရုတ်တရက်မထင်မှတ်ဘဲ ကြွက်သားများ ကျုံ့သွားချိန်မှာ ကြွက်တက်ခြင်း (သို့မဟုတ်) အကြောဆွဲခြင်းတို့ ဖြစ်လာရပါတယ်။ ထို အကြောဆွဲခြင်းက ကြွက်သားတစ်ခု (သို့မဟုတ်) ကြွက်သားအုပ်စုတစ်စုကို ရုတ်တရက် ကျုံ့သွားစေတာမျိုးပါ။ ကြွက်တက်တဲ့အခါ စက္ကန့်အနည်းငယ် (သို့မဟုတ်)မိနစ်အနည်းငယ်မှ ယင်းထက်ပို၍လည်း ကြာနိုင်ပါတယ်။ ကျား၊ မ အသက်အရွယ် အပိုင်းအခြားမရွေး ကြွက်တက်နိုင်ပြီး၊ သက်ကြီးရွယ်အိုများ အိပ်နေချိန်မှာ သွေးလည်ပတ်မှုနှေးကွေးသွားတာကြောင့် ကြွက်တက်နိုင်သလို၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်ဝန်သက်တမ်း ဒုတိယသုံးလပတ်ကာလအတွင်း ကိုယ်အလေးချိန်ပိုလာတာကြောင့် ခြေနှင့်လက်တို့မှာ ကြွက်တက်လေ့ရှိပါတယ်။

ကြွက်တက်ရသော အကြောင်းအရင်းမှာ ရေဓာတ်အနည်းငယ် ဆုံးရှုံးမှုနဲ့အတူ ဆား (Na) ဓာတ် ဆုံးရှုံးမှုတွေရဲ့ အကျိုးဆက်အဖြစ် ခြေသလုံး ကြွက်သားတွေ နာကျင်ပြီး ကြွက်တက်တာကို ခံစားလာရပါတယ်။ ပူပြင်းတဲ့ရာသီမှာ လူအများစု ခံစားရလေ့ရှိပြီး ကြွက်သားတွေ အပြင်းအထန်လှုပ်ရှား၍ ပင်ပန်းနွမ်းနယ်နေတဲ့အခါ ရေဓာတ်နဲ့ ဆားဓာတ် ဆုံးရှုံးမှုများလေ ကြွက်တက်တာ ပိုဆိုးလေပါပဲ။ ဒါ့ပြင် အလွန်ချမ်းအေးတဲ့ ဆောင်းရာသီမှာလည်း သွေးလည်ပတ်မှုနှေးကွေးသွားတာကြောင့် ကြွက်တက်လေ့ရှိပါတယ်။ လှုပ်ရှားမှုမရှိခြင်း၊ လေ့ကျင့်ခန်းမလုပ်ခြင်း၊ ကိုယ်ဟန်အနေအထားတစ်မျိုးတည်း အချိန်အကြာကြီး ရပ်ခြင်း၊ ကုလားထိုင်ပေါ်တွင် အကြာကြီး ထိုင်နေခြင်း (သို့မဟုတ်) ခြေချင်းချိတ်၍ အချိန်အကြာကြီးထိုင်ပြီးနောက် ရုတ်တရက် မတ်တပ်ထရပ်ခြင်း၊ ငြိမ်သက်စွာ အိပ်စက်ပြီးနောက် ခြေထောက်အကြောဆန့်ခြင်း၊ ခပ်ပြင်းပြင်း လေ့ကျင့်ခန်းလုပ်ခြင်း၊ ရေကူးခြင်း စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ကြွက်တက်နိုင်သလို၊ ခန္ဓာကိုယ်ထဲမှာ ကယ်လ်စီယမ် (သို့မဟုတ်) ပိုတက်စီယမ် (သို့မဟုတ်) မဂ္ဂနီစီယမ်ဓာတ် ချို့တဲ့ခြင်း၊ ရေဓာတ်ခမ်းခြောက်ခြင်း၊ အာရုံကြော (သို့မဟုတ်) ကြွက်သားများ ဒဏ်ရာရခြင်း၊ ကြွက်သားများမှာ သွေးလည်ပတ်မှု အားနည်းခြင်း၊ ကျောက်ကပ်မကောင်းခြင်း စသည့်ရောဂါများကြောင့်လည်း ကြွက်တက်နိုင်ပါတယ်။

ထို့ပြင် အယ်လ်ဇိုင်းမား(ခေါ်)ဇရာကြို ရောဂါကု ဆေးဝါး၊ ခြေတုန်လက်တုန်(ခေါ်) ပါကင်န်ဆဲန်ရောဂါကုဆေးဝါး၊ သွေးတိုးရောဂါပျောက်ဆေး၊ ကိုလက်စထရောလျှော့ချဆေး၊ ဆီးဆေး၊ အသည်းဆေးများ၊ ပဋိသန္ဓေတားဆေး၊ steroids စတဲ့ ပဋိဇီဝဆေးများရဲ့ ဘေးထွက်ဆိုးကျိုးများက ကြွက်တက်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

(၁) ကြွက်တက်လာပါက လှုပ်ရှားမှုတွေရပ်တန့်ပြီး ကြွက်တက်တဲ့ခြေထောက်ကို အနားယူဖြေလျှော့ပေးပါ။ ဥပမာ-မတ်တပ်ရပ်နေစဉ် ကြွက်တက်ပါက ဦးစွာထိုင်ချပြီးနောက် ခြေချောင်းနှင့် ဒူးကို အလိုက်သင့်ကွေးထားပေးပါ၊ ပြီးလျှင် ကြွက်တက်နေသည့်ခြေထောက်၏ ခြေချောင်းလေးများကို လက်ဖြင့်ကိုင်၍ ချိုးပေးပါ။ (ခြေထောက်ဆန့်တန်းထားလေ၊ ကြွက်သားတင်းမာလေဖြစ်တာကြောင့် နာကျင်မှု ပိုလာစေပါမယ်။)

(၂) မတ်တပ်ရပ်နေစဉ် ကြွက်တက်ပါက နံရံကိုမျက်နှာမူ၍ မတ်တပ်ရပ်ပါ။ ပြီးလျှင် ခြေထောက်ကို ဖြည်းဖြည်းခြင်းဆန့်တန်း၍ ထိုနံရံကို ခြေထောက်ဖြင့် ကန်ထားပါ။ စက္ကန့် ၂၀ လောက် ကန်ထားခြင်းဖြင့် ကြွက်သားတွေ သူ့အလိုလို ပြန်ကျသွားပါလိမ့်မယ်။

အကယ်၍ ခြေထောက်ကွေးထားစဉ်မှာ လက်ဝဲဘက်ခြေထောက် ကြွက်တက်နေပြီဆိုပါစို့။ ဦးစွာ လက်ယာဘက်ခြေထောက်ကို ဆန့်တန်း၍ ပြဿနာဖြစ်နေတဲ့ လက်ဝဲဘက်ခြေထောက်ကို ရင်ခေါင်းထိရောက်အောင် ဖိကပ်လိုက်ပါ။ ပြီးလျှင် ဖနောင့်ကို မြေပြင်ပေါ်ထောက်၍ ခြေချောင်းလေးတွေကိုတော့ မိုးပေါ်ထောင်ထားပေးပါ။ ကြွက်သားတွေပြန်မကျမချင်း ဤနည်းအတိုင်းလုပ်ပေးပါ။

(၃) ကြွက်တက်တဲ့အခါ ဖုထစ်နာကျင်နေတဲ့ ကြွက်သားနေရာကို အသာအယာ ဖျစ်ညှစ်ပြီး ဖြေလျှော့ပေးနိုင်သလို၊ ဓာတ်ဆားရည်နဲ့ အီလက်ထရိုလိုက်ဖျော်ရည်တွေ သောက်သုံးပေးပါ။

(၄) ကြွက်သားပေါ်ကို ရေနွေးအိတ်အပူဖိကပ်ပေးပါ (သို့မဟုတ်) ကြွက်တက်နေတဲ့ ကြွက်သားဖုပေါ်ကို ရေနွေးပုလင်းဖြင့် အောက်ဘက်သို့ဆွဲချ၍ အသာအယာ လှိမ့်ပေးပါ။

(၅) ဆပ်ပြာရည် လောင်းချပေးပါ။ ဆပ်ပြာရည်ရဲ့ တန်ပြန်ဓာတ်သက်ရောက်မှုကြောင့် ကြွက်သားတွေကို စက္ကန့်အနည်းငယ်အတွင်းမှာပင် ပြေလျော့သွားစေပါတယ်။

(မှတ်ချက်။ ကြွက်တက်နေချိန် အနှိပ်ခံခြင်းက သက်သာနိုင်တယ်ဆိုပေမယ့် မှားယွင်းသောနည်းဖြင့် နှိပ်နယ်ပါက ကြွက်တက်ခြင်းကို ပိုမိုဆိုးရွားသွားစေနိုင်လို့ သတိပြုပါ။)

**ကြွက်တက်ခြင်းအတွက်**
**အိမ်တွင်းကုထုံးလေးများ –**

(၁) အညောင်းမိခြင်းကြောင့် ကြွက်တက်နိုင်ပါတယ်။ ဒါကြောင့် ခြေဆန့်လက်ဆန့်လုပ်ခြင်း၊ သွေးပူလေ့ကျင့်ခန်းလုပ်ခြင်း၊ အကြောလျှော့ခြင်းတို့ဖြင့် ကြွက်တက်ခြင်းကို ကြိုတင်ကာကွယ်ထားနိုင်ပါတယ်။

(၂) ဆိုဒီယမ်(ခေါ်)ဆားအငန်ဓာတ် လွန်ကဲစွာစားသုံးခြင်းက လူကို ဘေးဖြစ်စေသော်လည်း အာရုံခံအင်္ဂါအဖွဲ့အစည်းများနှင့် ကြွက်သားများ ကောင်းစွာအလုပ်လုပ်စေနိုင်ဖို့အတွက် သင့်တင့်သော ဆိုဒီယမ်ပမာဏက မရှိမဖြစ်လေးပါ။ ဒါကြောင့် မကြာခဏကြွက်တက်လေ့ရှိသူများနှင့် ချွေးထွက်သန်သူများအဖို့ ဥပမာ-အငန်ဓာတ်ပါရှိသော မုန့်အငန်စားပါ(သို့မဟုတ်) သစ်သီးကို ဆားရည်အနည်းငယ်စိမ်၍ စားပါ။

(၃) The University of Maryland Medical Center မှ ကျန်းမာရေးသုတေသီများ၏ အကြံပြုချက်အရ၊ အရွယ်ရောက်ပြီးသူတစ်ဦးရဲ့ တစ်နေ့တာ ပိုတက်စီယမ်ဓာတ်လိုအပ်ချက်ပမာဏမှာ ၄၇၀၀ မီလီဂရမ် ဖြစ်ပြီး၊ ထိုဓာတ်ချို့တဲ့ခြင်းက ကြွက်တက်ခြင်းကို ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာများဖြစ်ကြသော ငှက်ပျောသီး၊ ဖရဲသီး၊ ရှောက်၊ သံပုရာ၊ သံပရိုသီးများ၊ ထောပတ်သီး၊ အာလူး၊ ကန်စွန်းဥ၊ နွားနို့၊ စွန်ပလွံသီး၊ တရုတ်ဆီးသီး၊ စပျစ်သီး၊ စပျစ်ခြောက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်း၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ ရေငန်ငါးအမျိုးမျိုး၊ ဝက်သား၊ သိုးသားတို့ စားပေးပါ။

(၄) The National Institutes of Health မှ ကျန်းမာရေးသုတေသီများ၏ အကြံပြုချက်အရ အရွယ်ရောက်ပြီးသူတစ်ဦး၏ တစ်နေ့တာ ကယ်လ်စီယမ်လိုအပ်ချက်ပမာဏမှာ ၁၀၀၀ မီလီဂရမ်ဖြစ်ပြီး၊ ထိုဓာတ်ချို့တဲ့ပါက ကြွက်သားများ ကျုံ့သွားစေနိုင်ပါတယ်တဲ့။ နွားနို့တစ်ဖန်ခွက်မှ ကယ်လ်စီယမ် ၂၄၄ မီလီလီတာ ရရှိနိုင်မှာဖြစ်သလို၊ ကယ်လ်စီယမ်ဓာတ်ကြွယ်ဝတဲ့ အရိုးပါဝါးစားလို့ရတဲ့ ငါးသေးများ၊ ဒိန်ချဉ်၊ ချိစ်၊ ဗာဒံစေ့၊ သဖန်းသီး၊ ကတွတ်သီး၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်တို့ စားပေးပါ။



(၅) အားနည်းခြင်း၊ ကြွက်တက်ခြင်းနှင့် ကြွက်သားများကျုံ့ခြင်းတို့ဟာ မက်ဂနီစီယမ်ဓာတ်အားနည်းတဲ့ လက္ခဏာများဖြစ်ကြပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ မက်ဂနီစီယမ်ဓာတ်လိုအပ်မှု များပြားပါတယ်။ ထိုဓာတ်တွေကြွယ်ဝတဲ့ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ အစေ့အဆန်များ၊ ကောက်နှံများ၊ ငှက်ပျောသီးနှင့် ကညွတ်၊ ဟင်းနုနယ်ရွက်၊ ကိုက်လံတို့လို အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်တို့ စားပေးပါ။

(၆) ညဘက် ကြွက်တက်လေ့ရှိသူများအဖို့ quinine ဓာတ်ပါရှိသော အားဖြည့်ရေကို သောက်ပါ (သို့မဟုတ်) quinine ဓာတ်ပါရှိသော Qualaquin ဆေးကို မှီဝဲပါ။

(၇) အရက်သေစာ သောက်စားခြင်းက ညအိပ်ပျော်နေစဉ်မှာ ကြွက်တက်ခြင်းနှင့် ဆက်စပ်မှုရှိနေလို့ သတိပြုသင့်ပါတယ်။

(၈) တစ်နေ့တာလုံး ရေသောက်နဲခြင်းကလည်း ညအိပ်ပျော်နေစဉ်မှာ ကြွက်တက်နိုင်တာကြောင့် နေ့ဘက်မှာ ရေများများသောက်ပေးပါ။

(၉) အိပ်ပျော်နေစဉ် ကြွက်တက်လေ့ရှိသူများက ညအိပ်ရာမဝင်ခင် ခြေသလုံးကြွက်သားအကြောများကို ဖြေလျှော့နှိပ်နယ်ပေးထားခြင်းဖြင့် ကြွက်မတက်အောင် ကြိုတင်ကာကွယ်ရာရောက်ပါတယ်။

(၁၀) Primrose oil (ခေါ်) အဝါရောင်ပန်းပွင့်အဆီတွေက သွေးကြောပိတ်ဆို့၍ ကြွက်တက်ခြင်းအတွက် အသုံးဝင်တာကြောင့် ထိုပန်းပွင့်ဖြင့်ဖော်စပ်ထားတဲ့ အဝါရောင်ဆေးအဆီလုံး (Primrose oil) ကို ညအိပ်ရာမဝင်ခင် သောက်ပါ။ ။






## ဆက်သွယ်ပါ

(၅)ထပ်တိုက်၊ (၁၀)ထပ်တိုက်၊ အထပ်မြင့်ကွန်ဒိုများ ဆောက်လုပ်လိုပါသည်။


မြေရှင်များ ဆက်သွယ်ပါ။

ရွှေရည်ပန်းစက်

**Ph:09-43017000, 09-5089764**





## ငှားလိုသည်

(နိုင်ငံခြားသားသီးသန့်)

ရန်ကုန်မြို့တွင်း-မြို့နယ်စုံရှိ လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်းများ ငှားလိုပါသည်။

ရွှေရည်ပန်းစက်

**09-43017000, 09-5089764**

## ရောင်းလိုသည်

| | | | | |
|---|---|---|---|---|
| (၁) | ရွှေလင်ပန်း-လှိုင်သာယာ | ပေ(20×60) | | |
| | Shop house-ဒုထပ် | 350သိန်း | | |
| (၂) | သမိုင်းမြို့သစ်(၂)လမ်း 6F | ပေ(12½×50) | = | 180သိန်း |
| (၃) | သမိုင်းမြို့သစ်(၂)လမ်း 5F | ပေ(12½×50) | = | 210သိန်း |
| (၄) | မရမ်းကုန်း-မုဒိတာ(၁) | တန်ဖိုးနည်းကွန်ဒိုအလှစုံ | | |
| (၅) | အင်းစိန်-မုဒိတာ(၂) | တန်ဖိုးနည်းကွန်ဒိုအလှစုံ | | |

ရွှေရည်ပန်းစက်

**Ph:09-43017000, 09-5089764**

# ယခုဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၂၅၀၀ ခန့်အား ချောက်မြို့ရေပေးဝေမှုလုပ်ငန်းအတွက်အသုံးပြုမည်



**ချောက်၊ စက်တင်ဘာ ၆**

ချောက်မြို့၊ မြို့ပေါ်လူထုသောက်သုံးရေဖူလုံစေရေးအတွက် စီမံကိန်းနှစ်ခုအား ငွေကျပ်သိန်း ၂၅၀၀ ခန့်ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်၏ ပြောကြားချက်အရ သိရသည်။

ချောက်မြို့နေပြည်သူများအတွက် လိုအပ်လျက်ရှိသော သောက်သုံးရေဖူလုံရေးအတွက် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ် ၁၅ ရပ်ကွက်ရှိရာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၇ ရပ်ကွက် ၆ ခုအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေပေးဝေမှုစနစ်မှ ဖြန့်ဝေပေးပြီး ကျန်ရပ်ကွက် ၉ ခုအား စည်ပင်သာယာမှ ရေတွန်းတင်စနစ်များဖြင့် ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အိမ်သွယ်ရေတိုင်ပေါင်း ၄၁၁၄ တိုင်၊ အများသုံးရေတိုင် ၄၉ တိုင်၊ ဘုန်းတော်ကြီးကျောင်း ၇၁ တိုင် စုစုပေါင်းရေတိုင် ၄၂၃၄ အား ရေဂါလန် ၇၇ ဒသမ ၁၅ သိန်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြို့လူထုသောက်သုံးရေဖူလုံရေးတိုးချဲ့ဖြန့်ဝေနိုင်ရန် ယခုဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှစ်ခုဖြင့် ဆောက်ရွက်လျက်ရှိကြောင်း၊ စီမံကိန်း (၁) မှာ အမှတ် ၅ ရပ်ကွက်တွင် ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ပြီး ရေပန့်တစ်စုံ၊ ရေတင်ပိုက်လိုင်းအချို့နှင့် ဆက်စပ်လုပ်ငန်းများအား ငွေကျပ် ၉၉၅ သိန်းဖြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အုတ်ရေကန်တည်ဆောက်ပြီး ဆက်စပ်လုပ်ငန်းအနည်းငယ်သာကျန်ရှိ၍ မကြာမီရေဖြန့်ဝေနိုင်တော့မည်ဖြစ်ကြောင်း ဦးထင်အောင်က ပြောသည်။

စီမံကိန်းနှစ်မှာ အမှတ် ၁၅ တိုးချဲ့ရပ်ကွက် တိုးချဲ့ရေပေးဝေနိုင်ရေးလုပ်ငန်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အကူအညီပေးသည့် 160 KVA ထရန်စဖော်မာ နှစ်လုံး ၄ လက်မ PVC ပိုက် ၄၀၀၀ ပေ၊ တန်ဖိုး သိန်း ၆၀၀ တို့အပြင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ လိုအပ်လျက်ရှိသော ဆားဗစ်ဘရေကာတစ်လုံး ၂၁၈ သိန်း၊ မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေ လမ်းတံတားလုပ်ငန်းအတွက်အသုံးစရိတ် ၇၇၅ ဒသမ ၆ သိန်းအား စာရင်းပြောင်းလဲသုံးစွဲငွေဖြင့် သိန်း ၁၆၀၀ ခန့်သုံးစွဲပြီး စီမံကိန်း နှစ်ခုပေါင်းအတွက် ငွေကျပ်သိန်း ၂၅၀၀ အသုံးပြု၍ ဆောင်ရွက်အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဇီးချိုပင်မြစ်ဆိပ်တွင် ထရန်စဖော်မာနှင့် ရေစက်ရုံတို့အတွက် လိုအပ်မြေနေရာ ၉၀×၁၀၀ ပေ အားဒေါ်ချောမှ လှူဒါန်းခဲ့ပြီး အလယ်ရေတွန်းပန့် ရေအုတ်ကန်အတွက် လိုအပ်မြေ ၁၅၀×၁၀၀ ပေကို ဦးထွန်းကြိုင်မှ လှူဒါန်းခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ယခုနှစ်မကုန်မီ အပြီးဆောင်ရွက်၍ မြို့နေလူထု သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးထင်အောင်၏ ပြောကြားချက်အရ သိရသည်။

**ဝင်းငွေး(ပြန်/ဆက်)**

## မိုးစပါးစိုက်ပျိုးစရိတ် ငွေကျပ်သန်း ၄၉၂၈၇ ဒသမ ၄၀ ဖြင့် လျာထားဆောင်ရွက်

**စစ်တွေ၊ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း တောင်သူများသို့ ၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ထုတ်ချေးရန် ငွေကျပ် သန်း ၄၉၂၈၇ ဒသမ ၄၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးသို့ ဇွန်လဆန်းမှစ၍ ထုတ်ချေးပေးလျက်ရှိရာ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ရမ်းဗြဲ၊ ဂွ၊ မာန်အောင်မြို့နယ်များရှိ ကျေးရွာများမှ တောင်သူ ၅၁၅၆၉ ဦး၏ လယ်ဧက ၃၀၈၁၅၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် သန်း ၁၀၈၁၅ ဒသမ ၂၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ဆက်လက်၍ ထုတ်ချေးပေးရန်ကျန်ရှိနေသော မြို့နယ်များဖြစ်သည့် မြောက်ဦး၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ အမ်း၊ သံတွဲ၊ တောင်ကုတ်မြို့နယ်များရှိ တောင်သူတစ်ဦးချင်းစီ၏ လယ်ဧကအလိုက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယခုလအတွင်း အပြီးသတ်ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တန်ဖိုးနည်းဆင်းမ်ကတ်များကို ဟန်းဆက်များဖြင့် တွဲဖက်ရောင်းချနေမှုကြောင့် ဈေးကြီးပေးဝယ်နေရ

**ရေး၊ စက်တင်ဘာ ၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဆင်းမ်ကတ်များအား ရေးမြို့နယ်အတွင်း ရောင်းချရာတွင် ယင်းဒေသခံများမှ ဝယ်ယူရန်ခက်ခဲနေကြကြောင်း သိရသည်။ စက်တင်ဘာ ၁ ရက်မှစ၍ မြန်မာ့ဆက်သွယ်ရေးမှ ဆင်းမ်ကတ်များကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မြို့နှင့်နယ်မြို့များအပါအဝင် မိုဘိုင်းဖုန်းလက်လီအရောင်းအဆိုင်များတွင် တန်ဖိုးနည်းဆင်းမ်ကတ်များအား အလွယ်တကူဝယ်ယူနိုင်ကြောင်း ထုတ်ပြန်လျက်ရှိနေသော်လည်း ၎င်းဆင်းမ်ကတ်များကိုရရှိသော ရေးမြို့လက်လီဖုန်းဆိုင်များမှာ ဟန်းဆက်များဖြင့် တွဲရောင်းချသည့်အပြင် သတ်မှတ်ထားသောဈေးနှုန်းများထက် တစ်သောင်းကျပ်မှ နှစ်သောင်းကျပ်အထိ ငွေပိုပေး၍ နည်းလမ်းအမျိုးမျိုးဖြင့် ဝယ်ယူနေကြရကြောင်း ယင်းဒေသခံများက ပြောသည်။ ယင်းကြောင့်ဝယ်ယူသုံးစွဲကြသူများအကြား အငြင်းပွားဖွယ်ရာဖြစ်စေပြီးတန်ဖိုးနည်းဆင်းမ်ကတ်များအား အလွယ်တကူဝယ်ယူနိုင်ရန် ဒေသခံများမျှော်လင့်နေဆဲဖြစ်ကြောင်းသိရသည်။

**ထွဋ်ထွဋ်(ရေး)**

# ရတနာဈေးအနီး ဈေးသည်များနှင့် မော်တော်ယာဉ်များအား စည်းကမ်းထိန်းသိမ်းမှု ပုံမှန်ဆောင်ရွက်လျက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ လမ်းညွှန်မှု၊ ခရိုင်စည်ပင်သာယာရေးရုံးမှ ခရိုင်မှူးဦးဇော်ဝင်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်လမ်းဆုံအနီးရှိ ထောက်ကြန့်ရတနာဈေးအရှေ့နှင့် ဈေးအနီး သဇင်လမ်းထိပ်၊ သဇင်လမ်းအတွင်း စည်းကမ်းမဲ့ပုံကျဈေးသည်များမရှိစေရေး၊ ရန်ကုန်- ပဲခူး လမ်းမကြီးပေါ်ရှိ အိမ်ဆိုင်များမှ စည်းကမ်းမဲ့အဖီအဆွယ်များဖြင့် ရောင်းချမှုမရှိစေရေး၊ ယာဉ်သွားလမ်းပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မင်္ဂလာဒုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဈေးများဌာန ခရိုင်အရာရှိ၊ ဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ၁၁ နာရီနှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ ပုံမှန်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ထောက်ကြန့်ရတနာဈေးသည် ရန်ကုန်-ပဲခူး၊ ရန်ကုန်-ပြည် လမ်းဆုံတွင်ရှိသဖြင့် ဈေးဝယ်လာသူများ၊ ကုန်တင်ကုန်ချလုပ်သူများ၊ ယာဉ်များ၊ စည်းကမ်းမဲ့ပုံကျဈေးသည်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ စတင်၍ ပူးပေါင်းအဖွဲ့များဖြစ်သော မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ ဈေးများဌာနမှ ဝန်ထမ်းများဖြင့် နေ့စဉ်နံနက် ၇ နာရီမှ ၁၀ နာရီတစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီတစ်ကြိမ် နေ့စဉ်ရှင်းလင်းလျက်ရှိသော်လည်း ယာဉ်အသွားအလာများပြားခြင်း၊ ဈေး၏တည်နေရာမှာ လမ်းဆုံနှစ်ခုအနီးတွင် တည်ရှိသောကြောင့် မကြာခဏ ယာဉ်ကြောပိတ်ခြင်း၊ ခရီးသွားလာသူများ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ ကြုံတွေ့နေရသဖြင့် ဌာနအကြီးအကဲများမှ ဈေးစည်းကမ်းထိန်းသိမ်းမှုနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းမှုအခြေအနေအား အချိန်တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုအပေါ် ပူးပေါင်းအဖွဲ့ဝင်များမှ နေ့စဉ် ၆ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၆ နာရီအထိလည်းကောင်း အချိန်တိုးမြှင့် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

ပူးပေါင်းအဖွဲ့ဝင်များ၏ စည်းကမ်းထိန်းသိမ်းမှုကြောင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၊ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများမှာ ယခင်ကထက် လျော့နည်းလာကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**


**တစ်ဦးတည်းဖြစ်ကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ တောင်မင်းပြောင်ရွာနေ မောင်မယ်ရှောင် အ.ထ.က (၃)ဒသမတန်းမှ မမေသဇင်ဦး၏ ဖခင် ဦးသက်ထူးနှင့် ဦးဖိုးထူး၊ ၆/လလန(နိုင်)၁၁၀၂၇၀|တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ် မန္တလေး၊ လားရှိုးလမ်းမအနီး ပေ(၄၀×၆၀)၊ ဂရန်မြေကွက် (အိမ်၊ ရေတွင်း၊ မီတာ)ရောင်းမည် Ph -09-73220635

**ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)**


**(ဖုန်း ၀၁-၆၃၅၆၁၇၊ ၆၃၅၅၆၃၊ ၀၉-၇၃၂၅၄၇၃၅)**

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို(၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန် ပျက်ကွက်နေသဖြင့် အဆိုပါအသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသဖြင့် မိမိတို့ပေးသွင်းရန် ကျန်ရှိနေသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို ၃၁-၁၀-၂၀၁၄ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး မပျက်မကွက်ပေးသွင်းကြပါရန် ကြိုတင်အသိ ပေးနှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ

ရန်ကုန်ဂေါက်အသင်း








## အများပြင်ဆင်ချက်

ကြေးမုံသတင်းစာတွင် ၂၂-၈-၂၀၁၄ရက်၌ အထက်တန်းရှေ့နေ ဒေါ်ကြေးမုံမြင့်မှ အများသိစေရန်ကြော်ငြာ၌ (၄၇)ရပ်ကွက်၊ ပညာတန်ဆောင်လမ်းအစား (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်(၁)လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြေးမုံမြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၀၃၉)**
**ဖုန်း-၀၉-၄၂၀၂၂၀၉၀၂**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၉၆၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၂၈၂၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဝါးသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြု၏



လွန်ခဲ့သော နှစ်အတန်ကြာကပင် ဝါးစိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ နေထိုင်မှုဘဝဖွံ့ဖြိုးရေးကို ကောင်းစွာဆောင်ရွက်နိုင်ကြောင်း သိရှိလာခဲ့ကြသည်။ ကမ္ဘာပေါ်တွင် လူသန်း(၆၀၀)ကျော်သည် ဝါးမှရရှိသော ဝင်ငွေကို အမှီပြုနေကြရသည်။

ဝါးသည် ကျေးလက်နေပြည်သူများနှင့် လွယ်ကူဆက်စပ်ထိတွေ့မှုရှိသဖြင့် ဝါးစိုက်ပျိုးမှုကို ဖွံ့ဖြိုးအောင်ပြုလုပ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပေသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သက်ရှိလောကတည်မြဲရေး. . . အတွက်

### ရတနာစိုးရေးသားသည့် ဝါး

ဝါးစတင်ပေါက်ရောက်ပုံ၊ ဝါးမျိုးပွားနည်း၊ စိုက်ပျိုးနည်း၊ ခုတ်သိမ်းနည်းနှင့် အသုံးပြုပုံ၊ ဝါးစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ပုံတို့ကို စုံလင်စွာဖော်ပြထားပါသည်။

**ဖြန့်ချိရာဌာန**

**ရန်ကုန် - အမှတ်(၂၅)၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း ၅၆၁၆၀၁-၅၇၁၃၅၂ မန္တလေး - ရုံးခွဲ-၀၉-၂၀၀၂၄၄၇**
**- စာပေဗိမာန်စာအုပ်တိုက်။ - ထွန်းဦးစာပေ၊ မန္တလေး။**
**- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင်(ပန်းဆိုးတန်း) - နဂါးစာပေ၊ မန္တလေး။**
**- အင်းဝစာအုပ်ဆိုင်၊တော်ဝင်စင်တာစာအုပ်ဆိုင်၊ - ညီစာပေ၊ မန္တလေး။**
**- စာပေလောကစာအုပ်ဆိုင်များ၊ ရာပြည့်စာအုပ်ဆိုင် ပြင်ဦးလွင်- ရုံးခွဲ-၀၉-၂၀၄၄၉၆၅**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအိုက်စိုင်း[၁၃/သပန(နိုင်)၀၃၂၄၅၅]နှင့် ဦးစိုးလင်း[၁၂/ပဇတ(နိုင်)၀၀၀၅၉၇]တို့၏ ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မိမိတို့၏ မူပိုင်အဖြစ် ထုတ်လုပ် ဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၁၄၅၄/၂၀၁၄ အရ မှတ်ပုံတင်သွင်းထားသော ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။



**မှတ်ပုံတင်စာချုပ်အမှတ်-၁၁၄၅၄/၂၀၁၄**

အထက်ဖော်ပြပါ ရွှေဖားကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် ခြင်နိုင်ဆေးခွေနှင့် အခြားပိုးသတ်ဆေးအမျိုးမျိုးတို့အား ဈေးကွက်အတွင်းတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ထင်ရောင်ထင်မှားဖြစ်စေရန် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်များအရ-**

**ဒေါ်မေသော်သော်ဇင်(LL.B,D.B.L) ဒေါ်မြတ်သီတာလွင် (LL.B,D.B.L,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၃၇၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၀)**
**အမှတ်-၅၆၃၊ အခန်း(၁/၁၀၄)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ Ph: 01-253336**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မယု၏ဖခင်အမည်မှန်မှာ ဦးချိုပြုံး[၉/တကန(နိုင်)၁၂၆၁၀၉] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ထွေးစိန်[၉/ရမသ(နိုင်)၁၅၅၂၇၉]၏ ပတ်စပို့(PP No.A091752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၁၉၅၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ)၊ မြေကွက်အမှတ်(၃/၁၅၆)၊မြေကွက်တည်နေရာအမှတ်(၂၂၉/ခ)၊ ကာယ(၁၁)လမ်း၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်သီတာမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သီတာမြင့်[၁၂/ဗဟန(နိုင်)၀၀၄၂၃၈] ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြရန် ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဂရန်မိတ္တူ ထုတ်ဝေမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်-မဂလဒ-၁၉၇/၂၀၀၉၊ (၂၁-၁၀-၂၀၀၉)ရက်စွဲပါ အမှုတွဲအမှတ်-မဂလဒ-ဂရန်သစ်/၇၀၉/၂၀၀၉ (စီမံချက်)ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)အား မြေစာရင်းမှ ပယ်ဖျက်မည်ဖြစ်ရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






# ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ဦးစွာလိုအပ် သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးအား အချိန်မီ ပီပြင်စွာဖော်ဆောင်နိုင်မည်

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Nguyen Sinh Hung နှင့် ယနေ့နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်္နွိုင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာ အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် ဒေသတစ်ခုအတွင်းတွင် အတူယှဉ်တွဲနေထိုင်ကြသော ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအား၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ကောင်းမွန်ရန်မှာ အဓိကလိုအပ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရရှိရုံသာမကဘဲ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်းကောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် သင်တန်းများပို့ချ



**မကွေး စက်တင်ဘာ ၆**

မကွေးမြို့ မြသလွန်ဘုရားကုန်း၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အရေးပေါ်အခြေအနေတွင် ရေ၊ မြေ ပတ်ဝန်းကျင် မသန့်ရှင်းမှုကြောင့် ဖြစ်တတ်သည့်ရောဂါများကို ကာကွယ်တတ်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ရမည့် နည်းလမ်းများသိရှိနိုင်ရန် စက်တင်ဘာ ၅ ရက်တွင် လက်တွေ့ပြုလုပ်ခြင်း သင်တန်းများပို့ချခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်း လက်တွေ့သင်တန်းတွင် စစ်ကိုင်း၊ ဧရာဝတီ၊ ရခိုင်၊ မကွေးစသည့် ဒေသပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၂၅ ဦးအား နည်းပြဆရာသုံးဦးက သဘာဝဘေးအန္တရာယ်ကျရောက်၍ အရေးပေါ်အခက်အခဲဒုက္ခများ ခံစားနေရသော

**စာမျက်နှာ ၇ ကော်လံ ၅ သို့**


မာတိကာ

လူတိုင်းကိုယ်စီ စာတတ်မည်
စာတည်းရှုထောင့် စာမျက်နှာ - ၂

ယူကရိန်းအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲမှု ကုလနှင့် ဥရောပသမဂ္ဂ ကြိုဆို
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ကလေးမြို့၌ နွေရာသီလျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေး ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံး ရောက်ရှိ
ပြည်တွင်းသတင်း စာမျက်နှာ - ၇

ယာဉ်စီးခကို အီလက်ထရွန်နစ် ငွေပေးကတ်စနစ် အောင်မြင်ရန်ဆောင်ရွက်မည်
ပြည်တွင်းသတင်း စာမျက်နှာ - ၁၀


# ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခုနစ်စင်တီမီတာ (၃ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာ (သုည ဒသမ ၄ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# မြန်မာဘောလုံး၏ ထပ်ဆင့်အောင်မြင်မှု ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား မြန်မာ့လက်ရွေးစင်အသင်း ရယူ



ဖိလစ်ပိုင်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မြန်မာအသင်း အောင်ပွဲခံနေစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့သည် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိသွားသည်။

**(ဗိုလ်လုပွဲ)**

**မြန်မာ - သုံးဂိုး**
**ဖိလစ်ပိုင် - နှစ်ဂိုး**

၂၀၀၆ မာဒေးကား ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေမှုကို မြန်မာ့လက်ရွေးစင်အသင်းမှာ အဆုံးသတ်နိုင်ခဲ့ပြီး ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလားကို ရယူနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ အိမ်ရှင်အသင်းနှင့် ကစားခဲ့ရသောကြောင့် ခက်ခဲစွာကစားခဲ့ရပြီးအချိန်ပိုတွင် သွင်းယူခဲ့သော

**စာမျက်နှာ ၇ ကော်လံ ၁ သို့**




# IT COMPUTER TRAINING CENTER

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

MOBILE PHONE Software + Hardware | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE- 0940290770, 253293, 395353 30%

# Coca Suki Restaurant

ဆိုင်ဖြန့်လည်ပွင့်လှစ်ခြင်းအထူးအစီအစဉ်အဖြစ်

(၇-၉-၂၀၁၄) ရက်နေ့မှ (၉-၉-၂၀၁၄) ရက်နေ့အထိ

## One for One free

( Suki Buffet for next visit adult only)

Reservation

Ph : 229804, 229906, Hp : 09 803 7262, 09 512 7295

**Myat Noe Thu** Construction တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများအား အမြန်လိုအပ်လျက်ရှိပါသည်။

1. Senior Engineer - M/F (4) ဦး
2. Site Engineer - M (8) ဦး
3. Driver - M (3) ဦး

- **အမှတ်စဉ်(၁)** နှင့် **အမှတ်စဉ်(၂)**အတွက် AGTI/B.Tech/BE (Civil) ရရှိထားသူများ လျှောက်ထားနိုင်သည်။ Auto CAD အခြေခံတတ်ကျွမ်းရမည်ဖြစ်ပြီး English 4 Skills အခြေခံတတ်ကျွမ်းရမည်။ အမှတ်စဉ်(၁)အတွက်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်ပါသည်။
- **အမှတ်စဉ်(၃)**အတွက် အသက် ၂၅နှစ်- ၄၀နှစ်ကြားဖြစ်ရမည်။ အသောက်အစားကင်း၍ ရန်ကုန်မြို့တွင်း နှံ့စပ်ကျွမ်းကျင်စွာမောင်းနိုင်ရမည်။

အမှတ်စဉ်အားလုံးအတွက် သက်ဆိုင်ရာအတွေ့အကြုံရှိပါက ပို၍ဦးစားပေးမည်။ ရိုးသားကြိုးစားပြီး အလုပ်ပေါ်တွင် အမှန်တကယ် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ မိမိတို့၏ CV Form ကို contact@myatnoethu.com သို့ပေးပို့ လျှောက်ထားနိုင်ပြီး **အမှတ်(16)၊ ရှင်စောပုဘုရားလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်**သို့ ၂၀-၉-၂၀၁၄ ရက်နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက **Phone No. 01-519218, 09-73120056, 09-73120057, 09-73120058** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နှလုံးလုံးဆေးလုံး

သွေးသားသန့်ရှင်းရေးကိုကင်းအသားအရေဖိုမြေဆေး

# MR.COOK

09550633, 0973079969

# ကြော့မောင်မောင်ညွန့်၏အင်္ဂလိပ်စာအုပ်များ

လူငယ်တွေကို ကျွန်တော်ပြောချင်တယ်။ လူထုကလျှောက်တဲ့လမ်းကိုရှောင်ပါ။

သူများမလျှောက်တဲ့လမ်းကိုလျှောက်ပါ။မည်သူကိုမှ အားမကိုးပါနဲ့။ကိုယ့်ကိုယ်ကိုယ်အားကိုးပါ။ ကိုယ်သည်သာ ကိုယ့်ဘဝရဲ့ အရှင်သခင်။ကိုယ်သည်သာ ကိုယ့်ဘဝရဲ့ကံကောင်းခြင်းကို သယ်ဆောင်မယ့်သူပါ။

အစက်အစဲအားလုံးကိုဖောက်ထွက်ရမယ့်သူဟာလည်းကိုယ်ပါပဲ။အစက်အစဲဆိုတာကလည်း အားလုံးနီးပါးဟာ ကိုယ့်ရဲ့ထင်ယောင်ထင်မှားပါ။အချိန်ကိုစောင့်ပါ။အားလုံး အချိန်နဲ့အတူ ပျောက်ကွယ်သွားကြပါလိမ့်မယ်။

သင်လျှောက်တဲ့ လမ်းမှာ နေ့တိုင်းနဲ့အချိန်အစိတ်အပိုင်းတိုင်းကို သင်ချစ်ပါ။ရိုးရိုးလုပ်ပြီးမြင့်မြင့်မှန်းလို့ မရပါ။မြင့်မြင့်လုပ်ပြီး မြင့်မြင့်မှန်းပါ။

မလွဲဧကန်ရောက်မှာပါ။သင့်ကိုယ်သင်ချစ်ပြီး သင့်ကိုယ်သင်ယုံကြည်လိုက်စမ်းပါ။ ကျွန်တော့ဓါတ်ပုံလုပ်ငန်းနဲ့စာအုပ်လုပ်ငန်းကို နှစ်ပေါင်းများစွာ အားပေးတဲ့ ပရိသတ်တွေကို အင်မတန်လေးစားကျေးဇူးတင်ပါတယ်။

ကျေးဇူးတုံ့ပြန်ချင်လွန်းလို့ဒီစာအုပ်တွေကိုရေးနေတာပါ။အင်္ဂလိပ်စာဟာဒီနေ့အင်မတန်အရေးကြီးလာပါတယ်။

နီးထလော့မြန်မာ.......အိုမြန်မာ

ကြော့မောင်မောင်ညွန့်အသက်၇၃နှစ်၊စာရေးသက်၅၀၊အင်္ဂလိပ်လိုရေး ၁၀အုပ်နှင့် ၁၁အုပ်မြောက်

KYAWT MAUNG MAUNG NYUNT

1.The Will of We.The Art of Living

2.We Own This Country. (အချိန်ရလျှင်seminar လုပ်ပေးမည်။)

ဤစာအုပ် ၂အုပ်ကို လိုချင်လျှင် ကြော့မောင်မောင်ညွန့်. (Video Photo) နှင့်သွယ်သွယ်သန်းစာပေ၊၂၁၇-ကျိုက္ကဆံလမ်း၊တာမွေ၊ Ph-555803-09448014837

ရွှေမဂ္ဂင်

ပုလဲနဒီ
PEARL NADI TRAVELS & TOURS
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀/၇၃၉၇, 3C/7397 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ရွှေပလ္လင် ဆိုင်သစ်
လောင်အုံ CityMart ဖွင့်ပွဲပြီ!
ရွှေပလ္လင် လက်ဖက်သုပ် အရမ်းကောင်းဆိုပဲ...
သွားကြရအောင် ရွှေပလ္လင် မှာ!

**ဖခင်အမည်မှန်**

အထက(၃)လှိုင်သာယာ ဒသမတန်းကျောင်းသူ မယုနန္ဒာနှင့် အလက(၁၅) ဆဠမတန်းကျောင်းသူ မယုယုလှိုင်တို့၏ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး[၁၄/ပတန(နိုင်)၁၂၇၂၁၀]ဖြစ်ပါကြောင်း။ **ဦးမင်းဇော်ဦး**

**Second hand**

အဲယားကွန်း၊ မီးအားမြှင့်စက် ဝယ်သည်။

**Ph 09-73065562**

ကျိုက်သာရေထူး
Gracious Vacation Co., Ltd

**ပျောက်ဆုံးကြောင်း**

ကွန်တော် ဦးမောင်မောင်သန်းထက် CDC No.72252 ၏ Tanker လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-420027603**

Ship's Cook Training Course
(D.M.A. Approval Letter No. 620/2013, Dated the 5th June 2013)

ပြည်ပအလုပ်အကိုင် ကြော်ငြာ
Electrician
Welder
Pipe Fitter
Mechanical
S$ -450+ OT
သုခစံ
ပြည်တွင်း - ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု ကုမ္ပဏီ

Management & Accountancy Training Ltd.
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
For Series 2-2015 Exam
Ph : 242431, 246618

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြို့သစ်၊ မြေကွက်အမှတ်-၆၂၊ မြေကွက်တည်နေရာအမှတ်(၈၀)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ဖြူ[၁၂/ဒပန(နိုင်)၀၀၂၅၀၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူ(မိခင်)နှင့် ဦးတင်ညွန့်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်သန်းဝင်း[၁၂/ရကန(နိုင်)၀၀၉၁၆၆]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သင်္ဘောကျင်း)၊ မြေကွက်အမှတ်(က/၁၈၁)၊ (၄)လမ်း၊ သင်္ဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးအောင်ခင်၊ ဦးကျော်ကျော်) [၁၂/ဒပန(နိုင်)၀၂၂၆၃၇]၊(ISN-၅၀၁၈၁၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် ဦးကျော်ကျော်(ခင်ပွန်း)ဖြစ်သူ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ SAVARJA-RMMA(ခ) မြင့်မြင့်ရွှေ[၁၄/ဒဒရ(ပြ)၀၀၀၀၂၆]နှင့်ကျန်ပူးတွဲအမည်ပေါက် ဦးအောင်ခင်[၁၂/ဒပန(နိုင်)၀၂၂၆၃၇]တို့ထံမှ GP(၁၀၂၆၈၊ ၉-၄-၁၄)ဖြင့် ရရှိသူ ဦးလင်းလင်းနိုင်[၁၂/တမန(နိုင်)၀၉၄၂၃၅]မှ ကတိသစ္စာပြုလွှာနှင့် သေစာရင်းတင်ပြလျက်ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူပြီး အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးကျော်မင်း (အောင်တံခွန်ဆောက်လုပ်ရေး) [၁၂/မဂတ(နိုင်)၁၀၄၄၅၇]မှ | ဦးအောင်ကျော်မြင့် [၁၂/လမန(နိုင်) ၁၂၃၄၈၇] | တိုက်(၅၇)၊ အခန်း(၆)လွှာ၊ (၄၄)လမ်း၊ ဗိုလ်တထောင် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍(နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| ၂၀၁၄ | ဦးအောင်မိုးနိုင် | [၁၃/ကမန(နိုင်) ၀၈၉၈၂၀] | အမှတ်(၂၂၉/က)၊ ဇမ္ဗူသီရိ(၇)လမ်း၊ ၆/အနောက်ရပ်ကွက် | သာကေတ | ၆/အနောက် | ၂၂၉/က | ဒေါ်တင်ငွေး | အမည်ပြောင်း |

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ၁၉၈၃-၁၉၈၆ မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ အာစရိယပူဇော်ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၉၈၃-၁၉၈၆ BE (Civil) ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ ၁၉၈၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသူများ (မည်သည့်နှစ်တွင်ဘွဲ့ရသည်ဖြစ်စေ)နှင့် ၁၉၈၆ခုနှစ် ဘွဲ့ရရှိသူများ (မည်သည့်နှစ်တွင် စတင်ဝင်ရောက်သည်ဖြစ်စေ)တို့၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်- ၂၁-၁၂-၂၀၁၄ (တနင်္ဂနွေနေ့)**
**အချိန်- ညနေ ၅း၃၀ နာရီ**
**နေရာ- ပုလဲခန်းမ (ပန်ဒါဟိုတယ်)**
**မင်းရဲကျော်စွာလမ်း**

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဗဟန်းမြို့နယ် ၂၀၁၃-၂၀၁၄ပညာသင်နှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ထူးချွန်ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားဖိတ်ကြားလွှာ

အထက(၂)ဗဟန်း၏ ၂၀၁၃-၂၀၁၄ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၄ခုနှစ် တက္ကသိုလ် စာမေးပွဲအောင် ဂုဏ်ထူးရ ထူးချွန် ကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဂုဏ်ထူးဆုရ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်** -ကျောင်းဝတ်စုံ(အဖြူ+အစိမ်း)ဖြင့်သာ တက်ရောက်ရပါမည်။

**အစီအစဉ်**

| | |
|---|---|
| နေ့ရက် | -၂၇-၉-၂၀၁၄(စနေနေ့) |
| အချိန် | -နံနက် ၉နာရီ |
| နေရာ | -ရွှေနန်ယန်ခန်းမ(အထက-၂၊ ဗဟန်း) |

**ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ**

| | |
|---|---|
| ၆ဘာသာဂုဏ်ထူး | -၁၈ဦး |
| (Top Ten အဆင့် ၆တစ်ဦး) | |
| ၅ဘာသာဂုဏ်ထူး | - ၃၉ဦး |
| ၄ဘာသာဂုဏ်ထူး | - ၅၅ဦး |
| ၃ဘာသာဂုဏ်ထူး | - ၃၉ဦး |
| ၂ဘာသာဂုဏ်ထူး | - ၄၁ဦး |
| ၁ဘာသာဂုဏ်ထူး | - ၆၅ဦး |
| စုစုပေါင်း | -၂၅၇ဦး |

**မိဘဆရာအသင်း၊ အထက(၂)ဗဟန်း**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်) တွင် ဖွင့်လှစ်သွားပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်-၁) | ဤသင်တန်းဌာနမှအခြေခံ (အဆင့်-၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၇။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့်-၂) (စီမံ/ဘဏ္ဍာ) | စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။ |
| | (အခန်းဌာန) | တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာ ဌာန၏ |
| | (အစားအစာနှင့် အဖျော်ယမကာဌာန) | အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

သင်တန်းကာလ။ ။၁၅-၉-၂၀၁၄ရက် မှ ၇-၁၁-၂၀၁၄ရက်ထိ

**သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓါတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံ စာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၃၉၄၈၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးညာဏ်တင် (၁၂/လမတ (နိုင်)၀၁၄၄၅၁) ကိုင်ဆောင်သော Passport No. 634634 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၇၃၁၅၅၆၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၁၃၅၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ခွေးရောင်းမည်

(ကျန်းမာပြီး အလွန်လှသော)

| | |
|---|---|
| Alaskan (5)လ | အထီး |
| Chihuahua(6)လ | အမ |
| Shih tzu (2)လ | အထီး |
| Golden (1)နှစ် | အထီး |
| Alsation (1)နှစ် | အထီး |
| Pekingese(3)လ | အထီး |

အင်းခွေးများ မှာယူနိုင်ပါသည်။
Ph:09-31651935

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆-ဒီ) (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ်(၂၉၀)၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၀. ၀၃၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၉၀)၊ ၇-လမ်း (မြောက်)၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဗိုလ်ကျော် အမည်ပေါက် ၆/၅၆/၅၇ (လိုင်စင်)မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မိုးမိုးနိုင် [၁၂/လသန (နိုင်) ၀၁၃၇၀၉]မှ အမည်ပေါက်နှင့် ဆက်စပ်စာချုပ်မှာ ဝယ်ယူစဉ်ကပင် မပါရှိခဲ့ကြောင်း ကျမ်းကျိန်လွှာဖြင့် ဝန်ခံကတိပြုတင်ပြ၍ ၎င်းထံမှ ကိုယ်စားလှယ်လွှဲစာ - ၁၀၄၃၂ (၁၀-၄-၁၄) ဖြင့် GP ရသူ ဒေါ်လှလှဝေ [၁၂/အစန(နိုင်) ၁၀၉၅၂၅] က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


edexcel
MIC
Myanmar Imperial College



• Diploma in Business
• Diploma in Advertising & Branding
• Diploma in Hospitality & Tourism
• B.A (Hons) Business Management
• B.A (Hons) Marketing Management
MBA

Enroll Now! 09 73210001/01537562

09 2150992, 09 402763959
09 250372781

# " မြစိမ်းမြန်မာ မှ ကျေးဇူးတင်လွှာ "

၂၄.၈.၂၀၁၄ ရက်နေ့တွင် Rupar Mandalar Hotel ၌ကျင်းပခဲ့သော မြစိမ်းမြန်မာ (မန္တလေး) ရုံးဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် ဇနီးများ၊ မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့ မှလူကြီးမင်းများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ လူရည်ချွန်များ၊ မန္တလေး တိုင်းဒေသကြီးမှ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ပွဲစားကုန်သည်စက်ပိုင်များ၏ ကထိန်တော်အသင်း ဥက္ကဋ္ဌ၊ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဈေးချိုတော် အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် သီဆိုဖျော်ဖြေပေးပါသော အဆိုတော် R ဇာနည် နှင့် ဖြူဖြူကျော်သိန်း၊ Models များ တီးဝိုင်း ပေးပါသော ကိုဇေယျာမင်း၊ အသံနှင့် မီးအလှဆင် Shells ၊ Presenter ကိုဇေယျာလင်း၊ Rupar Mandalar Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ပွဲဖြစ်မြောက်ရန်ကူညီပေးပါသော ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ နှင့် ဇနီး အန်တီဒေါ်နီလာ၊ ပါမောက္ခဆရာ ဦးမောင်မောင်လေး၊ အန်တီဒေါ်သန္တာဘုန်းဝင်း နှင့် မြို့မိမြို့ဖများ အားလုံးကို အထူးပင်လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မြစိမ်းမြန်မာ ( EMERALD MYANMAR )
Construction ၊ Trading ၊ Travels & Tours

အမှတ်(၁၁/ဃ)၊ သီတာအေး(စွဝ) သိပ္ပံလမ်းနှင့် ရတနာပုံလမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း – ၀၉ ၃၃၆၆၆၉၆၆၆ ၀၉ ၃၃၆၆၆၈၆၆၆၊ ၀၉ ၃၃၆၆၆၇၇၆၆၊ ၀၉ ၃၃၆၆၆၈၈၆၆ ၀၉ ၄၂၀၀၁၄၉၉၉ ၀၉ ၄၂၀၀၁၄၉၉၉ ။

# ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ GIA,HRD Certified Diamond

" ကာတီယာစိန်တိုက်က စိန်အပွင့်ကြီးများကို ဝယ်ယူဝတ်ဆင်ခြင်းဖြင့် ဂုဏ်ယူကြပါ စို့ . . . "

Show Room(I) No.137
Tel : 246838, 384905, 241929

Show Room(II) No.52
Tel : 253308, 09 73249661

A.G.T.I, B.Tech

ထင်ကျင့်နိုင်သည့်ပညာ (သင်တန်းဆင်း) များနှင့် IT ဒီပလိုမာ သင်တန်းများ

**Engineering**
- Welding
- Fabrication
- Fabrication & Welding
- Mechanical Manufacturing
- Electrical & Electronic
- Maintenance
- Civil (Construction)
- Air-Con & Refrigeration
- Electrical Installation
- Plumbing

**IT**
- Software Developer(IT)
- IT System Support (IT)

20% Off

TECH Training Centre

စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများအတွက်

Operation Management Certificate သင်တန်း

ERA

ENROLL NOW!

Hot Line :

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၉၈၉)၊ မြေကွက်တည်နေရာအမှတ်(၉၈၉)၊ သုမင်္ဂလာလမ်း၊ (၁၆/၁)ရပ်ကွက်၊ သယ်န်းကျွန်း ဒေါ်နွယ်နီမာ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဒေါ်နွယ်နီမာ[၁၂/သဃက(နိုင်)၀၀၆၂၉၄]က အဆောက်အအုံ ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၇၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8547,၇င/၈၅၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၉၆၂၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8107၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 SEPTEMBER 7, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စီးပွားရေး

# ရပ်ကွက်အတွင်းမှ အမျိုးသမီးငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေး



မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ပေးနေပုံမှာ။

**မန္တလေး စက်တင်ဘာ ၆**

ချမ်းမြသာစည်မြို့နယ် မေတ္တာရင်ခွင် မူကြိုကျောင်းကော်မတီမှ ဦးစီး၍ ရပ်ကွက်အတွင်း အရွယ်ရောက်ပြီး အမျိုးသမီးများနှင့် အလုပ်အကိုင် မရရှိသေးသူများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ ထိုသို့ရရှိပြီး ဝင်ငွေတိုးမြင့်ကာ ခိုင်မာသည့်မိသားစုဘဝရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် လက်ဆွဲအိတ်ချုပ်လုပ်သည့် လုပ်ငန်းတစ်ခုကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါ စက်ချုပ်လုပ်ငန်းသည် မိန်းကလေးငယ်များနှင့် သင့်လျော်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး မိသားစု၏ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အားဖြည့်နိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်သာမက မိသားစုနှင့် အိုးမကွာအိမ်မကွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းချိန်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားပြီး ကော်မတီမှစီစဉ်ပေးထားသော စက်များတွင် အသင့်ဝင်ရောက်ချုပ်နိုင်ပြီး စက်ပြင်စရိတ် အစရှိသည့် ကုန်ကျမှုများကိုလည်း သင်တန်းသားများထံမှ ကောက်ခံခြင်းမရှိဘဲ အလုပ်လုပ်လိုသည့် မိန်းကလေးများသည်လည်း အလုပ်တွင်စိတ်ဝင်စားမှုရှိသလောက် အကျိုးအမြတ်များလည်း ရရှိနိုင်မည်ဖြစ်သည်။ ကော်မတီမှစီစဉ်ပေးမှုအရ တစ်ရက်လျှင် ဝင်ငွေ ၂၀၀၀ နှင့် အထက်ရရှိသူများအား တစ်ပတ်လျှင် တစ်ထောင်ကျပ်နှုန်း စုဆောင်းစေကာ တစ်နှစ်ခွဲ နှစ်နှစ်တာကာလအတွင်း စက်ပိုင်ဆိုင်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ အပ်ချုပ်စက်ပိုင်ဆိုင်သူများအနေဖြင့်လည်း မိမိအိမ်တွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကာ အိုးမကွာအိမ်မကွာလုပ်ငန်းရှင်တစ်ယောက်အဖြစ် ပြောင်းလဲသွားနိုင်မည်ဖြစ်သည်။

မေတ္တာရင်ခွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကော်မတီအနေဖြင့် ရပ်ကွက်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် ပူးပေါင်း၍ မူကြိုအရွယ်ကလေးများ ဖွံ့ဖြိုးရေးသာမက အမျိုးသမီးများဘဝ တစ်စိတ်တစ်ပိုင်း တိုးတက်ကြီးပွားရေးအတွက်ပါ ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

ဝေဖြိုးအောင်



# ရော်ဘာပင်စိုက်ပျိုးသူများ သိစေလိုသည်မှာ – – –

**စိုက်ပျိုးမောင်**

ကမ္ဘာ့မော်တော်ကားတာယာထုတ်လုပ်သည့် ကုမ္ပဏီကြီးများနှင့် ကမ္ဘာ့သိပ္ပံပညာရှင်များသည် ငွေဒေါ်လာ သန်းချီမြှုပ်နှံပြီး မြေမရွေးနေရာတိုင်း၌ ပေါက်တတ်သော ပင်ပုငယ်ပေါင်းပင်တစ်မျိုးမှ ရော်ဘာစေးထုတ်လုပ်ကာ မော်တော်ကားတာယာပြုလုပ်ရန် အပူတပြင်းစိုင်းပြင်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မော်တော်ကားပေါင်းများစွာရှိရာ ထိုကားများအဖို့ မော်တော်ကားတာယာများထုတ်လုပ်ရာတွင် သုံးစွဲရသော ရော်ဘာကို အရှေ့တောင်အာရှတွင်သာ အများဆုံးစိုက်ပျိုးသော ရော်ဘာများမှ ရရှိကြသည်။ ထိုရော်ဘာများမှာ တစ်နှစ်လျှင် ဒေါ်လာ ၂၅ ဘီလီယံဖိုးမျှ ရောင်းချရသည်။ စစ်အတွင်း၌ သဘာဝရော်ဘာမရကြသောအခါ ဓာတ်ခွဲခန်းမှ ရော်ဘာအတုများ ထုတ်လုပ်သုံးစွဲကြသည်။ သို့သော် သဘာဝရော်ဘာမရမီသာ သုံးစွဲကြရာ သဘာဝရော်ဘာပြန်ရသောအခါ အချို့နေရာတွင်သာ သုံး၍ ကားတာယာများအဖို့ သဘာဝရော်ဘာကိုသာ သုံးစွဲကြရသည်။

ယခုအခါ ကမ္ဘာ့သိပ္ပံပညာရှင်များသည် အပင်ကြီးသော ရော်ဘာပင်များမှ ရော်ဘာအစေးကိုမသုံးဘဲ သဘာဝအတိုင်း ဥယျာဉ်ပန်းခြံများတွင် ပေါက်ရောက်သော ပေါင်းပင်တစ်မျိုးမှ ရော်ဘာစေးထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိကြသည်။ ပင်ပုငယ်အဝါရောင်ပန်းများ ပွင့်သော ပေါင်းပင်ကို (DANDELION) ဒန်ဒီလီယမ်ဟု ခေါ်သည်။

ဒန်ဒီလီယမ်အမျိုးမျိုးအနက် ကာဇက်စတန်ဒေသမှ အပင်များ၏အမြစ်မှ မော်တော်ကားတာယာများလုပ်နိုင်ခြေအဆင့်ရှိ အစေးများထုတ်ယူနိုင်ကြောင်းတွေ့ရပြီး သူ့ထက်ငါ ထိုအပင်များအကြီးအကျယ်စိုက်ပျိုး၍ အစေးများထုတ်ကာ တာယာလုပ်ရန် ကြိုးပမ်းနေကြသည်။ မော်တော်ကားတာယာလုပ်သူ နာမည်ကျော် ဘရစ်ဂျ်စတုန်း၊ No-4 Player Contincntal AG စသည့် ကုမ္ပဏီများသည် ငွေရင်း ဒေါ်လာသန်းချီမြှုပ်နှံ၍ ထိုအပင်များမှ အစေးထုတ်လုပ်ရန် ကြိုးစားလျက်ရှိကြသည်။

အမေရိကန်သုတေသီတို့သည် ရိုးရိုးသာမန်ရော်ဘာပင်များ၏ တစ်ဧက အစေးထုတ်လုပ်ရမှုနှင့် ဒန်ဒီလီယမ်တစ်ဧကမှ အစေးထုတ်လုပ်ရရှိမှု တူညီနေကြောင်း တွေ့ရှိကြသည်ဆိုသည်။ ထို့ကြောင့် ဆယ်နှစ်မျှကာလအတွင်း၌ပင် မြေမျိုးမရွေးစိုက်၍ရသော ဒန်ဒီလီယမ်အခင်းကြီးများ ဥရောပတစ်ခွင်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် တွေ့မြင်နိုင်ဖွယ်ရှိပေသည်။

ပင်ပုံပျိုး မြေကြီးနှင့် ကပ်ပေါက်တတ်၍ အရွက်အလယ်ရိုးမှ ဘေးသို့ဖြာသော အပိုင်းများမှာ သွားများသဏ္ဌာန်ဖြစ်သောကြောင့် ပြင်သစ်စကားအရ သွားဟုအဓိပ္ပာယ်ရသော "ဒန်ဒီလီယမ်" ဟုခေါ်ကြသည့် သိပ္ပံအမည် TARAXACUM. OFFICINALE ဖြစ်၍ တစ်နှစ်ပတ်လုံးပေါက်သော အပင်ငယ်ဖြစ်သည်။ ဥရောပ၊ အာရှအလယ်ပိုင်း တောင်အမေရိက အာတိတ်ဒေသနှင့် တောင်ဘက်သမပိုင်းဇုန်များတွင် ပေါက်ရောက်သည်။

ပင်စည်မှာ ပုပြီး အရွက်များများထွက်ကာပြန့်ပြား၍ အစိမ်းရောင်ရှိသည်။ ရေသောက်မြစ်မှာ ရှည်လျား၍ ရိုင်ဘိုဆုမ်းခေါ် အမြစ်ဖု အများအပြားရှိသည်။ အပွင့်၏ရိုးတံမှာ ချောမွေ့ပြီး အခေါင်းဖြစ်၍ ကွပ်ဆတ်သည်။ ဧပြီလမှ ဩဂုတ်လတိုင် ပွင့်တတ်၍ နံနက် ၅ နာရီမှ ည ၉ နာရီတွင် ပွင့်တတ်ကာ အဝါရောင်ဖြစ်သည်။ အပွင့်ငုံနေစဉ် အချင်းတစ်လက်မခွဲမှ နှစ်လက်မခန့် ရှိသည်။ အသီးများမှာ အဝါရင့်ရောင်ဖြစ်၍အတွင်း၌ သစ်စေ့တစ်လုံးစီပါသော အမျှင်များရှိသည်။ အသီးပွင့်သည်နှင့် အတွင်းမှ အမျှင်များလွင့်ပျံသွားကြကာ ပန်းပွင့်ပြီးဖြစ်ရသည်။

အစေးများရှိသည်။ အမြစ်မှာ အပြင်၌ အညိုရောင်ရှိပြီး အတွင်း၌ အဖြူဖြစ်သည်။ အရှည်နှစ်လက်မမှ တစ်ပေထိရှိကာ အချင်းလက်မဝက်ခန့်ရှိသည်။ အရွက်များကိုစားသော်ခါးစေကာမူ အချို့က ဆလပ်ရွက်ကဲ့သို့စားသုံးကြသည်။ ပိုးချည်ရရန် ပိုးမွေးသော် မာလ်ဘာကျိရွက်များ ကျွေးရသည်။ မရလျှင် ပိုးများကို ဤအရွက်များ ကျွေးရသည်။ အချို့က အမြစ်ကို ကော်ဖီအစားပြုတ်သောက်ကြသည်။ အချို့က ဆေးဝါးအဖြစ်သုံးသည်။

T.PALUDOSUM ခေါ် ဒန်ဒီလီယမ်အပင်မျိုးမှာ ရွှံ့နွံဒေသတွင်ပေါက်၍ နွေနှောင်းပိုင်းနှင့် အော်တမ်တွင် အပွင့်ပွင့်သည်။ T.LAEVITUM အမျိုးအစားမှာ ဥရောပမှ မျိုးဖြစ်၍ သစ်စေ့နီသည်။ ယခုအခါ ကနေဒါနှင့် တောင်အမေရိကတို့တွင် အများအပြား ပေါက်ရောက်နေသည်။

အရှေ့တောင်အာရှမှ မြန်မာပြည်အပါအဝင် တိုင်းပြည်များ၏ ရော်ဘာထွက်မှု၏ သုံးပုံနှစ်ပုံကို မော်တော်ကား တာယာအဖြစ် ဝယ်ယူသုံးစွဲခဲ့ကြသည်။ လာမည့် ၁၀ နှစ်ကာလအတွင်း ဒန်ဒီလီယမ်အစေးများဖြင့် မော်တော်ကားတာယာများ ထုတ်လုပ်ရရှိတော့မည်ဟု ခန့်မှန်းရသည်။ ထိုအခါ အရှေ့တောင်အာရှမှ ရော်ဘာများ ဝယ်ယူမှု မရှိသလောက်ဖြစ်ပါလျှင် ရော်ဘာထုတ်လုပ်ရောင်းချမှုများ စီးပွားရေး တွက်ခြေမကိုက် ဖြစ်လာမည်ဖြစ်သည်။ သို့ဆိုလျှင် ယနေ့ ရော်ဘာပင်များနေရာတွင် စီးပွားရေးတွက်ခြေကိုက်မည့် အပင်၊ အသီးအနှံများမည်သို့စိုက်သင့်သည်ကို ရော်ဘာစိုက်ခင်းပိုင် အစိုးရ၊ ပုဂ္ဂလိကတို့က ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်သည်ဟု ရေးသားတင်ပြအပ်ပါသည်။ ။



# ရေကြီးမှုသက်သာစေပြီး သီးနှံအောင်မြင်ဖြစ်ထွန်းရေး အထောက်အကူပြု ဘန့်ဘွေးစုကျွန်းပတ်တာ

**ဖျာပုံ စက်တင်ဘာ ၆**

ဘန့်ဘွေးစုကျွန်းပတ်တာသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် တည်ရှိနေ၍ နွေစပါး၊ မိုးစပါးနှင့် သီးနှံစိုက်ပျိုးရေးအဓိကဖြစ်ထွန်းသည့် ဖျာပုံမြို့နယ်အတွင်းရှိ ကျွန်းပတ်တာဖြစ်ပြီး အရှေ့ဘက်တွင် ဖျာပုံမြစ်၊ မြောက်ဘက်နှင့်အနောက်ဘက်တွင် ဂုံညင်းတန်းမြစ်နှင့် တောင်ဘက်တွင် ကစောင်းချောင်းတို့ဖြင့် ထိစပ်လျက်ရှိကြောင်းသိရသည်။**(အပေါ်ပုံ)** ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးချို့ယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ၆-၁-၂၀၁၃ ရက် ဖျာပုံမြို့သို့ လာရောက်သည့် ခရီးစဉ်အတွင်း ဖျာပုံမြို့နယ်ရှိ ဒေသခံများက ဖော်ပြပါ ဘန့်ဘွေးစုကျွန်းပတ်တာနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့သဖြင့် ဖျာပုံခရိုင်ဆည်မြောင်းဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဖော်ပြပါ ကျွန်းပတ်တာဆိုင်ရာ ချွတ်ယွင်းချက်နှင့် အားနည်းချက်များ လျော့ပါးသက်သာစေရေးအတွက် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဘန့်ဘွေးစုကျွန်းပတ်တာ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းပမာဏအလျား ၂၆ မိုင်၊ မြေကြီးကျင်း ၇၁၆၉၉ ကျင်း၊ တာထိပ်ဝ အကျယ် ၁၂ ပေ၊ တာအမြင့် A.C.L ၈ ဒသမ ၅ ပေဖြင့် အကျိုးပြု ဧရိယာ ၁၈၂၁၆ ဧကအား ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်အောင် အဆိုပါ လုပ်ငန်းတာဝန်ခံအရာရှိတစ်ဦးထံမှ သိရသည်။

အဆိုပါ ဘန့်ဘွေးစုကျွန်းပတ်တာအား ယခုကဲ့သို့ အခိုင်အမာပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကျွန်းပတ်တာအတွင်းရှိ သဲအိမ်ရေတံခါး၊ ကျုံသူအရှေ့ရေတံခါး၊ မထော်ရေတံခါး၊ ကွင်းဝိုင်းရေတံခါး၊ ထလွန်ရေတံခါး၊ ကုလားပဲရေတံခါးနှင့် အခြံရေတံခါးစသည့် ရေတံခါးများ တစ်ခုနှင့်တစ်ခုကြားရှိ တာတမံမှာ လုံလောက်သော ခိုင်မာတောင့်တင်းကြံ့ခိုင်မှုရှိပြီး မိုးရာသီတာနိမ့်ရေကျော်ခြင်း၊ ကျိုးပေါက်ခြင်း၊ တာအိခြင်းများမှ ကာကွယ်နိုင်ကာ စိုက်ပျိုးဧကများအား ရေကြီးနစ်မြုပ်ခြင်း၊ ရေငန်ဝင်ရောက်ခြင်းများမှ လျော့နည်းသက်သာစေမည့်အပြင် သီးထပ်၊ သီးညှပ်များပါ ထပ်ဆင့်စိုက်ပျိုးလာနိုင်ပြီး ရေလုပ်ငန်းများ အထောက်အကူပြု သားငါးကဏ္ဍများပါ တစ်စိတ်တစ်ဒေသ ဆောင်ရွက်လာနိုင်မည်ဟု နည်းပညာပိုင်းအရ သုံးသပ်ရကြောင်း ဦးစိုးဝင်း ( လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ)က ပြောကြားသည်။

ထိုသို့ ကျွန်းပတ်တာ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းရှိ ကျေးလက်များ သွားလာဆက်သွယ်မှုပိုမိုချောမွေ့စေပြီး လိုအပ်သည့် လယ်ယာကဏ္ဍကို အထောက်အကူပြုစေနိုင်မည့်အပြင် ဒေသ၏ စီးပွားရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးများကိုပါ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းကဲ့သို့ပင် ဖျာပုံမြို့နယ်အတွင်း ထပ်မံပြင်ဆင်တူးဖော်ဆောက်လုပ်ထိန်းသိမ်းဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် တာများ၊ မြောင်းများ၊ ချောင်းများ၊ ရေထုတ်ပြွန်များ၊ ရေတံခါးများ၊ ရေထိန်းတံခါးများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခွင့်နှင့် အရေးပေါ်ဆောင်ရွက်ခွင့် ရန်ပုံငွေရရှိမှုတို့အပေါ် ဦးစားပေးအလိုက် အဓိကလိုအပ်သည့် အခြေအနေပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(သပြေထွန်း)**

# လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ကြိုးထိန်းများတပ်ဆင်



**ပြင်ဦးလွင် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့နယ်လျှပ်စစ်ဓာတ်အားပေးဌာန မြို့နယ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဓာတ်အားကျွမ်းကျင်ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိပြည်သူများ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် (Link Connection)ဓာတ်အားကြိုးထိန်းများ တပ်ဆင်ပေးနေကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်း (Link Connection)ကြိုးထိန်းများဦးစားပေးအဖြစ် တပ်ဆင်ပေးရာတွင် မြို့နယ်အင်ဂျင်နီယာ ဦးကိုကိုဌေးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် အများပြည်သူစည်ကားရာ အထက-၁၊ အထက-၂၊ အထက-၄၊ အလက-၃ ကျောင်းရှေ့ရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အစိုးရဌာနရုံးများ၊ ဈေး၊ ဆေးရုံများတွင် တပ်ဆင်ပေးခဲ့ကြောင်း လျှပ်စစ်ဓာတ်အားကြိုးထိန်းများတပ်ဆင်ပေးနေသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။**(ဝဲပုံ)**

ဆက်လက်၍ နေ့စဉ်သွားလာလျက်ရှိသော အများပြည်သူများ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန်နှင့် အန္တရာယ်ရှိနိုင်သောနေရာများတွင် (Link Connection) ဓာတ်အားကြိုးထိန်းများ တစ်မြို့နယ်လုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၈၁)**




# ကယ်လ်စီယမ်ကိုစား လမ်းလျှောက်သွား

**ယုဝတီခင်ဦး**

ကလေးသူငယ်များ၏ အစားအစာများတွင် နို့နှင့် ကယ်လ်စီယမ် ပေါများသောအစားအစာများ ပါဝင်ရမည်ဖြစ်သည်။ တိုက်တစ်လုံးဆောက်လျှင် အုတ်ခဲများနှင့် ဆောက်ရသလို လူတစ်လုံးသူတစ်လုံးဖြစ်ဖို့အတွက် ကယ်လ်စီယမ်များ ခန္ဓာကိုယ်အတွင်းမှာရှိမှ ကလေးများ သန်မာထွားကြိုင်းရန်အတွက် သန်မာသောအရိုးများဖြစ်လာမည်ဖြစ်သည်။ အများအားဖြင့် အသက်(၉)နှစ်မှ (၁၈) နှစ်အတွင်းတွင် ကယ်လ်စီယမ် ၁၃၀၀ မီလီဂရမ်ကို နေ့စဉ်ရရှိရမည်ဖြစ်သည်။

အကယ်၍ ကလေးသူငယ်များသည် ဆိုဒါပါသော အချိုရည်များသောက်ခြင်း၊ ကဖင်း (Caffeine) ပါသော အစားအသောက်များ၊ အရက်ပါသောအစားအစာများနှင့် ဆေးလိပ်သောက်ခြင်းတို့ ပြုလုပ်ခဲ့ပါလျှင် ခန္ဓာကိုယ်က ကယ်လ်စီယမ်ကိုစုပ်ယူနိုင်ခြင်းမရှိပေ။ မွေးစမှအပျိုပေါက်၊ လူပျိုပေါက်ကြီးထွားရန်အတွက် လိုအပ်သော ကယ်လ်စီယမ်ဓာတ်မရှိလျှင်မဖြစ်ပေ။ ငယ်ရွယ်စဉ်ကပင် ကယ်လ်စီယမ်အပြည့်အဝမရထားခဲ့လျှင် အသက်အရွယ်ကြီးရင့်လာသောအခါ ကယ်လ်စီယမ်ဓာတ်လျော့ပါးသွားလိမ့်မည်။ အထူးသဖြင့် အမျိုးသမီးများပိုခံစားရမည်။ အရိုးပျော့ရောဂါ (osteoporosis) ဖြစ်ပြီး အရိုးများကျိုးသည့် ဝေဒနာကို ခံစားရမည်။

ခန္ဓာကိုယ်တွင်လိုအပ်သော ကယ်လ်စီယမ်ကို Vitamin D က အူထဲမှစုပ်ယူပို့ပေးသည်။ Vitamin-D နည်းလျှင် (ကလေးအရိုးပျော့ရောဂါ (ရစ်ကတ်) (Ricket) ဖြစ်မည်။ Ricket ရောဂါ၏ ပုံသဏ္ဌာန်မှာ ကလေးနှစ်နှစ်အတွင်း ငယ်ထိပ်မပိတ်၊ ခေါင်းကြီးကိုယ်သေး၊ ခြေခွင်၍ ပုကွကွဖြစ်မည်။ ကယ်လ်စီယမ်ဓာတ်သည် ကြွက်သားသန်မာခြင်း၊ အာရုံကြောရှင်သန်ခြင်းနှင့် ဟော်မုန်းဓာတ်များ ကောင်းမွန်စွာ ခန္ဓာကိုယ်အတွင်း သယ်ယူနိုင်ခြင်းဖြင့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ရှင်သန်ကြီးထွားနိုင်စေသည်။ အကယ်၍ ကယ်လ်စီယမ်ပါသော အစားအစာများနည်းလျှင် အရိုးများထဲမှ ကယ်လ်စီယမ်က ထွက်လာပြီး ခန္ဓာကိုယ်အတွင်းလိုအပ်သောဆဲလ် (cell) များ၏လုပ်ငန်းများ၊ အာရုံကြောများ၊ ကြွက်သားများအတွက် ဆောင်ရွက်ရသည်။

- တစ်နှစ်မှ သုံးနှစ်သားအရွယ်တွင် နေ့စဉ်ကယ်လ်စီယမ်ဓာတ် ၇၀၀ မီလီဂရမ် လိုအပ်သည်။
- လေးနှစ်မှ ရှစ်နှစ်သားအရွယ်တွင် နေ့စဉ်ကယ်လ်စီယမ်ဓာတ် ၁၀၀၀ မီလီဂရမ် လိုအပ်သည်။
- ကိုးနှစ်မှ (၁၈) အရွယ်တွင် နေ့စဉ်ကယ်လ်စီယမ်ဓာတ် ၁၃၀၀ မီလီဂရမ် လိုအပ်သည်။

အသက်(၁၈)အရွယ်တွင် နေ့စဉ်ဗီတာမင်ဒီ ခြောက်ရာအိုင်ယူ (600IU)လိုအပ်သည်။

တစ်နှစ်အောက်ကလေးအရွယ်မှာ ကလေးကို မိခင်နို့နှင့် အနီးစပ်ဆုံးဖော်မြူလာ (Formula) နို့ကိုတိုက်မှ အစာကြေ၍ အာဟာရဖြစ်မည်။ ကလေးတစ်နှစ်မှ နှစ်နှစ်ကျော်လျှင် အဆီပါသောနို့ (whole milk)တိုက်မှ ကိုယ်ခန္ဓာနှင့် ဦးနှောက်ကြီးထွားနိုင်သည်။ ကလေးအသက် နှစ်နှစ်ကျော်လျှင် အဆီမပါသောနို့နှင့် အဆီလျော့နည်းသောနို့များတိုက်ရပေမည်။ ကံကောင်းသည်မှာ အဆီပါသောနို့နှင့် အဆီမပါသောနို့မှာ ကယ်လ်စီယမ်ဓာတ် အတူတူပါဝင်သည်။

အချို့ကလေးတွေမှာ နို့တွင်ပါဝင်သော လက်တို့(စ်) (Lactose) ဓာတ်နှင့်မတည့်ပါ။ ထိုလက်တို့(စ်)ဓာတ်သည် အူတွင် အစာကြေစေသော လက်တေ့(စ်)အင်ဇိုင်း (Lactase Enzyme) ပါဝင်သဖြင့် နို့ထဲတွင်ပါဝင်သော သကြား (Lactose) ဓာတ်ကိုအစာကြေစေသည်။ အစာခြေစေသော လက်တေ့(စ်)အင်ဇိုင်း (Lactase Enzyme) မရှိသဖြင့် ကလေးမှာ ဝမ်းပျက်ရောဂါ၊ ကြွက်တက်ရောဂါတို့ဖြစ်လာနိုင်သည်။

ကံကောင်းသည်မှာ လက်တို့(စ်) (Lactose) မပါဝင်သောနို့နှင့် ၎င်းနို့နှင့်လုပ်ထားသော အစာအစားများအတွက် လက်တေ့(စ်)အစက်ချဆေးများနှင့်ရောပြီး တိုက်ကျွေးနိုင်သည်။ အချို့နွားနို့နှင့်မတည့်သော ကလေးများကို ပဲနို့ (soy milk) တိုက်နိုင်သည်။

ဗီတာမင်ဒီ (Vitamin) သည် ဝမ်းထဲရောက်သော ကယ်လ်စီယမ်ကိုစုပ်ယူနိုင်စွမ်းရှိ၍ နံနက်ခင်းလမ်းလျှောက်လျှင်ရသော နေရောင်ခြည်မှခန္ဓာကိုယ်တွင် ဗီတာမင်ဒီ(Vitamin D) ရရှိစေသည်။ ငါး၊ ကြက်ဥနှင့် စိမ်းသောဟင်းသီးဟင်းရွက် ဥပမာ-ဂေါ်ဖီထုပ်စိမ်း (ဘရိုကိုလီ) (broccoli) တို့မှ ဗီတာမင်ဒီ (Vitamin D) ရရှိသည်။

ကယ်လ်စီယမ်ဓာတ်ကို စိမ်းလန်းသော ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ နို့နှင့်နို့ပါဝင်သော အစားအစာများ၊ ယိုးဂတ် (yogurt) ဒိန်ချဉ်၊ ဂျုံစပါးသီးနှံနှင့်လုပ်သော အစားအစာ ဥပမာ-ပေါင်မုန့်၊ နံပြား၊ ချာပါတီစသည်တို့ဖြစ်သည်။

အထူးသဖြင့် မှာချင်သည်မှာ အပျိုဖော်ဝင်စ မိန်းကလေးများသည် နို့သောက်လျှင် ဝမှာစိုးသဖြင့် ရှောင်ကြသည်။ စင်စစ်အဆီမပါသောနို့ (skim milk) တွင် အဆီလုံးဝမပါပါ။ ရှစ်အောင်စရှိသော အဆီမပါသည့် (skim milk) ဖန်ခွက်တစ်ခွက်တွင် အင်အားဓာတ်(calories) ၈၀ ရှိသည်။ အမျိုးသမီးငယ်ရွယ်သူတို့တွင် နေ့စဉ်လိုအပ်သော ကယ်လ်စီယမ်လေးပုံတစ်ပုံခန့် ပါဝင်သည်။

အရိုးသန်မာထွားကျိုင်းရန်မှာ အစားအသောက်တစ်ခုတည်း မဟုတ်ဘဲ နေ့စဉ်ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပေးခြင်း၊ ကြိုးခုန်ခြင်း၊ ပြေးလွှားခြင်း၊ မှန်မှန်လမ်းလျှောက်ခြင်းဖြင့် အရိုးများသန်မာထွားကျိုင်းပြီး အရပ်မြင့်စေသည်။ အမျိုးသမီး၊ အမျိုးသားများအားလုံး အရိုးများသန်မာထွားကျိုင်းစေရန်ရည်သန်လျက်။ ။

---

မန္တလေးတိုင်းဒေသကြီး



## ရမည်းသင်းမြို့၌ နေကြာပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ရမည်းသင်း စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တောင်ဘိုအုပ်စုအတွင်းရှိ တောင်ဘိုရွာ၊ ပျဉ်းမတောရွာ၊ ကန်ရိုးကြီးရွာ၊ ဓမ္မပါလရွာနှင့် သာယာအေးရွာ အစရှိသော ကျေးရွာများတွင် ယခုလရာသီ နေကြာပင်များစိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ယင်းဒေသတွင် ထိုင်ဝမ်ရေဆင်း (၁) နေကြာမျိုးကို အများအပြား စိုက်ပျိုးကြသည်ဟု သိရပြီး ကဆုန်လအတွင်းတွင် စတင်စိုက်ပျိုးကြသည်။ နေကြာစိုက်မြေတစ်ဧကလျှင် နေကြာမျိုးစေ့အိတ် တစ်အိတ်ကုန်ပြီး နေကြာမျိုးစေ့အိတ် တစ်အိတ်လျှင် တစ်သောင်းနှစ်ထောင်ကျပ် ပေးရသည်။

နေကြာစိုက်ပျိုးရာတွင် ထယ်ရေးကောင်းလျှင် ကောင်းသလောက် အပင်ဖြစ်ထွန်းမှုအားကောင်းသည်။ ယင်းဒေသများတွင် ယခင်က ဖရဲစိုက်ပျိုးခဲ့သောကြောင့် စိုက်ပျိုးမြေတွင် မြေဩဇာဝ၍ အပင်ဖြစ်ထွန်းမှုပိုမိုအောင်မြင်သည်ဟု သိရသည်။

နေကြာစိုက်ဧက တစ်ဧကလျှင် တင်း ၂၀ မှ တင်း ၃၀ ဝန်းကျင်ထိ ထွက်ရှိနိုင်ပြီး အထွက်တိုးနေကြာများဖြစ်၍ ဆီထွက်နှုန်းကောင်းသောကြောင့် ယင်းဒေသတွင် အများအားဖြင့် ဆီကြိတ်၍သာရောင်းကြသည်။ နေကြာတစ်တင်း ကြိတ်ခွဲလျှင် နေကြာဆီ ငါးပိဿာမှ ခြောက်ပိဿာဝန်းကျင် ထွက်ရှိသောကြောင့် ဒေသခံတောင်သူများမှာ ရာသီဥတုကို အခြေခံ၍ နေကြာကိုတိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

---

စစ်ကိုင်းတိုင်းဒေသကြီး

## မြောင်နှင့် မြင်းမူမြို့နယ်များ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွဲ့စည်းတာဝန်ပေး

**စစ်ကိုင်း စက်တင်ဘာ ၆**

စစ်ကိုင်းမြို့နယ်အတွင်းရှိ မြောင်နှင့် မြင်းမူမြို့နယ်များ မြို့အင်္ဂါနှင့်အညီ သန့်ရှင်းသာယာလှပသော မြို့ဖြစ်စေရန်အတွက် မြောင်မြို့နယ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဇေယျာစိမ်းလန်းမြေ(မြောင်)အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် မြောင်မြို့ ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အသင်းဖွဲ့စည်းပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသင်းဝင်ကတ်ပြားများ ပေးအပ်ခဲ့ရာ အသင်းဝင်များကိုယ်စား မြို့သစ်ရပ်ကွက်မှ ဦးတင်လှကလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေကတူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ အသင်းဝင် ဒေါ်သင်းမာကလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဆွေက ဦးထုပ်များကို လည်းကောင်း ပေးအပ်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌသည် မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည့် ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းဖွဲ့စည်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက တူညီဝတ်စုံနှင့် အသင်းဝင်ကတ်ပြားများကို ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဧရာဝတီမြစ်ရေတိုး၍မြင်းမူမြို့ကမ်းနားလမ်းတာပေါင်ပြိုကျသဖြင့် ပြန်လည်ပြုပြင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး ပဲကူကျေးရွာ သောက်သုံးရေကန်ပေါင်မှာ မိုးများ၍ သစ်ပင်လဲကျသဖြင့် ကန်ပေါင်ပေါက်သွားသည့်နေရာများသို့ သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

Diamonds and Fine Jewelry
ဦးဝင်းနိုင် + ဒေါ်စမ်းစမ်း
"မိုးရာသီအထူးအစီအစဉ်အဖြစ်" တော်ဝင်စင်တာရှိ Win & San Diamonds and Fine Jewelry မှ WHITE GOLD, YELLOW GOLD ဖြင့်ပြုလုပ်ထားသော Micro စက်ထည်၊ လက်ထည်ဒီဇိုင်းအသစ်အဆန်းများအပြင် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများနှင့် ဖြူသန့်စိန် အကြွေဆိုင်မျိုးစုံကို မိတ်ဟောင်းမိတ်သစ်များအတွက် တမူထူးခြားသော အထူးလျှော့စျေး 5% to 25% ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Promotion Date : 5.9.2014, 6.9.2014, 7.9.2014
Show Room (2) ◆ အမှတ် (၄၅) အခန်း (၁၀၂) မြေညီထပ် တော်ဝင်စင်တာ ပြည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ Ph : 8600111 (Ext - 1027), 09-500-6683

စစ်ကိုင်းတိုင်းဒေသကြီး

# အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများတွင် စိုက်ပျိုးရေတွင်းများတူးဖော်ပေးသင့်

**မုံရွာ စက်တင်ဘာ ၆** - ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တို့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်နှင့် မန္တလေးခရိုင်တို့တွင် လေးလက်မစိုက်ပျိုးရေတွင်းများကို နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် အခမဲ့တူးဖော်ပေးလျက်ရှိရာ**(အောက်ပုံ)** တောင်သူများအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် များစွာအဆင်ပြေလျက်ရှိကြကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ စံနမူနာကိုယူကာ စိုက်ပျိုးရေရရှိရန်ခက်ခဲသည့် အခြားသော အပူပိုင်းမိုးနည်းရပ်ဝန်းတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရိုင်နှင့်မြို့နယ်များတွင်လည်း စိုက်ပျိုးရေတွင်းများ တူးဖော်ပေးသင့်ကြောင်း ပြောဆိုလျက်ရှိသည်။

"မနှစ်ကစပြီး မန္တလေးတိုင်းဒေသကြီးမှာ စိုက်ပျိုးရေခက်ခဲတဲ့ကျေးရွာတွေမှာ လေးလက်မစိုက်ပျိုးရေအဝီစိတွင်းတွေ တူးဖော်ပေးတယ်။ တောင်သူတွေက ဘာကုန်ကျစရိတ်မှ ကျခံစရာမလိုဘူး။ စိုက်ပျိုးရေတွင်းတွေကို အခမဲ့တူးဖော်ပေးတယ်။ တောင်သူကိုယ်တိုင်တူးမယ်ဆိုရင် ကုန်ကျစရိတ် ငါးသိန်းဝန်းကျင်လောက်ကုန်တော့ မတူးနိုင်ကြဘူး။ ရေအရင်းအမြစ်ရဲ့ အစီအစဉ်နဲ့ တင်ဒါအောင်တဲ့ကုမ္ပဏီတွေက လာတူးပေးသွားတာ။ အခုနှစ်လည်း လေးလက်မ စိုက်ပျိုးရေတွင်းတွေ အခမဲ့ တူးဖော်ပေးနေတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ အထူးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးတာလို့ သိရတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဒီလိုစီစဉ်ဆောင်ရွက်ပေးတာကို မတွေ့ရဘူး။ စိုက်ပျိုးရေးလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားချင်းအတူတူ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီခံစားခွင့်မရဘူးဖြစ်နေတယ်။ ဒီလိုတော့ မဖြစ်သင့်ဘူးထင်တယ်။စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြတာပဲ။ မိုးခေါင်လို့ စိုက်ပျိုးချိန်နောက်ကျတာတွေ၊ အောင်ရေမရလို့ သီးနှံမအောင်မြင်တာတွေ ရှိနေတာပဲ။ စစ်ကိုင်းတိုင်းဒေသကြီးက တောင်သူလယ်သမားတွေအတွက်လည်း နိုင်ငံတော်အစီအစဉ်နဲ့ စိုက်ပျိုးရေစက်ရေတွင်းတွေကို အခမဲ့တူးဖော်ပေးစေချင်တယ်"ဟု မုံရွာမြို့နယ် စစ်ပင်ကျေးရွာအုပ်စု ခံတောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် လေးလက်မ စိုက်ပျိုးရေစက်ရေတွင်းပေါင်း ၃၉၂၄ တွင်းကို အခမဲ့တူးဖော်ပေးခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း စိုက်ပျိုးရေစက်ရေတွင်းပေါင်း ၁၈၆၃ တွင်းကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများဖြစ်ပြီး နှစ်စဉ် မိုးရေချိန်နည်းပါးစွာ ရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေခက်ခဲမှုရှိကြကြောင်း၊ ဆည်မြောင်းတာတမံနှင့် မြစ်ရေတင်စီမံကိန်းများ တည်ရှိသော်လည်း မိုးကောင်းသောက်စိုက်ပျိုးသည့် လယ်ယာမြေများတွင် စိုက်ပျိုးရေ၊ အောင်ရေခက်ခဲကြောင်း၊ ကိုယ်ပိုင်ရေတွင်းတူးဖော်စိုက်ပျိုးရန်အတွက်လည်း တောင်သူအများစုမှာ ကုန်ကျစရိတ်မတတ်နိုင်ကြကြောင်း၊ ဆည်ရေသောက်လယ်ယာမြေများနှင့်မြစ်ရေတင်စိုက်ပျိုးလယ်ယာမြေများတွင် မပါဝင်သည့် စိုက်ပျိုးရေရရှိရန်ခက်ခဲသော လယ်ယာမြေများအတွက် မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်သည့် အစီအစဉ်များကဲ့သို့ အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများအတွက်လည်း စိုက်ပျိုးရေတွင်းများကို အခမဲ့ကူညီတူးဖော်ပေးသင့်ကြောင်း ပြောဆိုလျက်ရှိသည်။ **(နန္ဒာမင်းလွင်)**



ကရင်ပြည်နယ်



# ဘားအံမြို့ မိုးစပါးအထွက်နှုန်းတိုးရေး စုပေါင်းမြေသြဇာကြဲပက်

**ဘားအံ စက်တင်ဘာ ၆** - ကရင်ပြည်နယ် ရသေ့ပုံကျေးရွာနှင့် ဝဲကြီးကျေးရွာတွင် စိုက်ပျိုးထားသော ဆင်းသုခစပါးများအထွက်နှုန်းတိုးရေး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် အဆိုပါ စပါးစိုက်ခင်းအနီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီးနောက် ပြည်နယ်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဦးက ဓာတ်မြေသြဇာ အချိုးကျသုံးစွဲနည်းနှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရန် ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တောင်သူလယ်သမားများအား ဓာတ်မြေသြဇာအချိုးကျရောစပ်နည်းများကို စိုက်ပျိုးရေးဝန်ထမ်းများမှ သရုပ်ပြသကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်စိုက်ကြပ်အဖွဲ့နှင့် ကျေးရွာရှိ တောင်သူများက တောင်သူ ၁၈ ဦး၏ သုခစပါးစိုက်ခင်းဧက ၄၀ အတွက် စုပေါင်း၍ မြေသြဇာကြဲပက်ကြသည်။

အဆိုပါကျေးရွာရှိ စပါးစိုက်ခင်းများအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ယူရီးယားဓာတ်မြေသြဇာ ၁၁ အိတ်၊ တောင်သုံးလုံးသဘာဝဓာတ်မြေသြဇာ ၂၀ အိတ်စီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(နေမျိုးလွင်)**

တနင်္သာရီတိုင်းဒေသကြီး

# ကွမ်းသီးပင်မှ ကွမ်းခိုင်ပုပ်၍ ကွမ်းသီးကြွေသည့် ရောဂါအကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများ

**မြိတ် စက်တင်ဘာ ၆** - မြန်မာ့ဓလေ့များတွင် ကွမ်းဆေး၊ လက်ဖက်ဟူသော ဧည့်သည်လာလျှင် မပါမဖြစ်သည့် ဧည့်ခံသောအရာတွင် ကွမ်းအစ်ချပေး၍ ဧည့်ခံသောအလေ့လည်း ပါဝင်ပါသည်။ ယနေ့ခေတ်တွင် ကွမ်းစားလျှင် ပါဝင်သောပစ္စည်းများ၏ သန့်ရှင်းလတ်ဆတ်မှုနှင့် ဘေးထွက်ဆိုးကျိုးများကြောင့် ကွမ်းစားခြင်းကို ပိတ်ပင်တားဆီးမှုများ၊ ပညာပေးခြင်း၊ စားသုံးမှုတစ်ခုတည်းကို ရည်ရွယ်ထုတ်လုပ်ခြင်းမဟုတ်ဘဲ အရှေ့အာရှအကြိုက်နှင့် သဘာဝဆိုးဆေးထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပဝင်ငွေရ သီးနှံဖြစ်နေသဖြင့် ကွမ်းပင်များတွင် ဖြစ်ပွားနေသော၊ ကွမ်းစိုက်တောင်သူများ ကြုံတွေ့နေရသော ကွမ်းသီးပင်မှ ကွမ်းခိုင်ပုပ်၍ ကွမ်းသီးကြွေသည့် ရောဂါကို ဖြေရှင်းနိုင်ရန်အတွက် ကာကွယ်ကုသရန်နည်းလမ်းများအား ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ကွမ်းသီးကို မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးသော်လည်း တောင်ငူကွမ်းသီးနှင့် မြိတ်ကွမ်းသီးတို့မှာ ထင်ရှားသည်။ မြိတ်ခရိုင်တွင် ကွမ်းသီးစိုက်ဧက ၂၃၁၄၇ ရှိပြီး ၁၀၁၀၀၈၈၈ ပိဿာထုတ်လုပ်နိုင်သည်ဟု စိုက်ပျိုးရေးမှတ်တမ်းများအရ သိရသည်။ ကွမ်းသီးတစ်ပိဿာ ဈေးနှုန်းမှာ ပုံမှန်ငွေကျပ် ၂၀၀၀ ဝန်းကျင်သာရှိသော်လည်း ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ဝယ်လိုအားကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်ရကြောင်း သိရသဖြင့် ကွမ်းသီးတောင်သူများ တွက်ခြေကိုက်၍ ဝင်ငွေရှင်ပြီး ရော်ဘာဈေးကျသဖြင့် ရော်ဘာလုပ်ငန်းရှင်ကြီးများ အခြေမလှ ဖြစ်ရသည်။



ထို့ကြောင့် ကွမ်းသီးတောင်သူများ ရေရှည်အထွက်နှုန်းတည်ငြိမ်ပြီး ကွမ်းသီးအထွက်နှုန်းကို ခြိမ်းခြောက်နေသော ကွမ်းခိုင်ပုပ်၍ ကွမ်းသီးနုကြွေသောရောဂါကို ကာကွယ်နှိမ်နင်းရန်လိုသည်။ ၎င်းရောဂါမှာ မှိုကြောင့်ဖြစ်ပြီး အဆက်မပြတ်မိုးရွာကာ နေသာချိန်နည်းသည့်ရာသီများ ကြုံတွေ့ရသည့်နှစ်တွင်ဖြစ်သည်။ ထို့အပြင် တောင်ခြေတွင် စိုက်ပျိုးထားသော တိုက်ရိုက်နေရောင်ခြည်မရသည့် တောကြီးများကိုခုတ်၍ စိုက်ပျိုးထားသော ကွမ်းခြံများတွင် အဖြစ်များသည်။

ကွမ်းခြံများတွင် ကျရောက်သည့် မှိုရောဂါကြောင့်ဖြစ်သော ထိုရောဂါကို ကာကွယ်နှိမ်နင်းရန် မှိုသတ်ဆေးများစွာရှိသော်လည်း ကွမ်းပင်များသည် ပေ ၄၀ ခန့်အထိ မြင့်မားတည်ရှိနေခြင်းကြောင့် မှိုသတ်ဆေးကို ထိရောက်စွာ ပက်ဖျန်းနှိမ်နင်းရန် ခက်ခဲသဖြင့် မှိုရောဂါကို တိုက်ခိုက်သည့် အကျိုးပြု ထရိုင်ခိုဒါးမားမှို (Trichoderma harzianum) ထည့်သွင်းပေးခြင်းဖြင့် ထိရောက်စွာ ကာကွယ်ဟန့်တားနိုင်သည်။ ၎င်းမှိုသည် လည်ပင်းရင်းပုပ်ရောဂါဖြစ်စေသောမှို၊ ညှိုးသေရောဂါဖြစ်သော မှို၊ မြစ်ခြောက်ရောဂါဖြစ်စေသော မှို၊ ခါးရိရောဂါဖြစ်စေသော မှိုများကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

တောင်သူများ အသုံးပြုရန်လွယ်ကူသည့် နည်းလမ်းမှာ မှိုမျိုးထုပ် တစ်ထုပ်လျှင် ကောက်ရိုး(သို့မဟုတ်) အုန်းဆံမွေး (သို့မဟုတ်) ကွမ်းသီးခွံ ၁၅ ဆကို ရေဖျန်းရောနယ်၍ ၎င်းမှိုမျိုးနှင့်ရောထားသော ကောက်ရိုး(သို့မဟုတ်)အုန်းဆံ (သို့မဟုတ်)ကွမ်းသီးခွံကို ကွမ်းသီးချိတ်သည့် ချုတံထိပ်တွင် ညှပ်ထည့်ပြီး ကွမ်းသီးပင်၏ ကွမ်းဖူးနှင့် ကွမ်းရွက်ကြားသို့ ထိုးတင်ညှပ်ထည့်ပေးရုံသာဖြစ်သည်။ ၎င်းကွမ်းဖူးများမှ တစ်ဆင့်ကျရောက်နေသော မှိုများကို တိုက်ခိုက်ပေးခြင်းဖြင့် ရောဂါကျရောက်မှုကင်းစင်ပြီး ကွမ်းသီးကြွေခြင်း၊ ကွမ်းခိုင်ပုပ်ခြင်းကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်သည်။

အဆိုပါကွမ်းသီးခိုင်တွင် ကျရောက်သော မှိုရောဂါကာကွယ်သည့် အကျိုးပြု ထရိုင်ခိုဒါးမားမှို ထည့်သွင်းပါက သတိထားရန်မှာ ရောနယ်ပြီး ချက်ချင်းအသုံးပြုရန်နှင့် အခြားဓာတုဆေးများ၊ မှိုသတ်ဆေးများ ရောစပ်မသုံးရန် အထူးသတိပြုရန် လိုပါသည်။ ထိုမှိုမျိုးကို ဝယ်ယူအသုံးပြုလိုပါက သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနသို့ မှာယူ၍လည်းကောင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များမှတစ်ဆင့် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော မှိုမျိုးထုပ်များ မှာယူအသုံးပြုခြင်းဖြင့် အထွက်နှုန်းထိခိုက်၍ စီးပွားရေးပါ ကျဆင်းနိုင်သော ကွမ်းသီးကြွေသည့် ကွမ်းခိုင်ပုပ်ရောဂါကို ကာကွယ်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်း၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

ပဲခူးတိုင်းဒေသကြီး



# ကျောက်ချောလမ်းခင်းပြီး၍ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေ

**နတ်တလင်း စက်တင်ဘာ ၆-** သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်၍ ထိန်တော၊ မိုးညို၊ တာပွန်၊ နတ်တလင်းလမ်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျောက်ချောလမ်း တစ်မိုင်ငါးဖာလုံ၊ ကတ္တရာလမ်း သုံးမိုင်လေးဖာလုံဆောင်ရွက်ရန်ရှိသည့်အနက် ကျောက်ချောလမ်းများဆောင်ရွက်ပြီးနေပြီဖြစ်သည်။ ဆက်လက်၍ ကတ္တရာလမ်း သုံးမိုင် လေးဖာလုံကို ယခုပွင့်လင်းရာသီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးသန်းနိုင်၏ ပြောပြချက်အရ သိရသည်။

လောလောဆယ် ကျောက်ခင်းပြီးသွားပြီဖြစ်သဖြင့် ဒေသခံပြည်သူများအနေနှင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို အချိန်တိုအတွင်း သွားလာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝမ်းသာနေကြကြောင်း ပွတ်စုကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးမြင့်ဦး၏ ပီတိစကားသံကိုလည်း ကြားသိရသည်။

**(ဝ၇၁)**

ရှမ်းပြည်နယ်

# သဘာဝအလှတရားများနှင့် အစဉ်လှပနေတော့မည့် အင်းလေးကန်ဒေသ

**ညောင်ရွှေ စက်တင်ဘာ ၆** - အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ပေါ်ဒေသရှိ ထူးဆန်းအံ့သြဖွယ်ကောင်းသော မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေချိုအိုင်တစ်ခုဖြစ်ပြီး ထူးခြားသည့် ပထဝီဘူမိသွင်ပြင်၊ လူမျိုးစုဓလေ့၊ ဘာသာရေးအဆောက်အအုံများ တည်ရှိနေပြီး လောပိတဓာတ်အားပေးစက်ရုံ၏ ရေအရင်းအမြစ်လည်းဖြစ်သည်ဟု သိရသည်။ အင်းလေးကန်သည် အာဆီယံအမွေအနှစ်ဥယျာဉ်ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေတစ်ခုဟုသိရသည်။ အင်းလေးကန်သည် ညောင်ရွှေမြို့နယ်၌ တည်ရှိပြီး ရွှေညောင်မှ ညောင်ရွှေသို့ ခုနစ်မိုင်၊ ညောင်ရွှေမှ အင်းလေးဖောင်တော်ဦးဘုရားသို့ ၁၃ မိုင်ခန့်ကွာဝေးပြီး အင်းသူ၊ အင်းသားများ၏ ခြေထောက်ဖြင့် လှေလှော်ခြင်းနှင့် ရေပြင်ကျယ်အတွင်း လူအများနေထိုင်ကြသည်ကို ပြင်တွင်း ပြည်ပခရီးသွားဧည့်သည်များအတွက် ဆွဲဆောင် မှုတစ်ခုဖြစ်သည်။ **(အပေါ်ယာပုံ)**

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်းရေး ငါးနှစ်စီမံချက်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင်တို့ကို စိမ်းလန်းစိုပြည်ရေး၊ သစ်တောရေမြေ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တတိယ ငါးနှစ်စီမံကိန်းကာလ၏ ပဥ္စမနှစ်သို့ပင် ရောက်ရှိနေပြီဟု ညောင်ရွှေမြို့ ဆည်မြောင်းဦးစီးအရာရှိထံမှ သိရသည်။

အင်းလေးကန်အတွင်းသို့ အဓိကစီးဝင်နေသည့် ရေဆင်းဧရိယာ စုစုပေါင်း ၅၂၈ စတုရန်းမိုင်၊ စုစုပေါင်း ချောင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်ရှိပြီး အဓိကစီးဆင်းနေသည့် ကလောချောင်း ရေဆင်းဧရိယာ ၂၅၆ စတုရန်းမိုင်နှင့် ဘီလူးချောင်းစသည့် ချောင်းများသည် အင်းလေးကန်အတွင်းသို့ အဓိကရေဝင်ချောင်းကြီးများဖြစ်သည်ဟု သိရသည်။ ထိုသို့ သက်ဆိုင်ရာတာဝန်ရှိသူများက အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်စေမည့် နည်းလမ်းများအနေဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းလမ်းများ၊ ဝင်ငွေတိုးလုပ်ငန်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည့်အပြင် ဒေသခံပြည်သူများကိုယ်တိုင်ပါဝင်သော အစုအဖွဲ့ပိုင်သစ်တောများကို နိုင်ငံတော်မူဝါဒနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာနည်းပညာများကို ဖိတ်ခေါ်၍လည်း ဆောင်ရွက်သွားမည်ဟု သိရသည်။



အင်းလေးကန်ဒေသတွင် ကျေးရွာပေါင်း ၄၀၀ ကျော်ရှိ၍ ပြည်သူလူထု ၂၀၀၀၀၀ ခန့် နေထိုင်လျက်ရှိပြီး ၇၅ ရာခိုင်နှုန်းမှာ တိုင်းရင်းသားများ စုစည်းနေထိုင်ကြသလို ယင်းဒေသရှိ တိုင်းရင်းသားအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်လုပ်ငန်းများအပြင် ရေပေါ်ဟိုတယ်ဇုန်များ စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်ဟု သိရသည်။ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်နေချိန်၌ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား မိဘပြည်သူများမှ သဘာဝအလှတရားများဖြင့် အစဉ်လှပနေသော အင်းလေးကန်ဒေသကို မိမိတို့အသိစိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ **ကျော်ကျော်(မလှိုင်)**

မကွေးတိုင်းဒေသကြီး

# မင်းလှမြို့နယ် ရေနံမကျေးရွာတွင် မြေအောက်သယံဇာတများထွက်ရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

**မကွေး စက်တင်ဘာ ၆** - မကွေးတိုင်းဒေသကြီးသည် အဖိုးတန်မြေပေါ်သယံဇာတများ ပေါ်ကြွယ်ဝသည့်အပြင် မြေအောက်သယံဇာတဖြစ်သည့် ရေနံများထွက်ရှိသော တိုင်းဒေသကြီးဖြစ်သည်။ ခရိုင် ငါးခရိုင်၊ မြို့နယ် ၂၅ မြို့နယ်၏ အဓိကရုံးစိုက်ရာ တိုင်းဒေသကြီးဖြစ်သည့်အပြင် ဆီထွက်သီးနှံထွက်ရှိသည့် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟုတင်စားခေါ်ဝေါ်ကြသည်။ ရာသီအလိုက် စိုက်ပျိုးကြသော စပါး၊ မြေပဲ၊ နှမ်း၊ နှမ်းပန်းများနှင့် အခြားစိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းသကဲ့သို့ အခြားသော မြေပေါ် အဖိုးတန်သစ်တောထွက်ပစ္စည်းများ ဖြစ်ထွန်းနိုင်အောင် မြေဆီမြေသြဇာကောင်းမွန်သဖြင့် သစ်၊ ဝါး၊ ကြိမ်များလည်း ထွက်ရှိသော ဒေသကြီးဖြစ်သည်။ မြေအောက်အဖိုးတန်သယံဇာတဖြစ်သော ရေနံများကို ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်နှင့် မင်းလှမြို့နယ်အတွင်းရှိ ဒဟတ်ပင်ရေနံမြော်၊ တကိုင်းရေနံမြော်၊ ရေနံမကျေးရွာရေနံမြော်များတွင် ရေနံများထွက်ရှိကြောင်း သိရသည်။

ရေနံမကျေးရွာသည် မင်းလှမြို့နှင့် ၂၉ မိုင်ခန့်ဝေးပြီး အိမ်ခြေတစ်ထောင်ကျော်၊ အိမ်ထောင်စု ၁၃၅၀ ခန့်၊ လူဦးရေ ၅၀၀၀ ကျော်ရှိသော ရွာကြီးဖြစ်သည်။ ယခင်က ဒေသခံများ မိရိုးဖလာလယ်ယာလုပ်ငန်းများဖြင့် စိုက်ပျိုးရေးကိုအခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုနေထိုင်ခဲ့ကြသည်။ ယခုအခါ လယ်ယာမြေများမှ မြေအောက် သယံဇာတဖြစ်သော ရေနံများထွက်ရှိလာသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ ကျေးလက်ဒေသ အထကခွဲကျောင်း၊ ခုတင်(၅၀)ဆံ့ တိုက်နယ်ဆေးရုံ၊ တိုက်နယ်ရဲစခန်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်နှစ်စီးအပြင် အရေးပေါ်လူနာတင်ယာဉ်များဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ် စစ်စနိုး၊ လယ်လှ၊ ဒီးဒုတ်ကန်၊ ဓာတ်ကုန်း၊ ကွေ့ကျော၊ ကလိုင်း၊ ရွာသာလှ၊ ပြည်ဆုံးကျေးရွာ ခုနစ်ရွာ ကိုယ်ထူကိုယ်ထမီးလင်းရေးအတွက် ရေနံမြော်စီးပွားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်၍ ၂၈ မိုင်အကွာရှိ ကျေးရွာဒေသများကို ကျပ်သိန်းပေါင်း ၂၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်နေကြောင်း၊ ဩဂုတ် ၃၁ ရက်တွင် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီဖွဲ့စည်းပြီးကြောင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်နှစ်စီးကို ကျပ်သိန်း ၅၀၀ ဖြင့် ဝယ်ယူပြီးဖြစ်ကြောင်း သိရသည်။ **(ဇွဲထက်ရှင်)**

မန္တလေးတိုင်းဒေသကြီး

# နတ်သရဲမြောင်းတူးဖော်ပေးမှုကြောင့် လယ်မြေများအပြည့်အဝ စိုက်ပျိုးနိုင်ရန် ပြင်ဆင်

**စဉ့်ကိုင် စက်တင်ဘာ ၆** - စဉ့်ကိုင်မြို့နယ် အနောက်ဘက်ခြမ်းရှိ မြောင်းဆုံမြောင်းမှ ခွဲထွက်ကာ မြောင်းဆုံကြီးအုပ်စု၊ သင်္ဂဒိုကျေးရွာအုပ်စု၊ ကံဆွယ်ကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ ကျေးရွာ ၁၀ ရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေ ၃၀၂၅ ဧကစိုက်ပျိုးရေပေးဝေလျက်ရှိသော နတ်သရဲမြောင်းတူးဖော်ပေးမှုကြောင့် ဒေသခံတောင်သူများသည် ယခင်နှစ်များတွင် စိုက်ပျိုးနိုင်ခြင်းမရှိခဲ့သော လယ်မြေပါစိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် မိုးစပါးဧကပြည့်စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ နတ်သရဲမြောင်းကို ယခင်နှစ်များက တူးဖော်ပေးခဲ့သော်လည်း မြောင်းအောက်ပိုင်းသာ တူးဖော်ခဲ့ပြီး မြောင်းအထက်ပိုင်းတူးဖော်ခြင်းမရှိခဲ့မှုကြောင့် အောက်ပိုင်းရှိ တောင်သူများသည် စိုက်ပျိုးရေအခက်အခဲရှိမှုကို "အရင်နှစ်တွေက ဆည်မြောင်းက အခုလို စက်ကြီးတွေနဲ့ တူးပေးတယ်။ ဒါပေမယ့် အောက်ပိုင်းပဲ တူးပေးနိုင်ခဲ့တာ၊ အထက်ပိုင်းမတူးတော့ မြောင်းက အထက်ပိုင်းမှာ ပိတ်ပြီး ရေကို အောက်ပိုင်းက လူတွေအပြည့်အဝမရဘူး၊ ဒါကြောင့် တောင်သူတွေမှာ စိုက်ဧကအပြည့်အဝ မစိုက်နိုင်ခဲ့ဘူး။ ဒီနှစ်တော့ အထက်ပိုင်းထိတူးတော့ ရေအခက်အခဲက မပူရတော့ဘူး၊ တောင်သူတချို့ လယ်မြေတွေက ရေအခက်အခဲရှိတော့ ဒီနှစ် စိုက်ပျိုးဖို့အစီအစဉ်မရှိလို့ ပျိုးမထောင်ခဲ့ကြဘူး၊ ဒီမြောင်းတူးနေတာမြင်မှ စိုက်ပျိုးဖို့ပြင်ကြတာ၊ ကျွန်တော်တို့ရွာက ပျိုးမထောင်ခဲ့တဲ့ တောင်သူတွေတောင် မတ္တရာဘက်ထိ ပျိုးတွေတက်ဝယ်နေကြတယ်။ ဒီနှစ်တော့ ဒီမြောင်းရေသောက်ဧကတွေ အားလုံးစိုက်နိုင်မှာပါ" ဟု တအုံကျေးရွာမှ လယ်မြေ ၄ ဒသမ ၅ ဧကစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော တောင်သူ ဦးသန်းအောင်၏ ပြောကြားချက်အရ သိရသည်။

နတ်သရဲမြောင်းသည် အရှည် ၂၂၈၇၅ ပေ ရှည်သောကြောင့် တူးဖော်ခဲ့သည့်နှစ်များကြာမြင့်နေပြီး နုန်းနှင့် အမှိုက်များ သောင်ထွန်းနေသဖြင့် မြောင်းအောက်ပိုင်းရှိတောင်သူများ စိုက်ပျိုးရေအခက်အခဲဖြစ်ကာ တောင်သူများ စိုက်ပျိုးရေအပြည့်အဝရရှိရေးအတွက် မြောင်းအထက်ပိုင်းတွင် ၂၄ ပေအကျယ်နှင့် မြောင်းအောက်ပိုင်းတွင် ရှစ်ပေအကျယ် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**



ထွန်းထွန်းနိုင်(ကျောက်ဆည်)

ရန်ကုန်တိုင်းဒေသကြီး

# ၃၁ ဧက ကျယ်ဝန်းသော သောက်သုံးရေကန်ကြီးမှ မြက်ပင်များနှင့် ဒိုက်ပင်များ စက်ကြီးဖြင့် ရှင်းလင်းဆောင်ရွက်

**သုံးခွ စက်တင်ဘာ ၆** - ၃၁ ဧကကျယ်ဝန်းသော မြို့တွင်းသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ရေကန်ကြီး သန့်ရှင်းသာယာလှပစေရန်နှင့် သောက်သုံးရေပမာဏ ပိုမိုရရှိစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေကန်အတွင်းမှ မြက်ပင်များ၊ ဒိုက်ပင်များကို စက်တင်ဘာ ၃ ရက်နံနက်ပိုင်းတွင် YCDC ရေ/သန့် ဌာနပိုင် AQUAMARINE စက်ကြီးဖြင့် ရှင်းလင်းဆောင်ရွက်နေကြောင်း သိရသည်။

**(ကြည်စိုးလွင်-သုံးခွ)**

# မြန်မာ့ယဉ်ကျေးမှုအမွေမှတ်တမ်း ရက်ကန်းပညာအစွမ်း

—— aomfwmat; ——

မိမိတို့ ကမ္ဘာတွင် နေထိုင်ကြသူများမှာ ရာစုနှစ်ပေါင်းများစွာကပင် နေရာဒေသအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုများခေတ်ကာလနှင့်အညီ လိုက်လျောညီထွေဖြစ်ပေါ်ခဲ့ပြီး ယင်းတို့ကို လက်ဆင့်ကမ်းခြင်းဖြင့် ယဉ်ကျေးမှုအဆင့်မြင့်မားစေခဲ့ပေသည်။ လူမျိုးတစ်မျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ယဉ်ကျေးသည့် လူမျိုးများအတွက် အစဉ်တည်ရှိပြီး မြန်မာ့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာလည်း လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စတင်သော သမိုင်းအထောက်အထားများရှိပေသည်။

မြန်မာနိုင်ငံသည် BC 900 (၉ ရာစု) တကောင်းခေတ်မှစ၍ ကိုယ်ပိုင်ထီးနန်းဖြင့်ရပ်တည်ကာ ယဉ်ကျေးမှုအဆင့်မြင့်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်၌ ထည်ဝါခဲ့ပေသည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုများစွာအနက် မြန်မာ့ဆင်ယင်ထုံးဖွဲ့မှုတစ်ရပ်ဖြစ်သည့် ရက်ကန်းပညာမှာ ဂုဏ်ယူဖွယ်လက်မှုပညာဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်မှ စတင်ခြင်းဖြစ်သည်။

မြန်မာအဘိဓာန်တွင် ရက်ကန်းဟူသော ဝေါဟာရကို

ရက်ကန်း(န) "အဝတ်အထည် ရက်လုပ်သောလုပ်ငန်းအတတ်ပညာ"

ဟု အနက်အဓိပ္ပာယ်ဖွင့်ထားသည်။

ရက်ကန်းပညာအစနှင့် သမိုင်းကြောင်းကို လေ့လာရာတွင် အလွန်ရှေးကျပြီး မြတ်စွာဘုရားရှင်လက်ထက် ရက်ကန်းသည်မလေး သုမာလာမှာ အာဠဝီပြည် တရားမဏ္ဍပ်အတွင်းရှိ မြတ်စွာဘုရားရှင်အား ဆက်ကပ်လှူဒါန်းရန် ကိုယ်တိုင်ရက်ခတ်သော သင်္ကန်းကို ပိုင်ရှင်သူဌေးထံအပ်နှံစဉ် မြတ်စွာဘုရားရှင် မြင်တော်မူ၍ နှုတ်ဆက်မေးမြန်းခြင်းခံရကာ ကြည်ညိုသဒ္ဓါစိတ်ဖြင့် အကျွတ်တရားရခဲ့သော အထောက်အထားများရှိလေသည်။ ဥမ္မာဒန္တီလောင်း အမျိုးသမီးမှာသုံးနှစ်တိုင် အစေအပါးလုပ်၍ရသော ပန်းဝတ်ထည်ကို ရဟန်းတစ်ပါးအား လှူဒါန်းပြီး အလွန်ချောမောလှပသူဖြစ်ခဲ့သည်။

**ပုဂံခေတ်** ကျောက်စာအထောက်အထားအရ အပယ်ရတနာ လိုဏ်ဂူဘုရားအတွင်းရှိ မဟာယာနီဂိုဏ်း၊ ပန်းချီ၊ ဆေးရေး၊ အုတ်ချပ်များကို လေ့လာပြီး တာရာဒေဝီနတ်သမီး၏ ကြိုးကြိုးချိတ်ထဘီမှ မြန်မာ့ရက်ကန်းပညာကို တွေ့နိုင်ကြောင်း ကျောက်စာဝန်ဦးမြက လေ့လာမှုပြုခဲ့ပေသည်။

**အင်းဝခေတ်** စာဆိုရှင်မဟာရဋ္ဌသာရ၏ 'ကိုးခန်းပျို့'တွင်

"ဗိုင်းမှုဝါမှု၊ ညီစေရာသို့၊ ဖန်ပြု ဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ

မဆိတ်မည်၊ ချည်ဝင့်သံလည်း၊ တရံမပြတ်ချားရဟတ်နှင့်"

ဟူသော အဖွဲ့မှ အင်းဝခေတ် ရက်ကန်းပညာမှာ ပိုမို ကျယ်ပြန့်ကြောင်း ခိုင်မာစေပါသည်။

**တောင်ငူခေတ်** တပင်ရွှေထီးလက်ထက်၌ ယိုးဒယားရက်ကန်းပညာရှင်များကို ခေါ်ဆောင်လာခြင်းမှ ရက်ကန်းပညာ ပိုမိုထွန်းကားလာသည်ဟု အဆိုပြုကြသည်။

**ညောင်ရမ်းခေတ်** ရက်ကန်းပညာမှာ "အချိတ်" ဟူသော ဝေါဟာရကို စတင်သုံးစွဲသည်ဟု ယူဆနိုင်ပေသည်။ စာဆိုဝန်ကြီးပဒေသရာဇာ၏ "သူဇာပျို့"တွင်

"ရွှေချည် ချယ်ဘက်၊ လက်ချိတ်ရက်သည်
ကပ်ကွက်ကျူးကျော်၊ ဝတ်လဲတော်ကို"ဟု ဖွဲ့ဆိုမှုမှ ရက်ကန်းပညာ အချိတ်ဆင်ဆန်းများကို စတင်ရက်လုပ်နေပြီဟု ကောက်ချက်ချနိုင်ပေသည်။

**ကုန်းဘောင်ခေတ်** အလောင်းမင်းတရားကြီးနှင့် သားတော်ဆင်ဖြူရှင်မင်းလက်ထက်၌ မဏိပူရကသည်းများကို အောင်တော်မူပြီး သုံ့ပန်းအဖြစ် ရက်ကန်းပညာရှင် မဏိပူရကသည်းများကို ခေါ်ဆောင်လာသည်မှ မြန်မာ့ရက်ကန်းပညာမှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ပြည်မြို့အနီးရွာဘိန်းပေါက်ခေါင်းတို့၌ နေရာပေးကာ မြန်မာများအား ရက်ကန်းပညာကို လက်ဆင့်ကမ်းသင်ကြားစေခဲ့သည်။

**အမရပူရခေတ်** ဘိုးတော်မင်းတရားကြီးနှင့် ဘကြီးတော် ဘုရားလက်ထက်တွင် ရက်ကန်းလုပ်ငန်းကို တွန်းအားပေးလုပ်ကိုင်စေခဲ့သည်။

**ရတနာပုံခေတ်** မင်းတုန်းမင်းတရားလက်ထက်တွင် ညီတော်အိမ်ရှေ့စံ ကနောင်မင်းသား၏ ကြိုးပမ်းမှုကြောင့် မန္တလေးမြောက်ပြင်၌ ရက်ကန်းစက်ရုံများ တည်ဆောက်နိုင်ခဲ့သည်။

ရှေးခေတ်နန်းတွင်းသုံး လွန်းရာကျ အချိတ်များမှာ မက်မောဖွယ်ရာဖြစ်သကဲ့သို့ ကျေးလက်ဒေသရှိ ပျိုဖြူများမှာလည်း ချည်ထည်များကို ဝတ်ဆင်ပြီး ပင်ဖြူ ပင်နီများခေတ်စားလိမ့်မည်ဟု ယူဆရပေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများမှ မိမိတို့၏ ရိုးရာအဝတ်အထည်များကို ရက်လုပ်ဝတ်ဆင်ခဲ့ကြသည်။ ရက်ကန်းပညာဆိုင်ရာ ယုံကြည်မှုဓလေ့အဖြစ် ရက်ကန်းရှင်မကို တင်မြောက်ပူဇော်သောဓလေ့ရှိပေသည်။

မြန်မာစာပေတွင် ရက်ကန်းပညာဆိုင်ရာ စကားပုံဆိုရိုးစကားများစွာရှိခဲ့ပြီး ယောကျ်ားစာမတတ်လျှင် အကန်း၊ မိန်းမမှာ ရက်ကန်းနှင့် လက်မနီးလျှင် အသုံးမကျဟု ကဲ့ရဲ့ရာတွင်

"စာပေမကျွမ်း၊ ယောကျ်ားနှမ်း၊ သူကန်းနှင့်သာတူတော့သည်

ရက်ကန်းနှင့် ဗိုင်း၊ လက်နှင့်ရိုင်း၊ လူတိုင်းမုန်းတတ်သည်" ဟုဆိုရိုးစကားပြုကြပေသည်။

ယခုခေတ်တွင် မန္တလေးမြို့ အမရပူရတွင် ဆောင်းဒါးရက်ကန်းကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ကျွမ်းကျင်သော ဆရာ ဆရာမများမှ ယွန်းနှင့်ပတ်သက်သောပညာ ခေတ်မီတီထွင်သော ဒီဇိုင်းဘာသာရပ်နှင့်တကွ အထည်သားဆိုင်ရာ ပညာများစသော သင်တန်းအမျိုးမျိုးကို ပို့ချသင်ကြားလျက်ရှိနေပေသည်။

မြန်မာမှုရက်ကန်းပညာမှာ မြန်မာတိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ယဉ်ကျေးမှုအနုပညာရပ်ဖြစ်၍ ရက်ကန်းပညာပိုမိုထွန်းကား ပြန့်ပွားပြီး ပြည်တွင်းဖြစ် အဝတ်အထည်များကို တန်ဖိုးထားဝတ်ဆင်ကြရန်နှင့် မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်အောင် အလေးထားဆောင်ရွက်ရန်မှာ မြန်မာ့ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ တာဝန်သာ ဖြစ်ပေတော့သည်။



မကွေးတိုင်းဒေသကြီး

## ကျေးလက်ရေရရှိရေး ဆောင်ရွက်

**ချောက် စက်တင်ဘာ ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးလက်သောက်သုံးရေဖူလုံရေးအတွက် အပူပိုင်းဇုန်ရေရရှိရေး စီမံကိန်း (JICA) တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချောက်မြို့နယ် သံဘိုကျေးရွာအုပ်စု စမ်းစုကျေးရွာတွင် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။**(ဓါတ်ပုံ)**

အဆိုပါ ကျေးရွာတွင် အိမ်ထောင်စု ၁၃၀၊ လူဦးရေ ၆၀၅ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေး ခန့်မှန်းအနက်ပေ ၉၅၀ တူးဖော်ရမည်ဖြစ်၍ ယခုအခါ ပေ ၈၂၀ တူးဖော်ပြီးစီးနေသည်ကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဌေး (IPRD)**

မန္တလေးတိုင်းဒေသကြီး

## နေ့စားလပေးမူလတန်းပြဆရာ ဆရာမများခန့်အပ်

**ပြင်ဦးလွင် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပညာရေးဌာန၌ နေ့စားလပေးမူလတန်းပြဆရာ ဆရာမများအဖြစ် ၂၀၆ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ ဆရာ ဆရာမ ၁၁၁ ဦး အောင်မြင်၍ ပြင်ဦးလွင်မြို့နယ် ပညာရေးမှူးရုံးသို့ စက်တင်ဘာ ၁ ရက်က လာရောက်သတင်းပို့ကြောင်း သိရသည်။

နေ့စားလပေးအဖြစ် ခန့်အပ်ခြင်းခံရသော ဆရာခြောက်ဦး၊ ဆရာမ ၁၀၅ ဦးတို့အား ပြင်ဦးလွင်မြို့နယ် ပညာရေးမှူး ဦးဇော်လင်းနှင့် ဒုမြို့နယ်ပညာရေးမှူးများက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မိမိတို့တာဝန်ကျရာ မူလတန်းကျောင်း၊ အလက(ခွဲ) ကျောင်းများနှင့် အထက(ခွဲ)ကျောင်းများသို့ ဆက်သွယ်ညှိနှိုင်းပြီးပညာရေးတာဝန်ထမ်းဆောင်ရာ၌ လိုအပ်သည်များအား ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပညာရေးဌာနမှ နေ့စားလပေးအဖြစ် ခန့်အပ်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ ၆၉ ဦး၊ ပြင်ဦးလွင်မြို့နယ်မှ ၄၂ ဦးတို့ဖြစ်ကြောင်း သိရသည်။ **(၅၈၁)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)

## မိုးပွင့်အဆင့်(၆) ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်

**နမ့်ခမ်း စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့်(၆) နိုင်ငံသားလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်းလုပ်ငန်းကို စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ နမ့်ခမ်းမြို့နယ် မန်လုံကျေးရွာအုပ်စု လွယ်အင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်နှင့် မူဆယ်ခရိုင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုတို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆီနော်လီနှင့်ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် ၅၇ ဦး၊ အသက်(၁၈)နှစ်ပြည့် ၆၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး မွေးဖွားသူ ၆၆ ဦးအား အိမ်ထောင်စုစာရင်းတွင် ဖြည့်သွင်းခြင်း၊ သေဆုံးသူသုံးဦးအား ပယ်ဖျက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဇော်လွင်(လားရှိုး)**

□□





မန္တလေးတိုင်းဒေသကြီး

# သာစည်မြို့မင်းလှကန်ကြီးရေနည်း၍ မြို့လူထုသုံးရေကို မြေအောက်ရေများရယူပြီး ရေပေးဝေလျက်ရှိ

**သာစည်　　စက်တင်ဘာ　　၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မြို့လူထုသုံးရေနှင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသော မင်းလှကန်ကြီး ရေနည်းနေပြီဖြစ်၍**(ဓာတ်ပုံ)** မြို့လူထုအတွက် သုံးရေကို အဝီစိတွင်းမှ မြေအောက်ရေများရယူပြီး ရေပေးဝေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးတွင်းကာလ မိုးရွာသွန်းမှုက မင်းလှကန်ထဲကို ရေဝင်ရောက်မှုမရှိတော့ မင်းလှကန်ကြီးရေနည်းသွားပါပြီ။ မင်းလှကန်မှ မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်ရေများကိုတော့ ပေးဝေလျက်ရှိပြီး မြို့လူထုရဲ့ သုံးရေကိုတော့ မြေအောက်ရေတွေကိုရယူပြီး ပုံမှန်အတိုင်းပေးဝေနေတဲ့အတွက် မြို့လူထုရေအခက်အခဲမရှိကြပါဘူး။ ယခင်နှစ်ကလည်း မင်းလှကန်ကြီးရေခန်းခြောက်သွားခဲ့ပြီး စက်တင်ဘာလ နောက်ဆုံးပတ်က မိုးရွာသွန်းမှုများကြောင့် မင်းလှကန်ကြီး ရေပြည့်ခဲ့တာပါ။ ဒီနှစ်လည်း မနှစ်ကလို မင်းလှကန်ရေပြည့်အောင် မိုးရွာရင်တော့ သာစည်မြို့ရဲ့ သုံးရေနဲ့ စိုက်ပျိုးရေကို အခက်အခဲမရှိရေပေးဝေနိုင်မှာဖြစ်ပါတယ်၊ သာစည်မြို့ မင်းလှကန်ကြီးက မြို့လူထုသုံးရေနဲ့ စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိတဲ့ ရေကန်ကြီးဖြစ်လို့ မင်းလှကန်ရေပြည့်အောင် ရွာမယ့်မိုးကိုပဲ မျှော်နေရပါတယ်"ဟု သာစည်မြို့နယ် ဒေသခံတစ်ဦးက ပြောပြသည်။

**မျိုးမင်း(သာစည်)**

»» ကျောဖုံးမှ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသည် စစ်တွေ၊ ပေါက်တော၊ မြောက်ဦး၊ မြေပုံ၊ ကျောက်ဖြူမြို့နယ်များအတွင်းမှ ရေလုပ်သား ၃၈၁၄ ဦးတို့အတွက် အရှည် ၃၆ ပေရှိ စက်လှေ ၃၅ စင်း၊ အရှည် ၂၇ ပေရှိ လက်လှေ၆၁၁ စင်း၊ မျှောပိုက် ၁၉၇၀ခု၊ အဏုမြူပိုက် ၂၁၁၅ ခု၊ ကွန် ၇၂၄ ခုတို့ကို ဝယ်ယူထောက်ပံ့ပေးမည်ဖြစ်သည်။ ၎င်းအပြင် ရေချို၊ ရေငန်ငါးပုစွန်မွေးမြူရေး သင်တန်းများ စာတွေ့၊ လက်တွေ့သင်ကြားပေးခြင်း၊ ဒေသခံများပိုင်ဆိုင်သည့် ပုစွန်ကန် ၂၁၁၇ ဧကကို သဘာဝအရိုင်းသွင်းမွေးမြူသည့်စနစ်မှ အစာကျွေးမွေးမြူသည့်စနစ်သို့ ပြောင်းလဲနိုင်ရေးဆောင်ရွက်ခြင်း၊ ရေချိုငါးသားဖောက်စခန်းများ တည်ဆောက်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပညာရေး ဝန်ကြီးဌာနသည် သူငယ်တန်းမှ ဒသမတန်းအထိ ပုံနှိပ်စာအုပ် ၁၈၂၅၆ အုပ်၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို လိုအပ်ချက်အတိုင်း ကျောင်းဖွင့်ချိန်အမီ ဖြန့်ပြီးဖြစ်သည်။ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် ကယ်ဆယ်ရေးစခန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားရေးအတွက် (Volunteer Teacher) လုပ်အားပေး ဆရာ ဆရာမများ မူလတန်းပြ ၃၇၄ ဦး၊ အလယ်တန်းပြ ၅၆ ဦး၊ အထက်တန်းပြ ၁၆ ဦး စုစုပေါင်း ၄၄၆ ဦးခန့်အပ်သွားမည်ဖြစ်ပြီး ဆရာ ဆရာမများအတွက်လည်း ၁၀ လစာ ထောက်ပံ့ငွေများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ယခင်နှစ်က ဖွင့်လှစ်ပေးပြီးဖြစ်သော ဆေးပေးခန်း ၁၈ ခုအတွက် လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ စစ်တွေမြို့နယ်တွင် ယာယီဆေးပေးခန်း နှစ်ခု၊ ရမ်းဗြဲမြို့နယ်တွင် ယာယီဆေးပေးခန်းတစ်ခု၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များတွင် သားဖွားခန်းတစ်ခုစီ စုစုပေါင်း ငါးခု ထပ်မံဖွင့်လှစ်ပေးခြင်းတို့ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်လူနာများ သွားရောက်ကြည့်ရှုကုသပေးရန်၊ သယ်ယူရန်အတွက်လည်း မော်တော်ဘုတ်တစ်စင်း စီစဉ်ထားရှိပေးမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်နိုင်သူများ၏ မိသားစုဘဝရပ်တည်ရေးအတွက် ဆိုက်ကား ၄၅၅ စီး၊ သုံးဘီး ဆိုင်ကယ် ၅၄ စီးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ထောက်ပံ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် အခြေခံစက်ချုပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မင်းပြားမြို့တွင် သင်တန်းသူ ၈၁ ဦး၊ စစ်တွေမြို့တွင် သင်တန်းသူ ၈၀၊ ကျောက်ဖြူမြို့တွင် သင်တန်းသူ ၈၇ ဦး စုစုပေါင်း ၂၄၈ ဦး တက်ရောက်ခဲ့ပြီး ယင်းသင်တန်းဆင်း ကျောင်းသူများအတွက် အပ်ချုပ်စက် ၂၄၈ လုံး ထောက်ပံ့ပေးခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာ ဆက်လက်သင်ယူနိုင်ခြင်းမရှိသော လူငယ်များအတွက် လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ သံချည်သံကွေးသင်တန်း၊ လျှပ်စစ်ဂဟေဆက်သင်တန်း၊ တစ်လုံးထိုးအင်ဂျင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်း၊ လျှပ်စစ်ပိုင်းဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ရန်အတွက် ကျောက်ဖြူမြို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း(၁)ကျောင်း ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနသည် ဒေသတွင်းလုပ်ငန်းခွင် ဝင်ရောက်နေသော လယ်ထွန်စက်များပြန်လည်ပြုပြင်ရေးအတွက် အဖွဲ့များစေလွှတ်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းအပြင် ဒေသခံရခိုင်တိုင်းရင်းသား လူငယ် ၂၂၈ ဦးကို စက်မှုနှင့် သက်မွေးပညာသင်တန်းများ တက်ရောက်သင်ကြားခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အထက်တင်ပြပါ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် ရခိုင်ပြည်နယ်အတွင်းရှိနှစ်ဖက်လူ့အဖွဲ့အစည်းအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ပုံမှန်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းလာစေရေး၊ ရခိုင်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။




တနင်္သာရီတိုင်းဒေသကြီး

# မြိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် အသိပညာပေးဟောပြော

**မြိတ်　　စက်တင်ဘာ　　၆**

အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် အခြေခံအိမ်တွင်းမှုနှင့် စက်ချုပ်ပညာရပ်များသင်ယူနေသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသူအမျိုးသမီး သင်တန်းသူလေးများအား အသိပညာများတိုးပွားစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲကို မြိတ်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းခန်းမတွင် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် သင်တန်းသူလေးများအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အကျင့်စာရိတ္တမြင့်မား၍ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အမျိုးသမီးကောင်းများဖြစ်ရေးနှင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် အသိပညာတိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းတို့ကို တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချိုက ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်ထားပြီး တိုးတက်အောင်မြင်လျက်ရှိသည့် ကလွင်ကျေးရွာ တက္ကသိုလ်ရပ် သမိုင်းဗိမာန်စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် စာပေဝါသနာရှင်များတွေ့ဆုံ၍ တိုင်းဒေသကြီး ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်အား ရေရှည်တိုးတက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်စာစောင်များ တိုးပွားနေမှုအား ဆက်လက်ကြိုးစားဆောင်ရွက်ပေးကြပါရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြိတ်ခရိုင်ပြန်/ဆက်)**

ရေကြီးမှုသက်သာစေပြီး သီးနှံအောင်မြင်ဖြစ်ထွန်းရေး အထောက်အကူပြု ဘန့်ဘွေးစုကွျန်းပတ်တာ

စာမျက်နှာ ၂ သို့ » »



သဘာဝအလှတရားများနှင့် အစဉ်လှပနေတော့မည့် အင်းလေးကန်ဒေသ

စာမျက်နှာ ၄ သို့ » »



နတ်သဲရဲမြောင်းတူးဖော်ပေးမှုကြောင့် တောင်သူများ လယ်မြေများ အပြည့်အဝစိုက်ပျိုးနိုင်ရန် ပြင်ဆင်

စာမျက်နှာ ၅ သို့ » »

မြန်မာ့ယဉ်ကျေးမှုအမွေမှတ်တမ်း ရက်ကန်းပညာအစွမ်း

စာမျက်နှာ ၆ သို့ » »

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ



မြင့်စိုး(နတလ)

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်သို့ လက်တွန်းလယ်ထွန်စက်များ ပေးပို့စဉ်။

ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေရေးအတွက် ဒေသတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်လာရန် လိုအပ်ပေသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ရခိုင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံအကောင် အထည်ဖော်ဆောင်ရွက်နိုင်မည့် Development Plan ရေးဆွဲနိုင်ရေးအတွက် ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီက လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ (၆)ခုကိုလည်း ဖွဲ့စည်းပေးထားပြီးဖြစ်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးညှိနှိုင်းခြင်းများကို စွမ်းအားမြှင့်လုပ်ဆောင်သွားရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်ရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးမှသည် စီးပွားဖြစ်စိုက်ပျိုးမွေးမြူနိုင်သည်အထိ အသိပညာ၊ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးရန်၊ စဉ်ဆက်ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ စဉ်ဆက်ပညာရေးလုပ်ငန်းများကို ကျောင်းပြင်ပ၊ ပညာရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီစေရန်အတွက် ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများဖွင့်လှစ်ခြင်း၊ သားဖွားဆရာမများခန့်ထားခြင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရေးအားပေးကူညီဆောင်ရွက်စေရန်၊ ကူးစက်ရောဂါများနှင့် အခြားရောဂါများ ကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သမ္မတရုံး သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၆၅၇ ဒသမ ၅၈၂ သန်း ခွင့်ပြုခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက်လည်း ငွေကျပ် ၁၁၁၀ ဒသမ ၇၃၀ သန်း ခွင့်ပြုခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မိုးစပါးစိုက်ပျိုးရေးအတွက် မြို့နယ် ကိုးမြို့နယ်အတွင်း လယ်ဧက ၁၂၉၄၈ ဧကကို လယ်ထွန်စက်ကြီး ၁၄ စီး၊ လက်တွန်းထွန်စက် ၁၈၈ စီးတို့ဖြင့် ထွန်ယက်ပေးခဲ့ သည်။ မျိုးစပါး ၈၆၆၇ တင်း ဝယ်ယူဖြန့်ဖြူးပေးခဲ့ပြီး NGO အဖွဲ့များကလည်း မျိုးစပါး ၆၂၂၈ တင်း ထောက်ပံ့လှူဒါန်းခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနသည် ယူရီးယားဓာတ်မြေသြဇာ ၅၇၆၆ အိတ်ကို သက်ဆိုင်ရာမြို့နယ်များသို့အရောက်ဖြန့်ဖြူးပေးလျက်ရှိပြီး ဧက ၆၆၀၀ ထွန်ယက်ရေးအတွက် ထပ်မံလိုအပ်သော စက်သုံးဆီ ၁၉၀၄၄ ဂါလန်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ စာမျက်နှာ ၇ သို့ » »

